

ကျမတို့ဟာ ကျမတို့နိုင်ငံထဲမှာ အကျဉ်းသားဖြစ်နေရတယ်ဆိုတာ ကမ္ဘာက သိစေချင်တယ်။

၂၀၊ ၇၊ ၈၉

အစိုးရဆိုတာ ပြည်သူလူထုဆန္ဒနဲ့ ကိုက်ညီမယ့်၊ တိုင်းပြည်အကျိုးကို ဆောင်ရွက်ဖို့ အချိန်ကန့်သတ်စေခိုင်းထားတဲ့ သစ္စာအရှိဆုံး ပြည်သူ့ဝန်ထမ်းပဲဖြစ်ရမယ်။

၁၊ ၁၁၊ ၈၈ (အဖွဲ့ချုပ်ရုံး၊ နတ်မောက်မြို့)

ိုင်းပြည်တပြည်ကို အုပ်ချုပ်တဲ့ခေါင်းဆောင်ဟာ ပြည်သူလူထုထောက်ခံမှုနဲ့ အုပ်ချုပ်တာပဲဖြစ် မယ်။ လက်နက်အားကိုးနဲ့ အုပ်ချုပ်တယ်ဆိုတာ မဖြစ်သင့်ဘူးဆိုတာ မွေးကတည်းက ကျမကို င်ထားတဲ့၊ သိခဲ့တဲ့သင်ခန်းစာပါပဲ။

(အဖွဲ့ချုပ်ရုံး၊ အောက်လမ်းမကြီး၊ မော်လမြိုင်မြို့)

ဖေအမြဲပဲမှာခဲ့တယ်၊ ကလေးတွေကို ဘာမှမကြောက်စေနဲ့ သူတို့ကြောက်ဖို့ရာ လောကမှာနှစ် ပဲရှိတယ်။ မတရားတဲ့ကိစ္စကိုလုပ်ဖို့ကြောက်ရမယ်၊ မမှန်တဲ့ကိစ္စကိုလုပ်ဖို့ကြောက်ရမယ်။

၁၆၊ ၁၊ ၈၉ (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရုံး၊ ဝါးခယ်မ)

ကျောင်းသားလူငယ်များ နယ်စပ်ရောက်သွားရတဲ့ကိစ္စ၊ လက်နက်ကိုင်ပြီး ဒီစနစ်ကို တိုက်ခိုက်ချင်တယ် ိတဲ့ ကိစ္စများဟာ လက်ရှိအစိုးရရဲ့တာဝန်ဖြစ်ပါတယ်။ အရင်နှစ်ကဖြစ်ခဲ့တဲ့ လက်နက်ကိုင်ပြီး ပြည် ူလူထုကို၊ ဒီမိုကရေစီ လှုပ်ရှားမှုကို နှိမ်နှင်းခဲ့တဲ့ ကိစ္စများရဲ့ အကျိုးဆက်ပဲ။

၁၇၊ ၂၊ ၈၉ (အဖွဲ့ချုပ်ရုံး၊ ဖရူးဆိုး၊)


န်ကန်တဲ့ ကိုယ့်ရဲ့အခွင့်အရေး၊ ဥပဒေနဲ့ကိုက်ညီတဲ့ ကိုယ်ရဲ့အခွင့်အရေးကို ကာကွယ်တယ်ဆိုတာ ာ ဒီမိုကရေစီအတွက် လုပ်တာနဲ့အတူတူပဲ၊ တချို့ကျတော့ ကိုယ့်အခွင့်အရေးကိုတောင် ကာကွယ် ကြောက်နေကြတယ်၊ ပြောလိုက်လို့ရှိရင် ဗိုခံရမှာတဲ့၊ မပြောရင် သာခံရအုံးမယ်။

၂၁၊ ၁၊ ၉၆ (အိမ်ရှေ့ဟောပြောပွဲမှ)

ည်သူလူထုရဲ့ထောက်ခံမှုနဲ့ ပြည်သူလူထုရဲ့နှလုံးသားကို ရအောင်မယူနိုင်တဲ့သူတွေဟာ ဘယ်တော့ အမျိုးသားခေါင်းဆောင်ဖြစ်မှာမဟုတ်ပါဘူး။

၁၇၊ ၂၊ ၉၆ (အိမ်ရှေ့ဟောပြောပွဲမှ)

ဒေါ်အောင်ဆန်းစုကြည် ၏ မြန်မာပြည်ကလာတဲ့စာ



## ဒေါ်အောင်ဆန်းစုကြည်

# မြန်မာပြည်ကလာတဲ့စာ



Letters From Burma

S$ 4.90

## လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ရရှိခဲ့ပြီးသည့် ဆုတံဆိပ်များ (၁၉၉၆ ခုနှစ်၊ ဇူလိုင်လအထိ)

၁။ ၁၉၉၀ စိန့်ဟု(ချ်)ကောလိပ်ဂုဏ်ထူးဆောင်ပညာရှင်ဆု (အောက်စဖို့ဒ်တက္ကသိုလ်၊ အင်္ဂလန်)
၂။ ၁၉၉၀ တိုရို(ဖ်) ရပ်ဖတို လူ့အခွင့်ရေးဆု(နော်ဝေး)
၃။ ၁၉၉၁ လွတ်လပ်စွာတွေးခေါ်မှုဆိုင်ရာ စာခရော့(ဖ်)ဆု (ဥရောပပါလီမန်)
၄။ ၁၉၉၁ ကမ္ဘာ့ ငြိမ်းချမ်းရေးနိုဘယ်ဆု (နော်ဝေး)
၅။ ၁၉၉၁ အပြည်ပြည်ဆိုင်ရာ ကလောင်ရှင်များ ဂုဏ်ထူးဆောင်အဖွဲ့ဝင်ဆု (နော်ဝေး)
၆။ ၁၉၉၁ လူ့အခွင့်အရေးဆိုင်ရာဂုဏ်ထူးဆောင်ဆု (အမေရိက)
၇။ ၁၉၉၁ အပြည်ပြည်ဆိုင်ရာ ကလောင်ရှင်များ ဂုဏ်ထူးဆောင်အဖွဲ့ဝင်ဆု (ကနေဒါ)
၈။ ၁၉၉၂ မာရီစာဘယ်လစ်စာရီယိုဆု(အီတလီ)
၉။ ၁၉၉၂ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေပညာရှင်များအဖွဲ့ နှစ်ပတ်လည် ဆု(အမေရိက)
၁၀။ ၁၉၉၂ စီးပွါးရေးနှင့် နိုင်ငံရေးသိပ္ပံကျောင်းသမဂ္ဂ၊ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဆု (အင်္ဂလန်)
၁၁။ ၁၉၉၂ အပြည်ပြည်ဆိုင်ရာ ကလောင်ရှင်များဂုဏ်ထူးဆောင်အဖွဲ့ဝင်ဆု (အင်္ဂလန်)
၁၂။ ၁၉၉၂ လန်ဒန်တက္ကသိုလ်သမဂ္ဂ ရာသက်ပန်ဂုဏ်ထူးဆောင်ဆု (အင်္ဂလန်)
၁၃။ ၁၉၉၂ ဂုဏ်ထူးဆောင် ကျွမ်းကျင်မှုပညာရှင်ဆု (သီရိလင်္ကာ)
၁၄။ ၁၉၉၂ နိုင်ငံရေးသိပ္ပံဂုဏ်ထူးဆောင်ဆု (သမဆတ်တက္ကသိုလ်၊ ထိုင်းနိုင်ငံ)
၁၅။ ၁၉၉၂ အပြည်ပြည်ဆိုင်ရာဆီမွန်ဘိုလီဘာဆု (ယူနက်စကို၊ ကုလသမဂ္ဂ )
၁၆။ ၁၉၉၂ Prix little rarie das droits de l'Hommeဆု(ပြင်သစ်)
၁၇။ ၁၉၉၂ ယဉ်ကျေးမှုနှင့် တိုးတက်ဖြိုးမှုဆိုင်ရာ ကမ္ဘာ့ကော်မရှင်အဖွဲ့ဝင်ဆု (ယူနက်စကို၊ကုလသမဂ္ဂ)
၁၈။ ၁၉၉၂ နှင်းဆီဆု(အပြည်ပြည်ဆိုင်ရာ ဒိန်းမတ်အလုပ်သမားလှုပ်ရှားမှုအဖွဲ့၊ ၂၈၊ ၂၊ ၉၂)
၁၉။ ၁၉၉၃ အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှု ပညာရှင်များအဖွဲ့ဝင်ဆု (အမျိုးသမီးတိုးတက်ရေးအဖွဲ့၊ စပိန်)
၂၀။ ၁၉၉၃ Promio Mujer Progresietaဆု (Nouveaux Droits de l'homme ပြင်သစ်)
၂၁။ ၁၉၉၃ အပြည်ပြည်ဆိုင်ရာ ဖစ်တာရာရာလူ့အခွင့်အရေးဆု (လူ့အခွင့်အရေးနှင့် အခြေခံဥပဒေဆိုင်ရာအဖွဲ့၊ လော့စ်အိန်ဂျလိ(စ်)၊ အမေရိက)
၂၂။ ၁၉၉၃ လူ့အခွင့်အရေးဆိုင်ရာအကြံပေးအဖွဲ့ဝင်ဆု (ဟားဗတ်တက္ကသိုလ်၊ အမေရိက)
၂၃။ ၁၉၉၃ လွတ်လပ်ရေးဆု (အီတလီ)
၂၄။ ၁၉၉၃ ဥပဒေဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဆု (တိုရွန်တိုတက္ကသိုလ်၊ ကနေဒါ)
၂၅။ ၁၉၉၃ ဘရေမန်ညီညွတ်ရေးဆု (ဘရေမန်မြို့၊ ဂျာမဏီ)
၂၆။ ၁၉၉၃ လူမှုရေးဆိုင်ရာ ဥပဒေပါရဂူဆု (အောက်စဖို့ဒ်တက္ကသိုလ်၊ အင်္ဂလန်)
၂၇။ ၁၉၉၄ လွတ်လပ်သော တက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါရဂူဆု (ဘရပ်ဆဲ၊ ဘယ်လဂျီယန်၊ ၂၇၊ ၅)
၂၈။ ၁၉၉၅ အပြည်ပြည်ဆိုင်ရာနားလည်မှု "ဂျဝါဟာလာ နေရူး" ဆု (၁၉၉၃ခုနှစ်အတွက်၊ အိန္ဒိယ)
၂၉။ ၁၉၉၅ အိုင်အာစီ လွတ်လပ်ရေးဆိုင်ရာဆု (၂၁၊ ၁၁၊ ၉၅)
၃၀။ ၁၉၉၅ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (ကွင်းယူနီဗာစတီ၊ ကနေဒါ)
၃၁။ ၁၉၉၆ ဩစတြေးလျဂုဏ်ထူးဆောင်မိတ်ဆွေဆု (ဩစတြေးလျ)
၃၂။ ၁၉၉၆ W.Averell Harriman ဒီမိုကရေစီဆု(အမေရိက)
၃၃။ ၁၉၉၆ အပြည်ပြည်ဆိုင်ရာလစ်ဘရယ်ဆု (လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၊ အင်္ဂလန်)





ဒေါ်အောင်ဆန်းစုကြည်
၏

# မြန်မာပြည်ကလာတဲ့စာ [၂]

နိုဝင်ဘာလ (၂၇)ရက်နေ့

ကရင်ပြည်နယ် ဖားအံမြို့ကနေ မိုင် ၂၀ လောက်ဝေးတဲ့နေရာမှာ ရှေးမွန်လူမျိုးများ အမည်သညာပေးခဲ့တဲ့ 'စပါးစေ့တောင်' ရှိပါတယ်။ စပါးစေ့ပုံသဏ္ဍာန်နဲ့တူတဲ့ အတွက် စပါးစေ့တောင်လို့ခေါ်တာဖြစ်ပါတယ်။

အဲဒီတောင်ခြေတဝိုက်မှာ ကရင်နဲ့ပအိုဝ်တိုင်းရင်းသားတွေနေထိုင်ကြပြီး၊ တောင်ပေါ်ကသစ်ပင်တွေကိုခုတ် မီးသွေးဖုတ်လုပ်ငန်းလုပ်ကိုင်ရင်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေကြပါတယ်။ တခါတလေမှာ သူတို့တတွေဟာ ထူးဆန်းတဲ့အဖြစ်အပျက်များနဲ့ တွေ့ကြုံရတာတွေရှိတော့ သာမညတော့မဟုတ်ဘူးလို့ပြောကြပါတယ်။

၁၉၈၀ ခုနှစ်မှာ သက်တော် ၆၉ နှစ်အရွယ်ရှိ ပအိုဝ်တိုင်းရင်းသားဆရာတော် ဦးဝိနယဟာ တောင်ထိပ်မှာရှိတဲ့ ရှေးနှစ်ပေါင်းများစွာက တည်ထားတဲ့ ပျက်စီးယိုယွင်းနေတဲ့ စေတီ ၂ ဆူရှိရာကို ရောက်ရှိသွားပါတယ်။

ဆရာတော်ရဲ့စိတ်ထဲမှာ ထူးထူးခြားခြားခံစားချက်တခု ဖြစ်ပေါ်လာပြီး ဒီစေတီ ၂ ဆူကို မွမ်းမံရန်ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ နောင် ၁၅ နှစ်ကြာလာတဲ့ အခါမှာတော့ သာမန်မဟုတ်တဲ့ သာမညတောင်ဟာ မြန်မာပြည်အနှံ့မှာ နာမည်ကျော်ကြားလာပါတော့တယ်။

တန်ခိုးကြီးတဲ့နေရာ မေတ္တာတရားလက်ကိုင်ထားပြီး တရားရေအေး





တိုက်ကျွေးနေတဲ့ ဆရာတော် ဦးဝိနယကိုဖူးမျော်ဖို့ မြန်မာပြည်အနှံ့က ပြည်သူတွေအများကြီးလာကြပါတယ်။

ကျမနေအိမ်မှာ အကျယ်ချုပ်ချထားခြင်းခံရတာကနေ လွတ်ပြီးတဲ့ နောက်လွန်ခဲ့တဲ့နှစ်ပတ်က ပထမဦးဆုံးအဖြစ် ခရီးထွက်ခဲ့ပါတယ်။ ကျမတို့အဖွဲ့ ဟာ ကားသုံးစီးနဲ့ မနက် ၄ နာရီလောက်မှာ ပဲခူးမြို့ကိုသွားတဲ့လမ်းအတိုင်းထွက် လာခဲ့ပါတယ်။ သာမညတောင်ဆရာတော်ရဲ့ ဆုံးမတရားကိုနာယူဖို့အတွက် သာမညတောင်ကို ဦးတည်ထွက်လာတာဖြစ်ပါတယ်။

ပူပြင်းတဲ့ဒေသရဲ့ မနက်အရုဏ်မတက်ခင်ခရီးထွက်လာရတာ အင်မ တန် စိတ်ကြည်နူးစရာကောင်းလှပါတယ်။ ညအမှောင်မြူထုကြားထဲက နိုးထ လာတဲ့ အာရုဏ်သစ်ဝိုးတဝါးရှုခင်းနဲ့ လေနအေးတွေဟာ စိတ်ကိုလန်းဆန်းသွား စေ ခဲ့ပါတယ်။

ကျမတို့ကားဟာ ရန်ကုန်မြို့ပြင်ကိုရောက်ရှိလာပါတယ်။ ကျယ်ပြန့်တဲ့ လမ်းဘေးတလျှောက်မှာ သစ်ပင်တွေ၊ လယ်ကွင်းတွေက တမျှော်တခေါ် ကြီးပါ ပဲ။ ရေမှုန်သီးနေတဲ့ ကားပြူတင်းပေါက်ကနေတဆင့် ရွှေရောင်ထီးတော်နဲ့ ထုံး စေတီတဆူကို ပြူထွက်စနေရောင်နောက်ခံနဲ့ မြန်မာဘုရင်တဦးဖြစ်တဲ့ ဘုရင့် နောင်ထီးနန်းစိုက်ခဲ့တဲ့ တောင်ပိုင်းဒေသကဒီမြို့ဟာ ကမ္ဘာက စိတ်ဝင်စားမှုနည်း လှပါတယ်။

အခုခေတ်မှာတော့ ပဲခူးမြို့ဟာ ရှေးဘုရင်များထီးနန်းစိုက်ခဲ့တယ်ဆိုတဲ့ အရိပ်အငွေ့မရှိသလောက်ဖြစ်ပေမဲ့လည်း သပ္ပါယ်လှတဲ့ ရွှေမော်ဓောစေတီနဲ့ ကြီး မားလှတဲ့ ရွှေသာလျောင်း ရုပ်ထုတော်ကြီးကတော့ ဆွဲဆောင်မှုရှိနေတုန်းပါပဲ။

ရန်ကုန်ကနေတဖြည်းဖြည်းဝေးလာတာနဲ့အမျှ လမ်းဟာတဖြည်း ဖြည်းဆိုးလာပါတယ်။ လမ်းဆိုးတာကို ပိုပြီးလှပလာတဲ့ မြင်ကွင်းကပပျောက် စေပါတယ်။ ကျမတို့ရဲ့မျက်လုံးအစုံကို ပသာဒဖြစ်စေတဲ့ မြန်မာပြည်ရဲ့ ကျေး လက်ဒေသအလှအပတွေနဲ့ ကျမတို့ရဲ့ခန္ဓာကိုအရိုးအဆစ်တွေကို ကောင်း ကောင်းဒုက္ခပေးတဲ့ မော်တော်ကားဟာ အပြန်အလှန်အပေးအယူလုပ်နေကြ ပါတယ်။ ကုသိုလ်ကံကောင်းတယ်လို့ပဲ ပြောရမှာပဲ သာယာလှပအေးချမ်းတဲ့ မြင်ကွင်းတွေက ကျမတို့ကားပေါ်မှာကြုံတွေ့နေရတဲ့ ကြမ်းတမ်းမှုတွေကို လျော့ နည်းသွားစေပါ တယ်။

လေထဲကိုမြောက်တက်သွားလိုက် ထိုင်ခုံပေါ် ပြန်ကျလာလိုက်နဲ့ ဖြစ်





နေမှုကို ကြိုးစားပြီးထိမ်းရင်းနဲ့ ပတ်ဝန်းကျင်ရှုခင်းကို ခံစားနေရပါ တယ်။ စိမ်းစိုလှပနေတဲ့ စပါးခင်းတွေ၊ ရေကန်တွေ၊ ရေမြောင်းကလေး တွေထဲက အဖြူအပြာနီသွေး ရှုမငြီးတဲ့ ကြာပန်းတွေ၊ ပုံပြင်တွေထဲ ကသတ္တဝါတွေ စိမ်းပြာညို့ညို့အရောင်ကနေတောက်ပတဲ့ မိုးပြာရောင်ကို ပြောင်း လဲလာနေတဲ့မိုးကောင်းကင်၊ သက်ကယ်မိုးထားတဲ့ ခြေတံရှည်တဲကလေးတွေ၊ တချို့နေရာတွေမှာ ပန်းပင်တွေတွယ်တက်နေတဲ့ ဝါးခြံစည်းရိုးနောက်က တဝက် တပျက်သာမြင်ရတဲ့ မြင်ကွင်းတွေနဲ့ စုံနေပါတယ်။

ဒါပေမဲ့ ဒီလိုနေချင်စဖွယ်ကောင်းတဲ့ နေရာလေးတွေမှာ နေထိုင်နေကြ တဲ့ လူတွေဟာ အင်မတန်ဆင်းရဲ ပြည့်စုံမှုကမရှိနဲ့ ဘဝမှာသက်တောင့်သက်သာ မရှိကြပါဘူး။

မနက် ၈ နာရီလောက်မှာတော့ စစ်တောင်းတံတားကိုဖြတ်ပြီး မွန်ပြည် နယ်ထဲကိုရောက်လာပါတယ်၊ ကျိုက်ထိုနဲ့ ကျိုက်ကော်မြို့ကလေးကို ဖြတ်ကျော် လာရင်းနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဆိုင်းဘုတ်တွေကို ခေတ်မှီသစ်လွင် နေတဲ့ ရုံးခန်းကလေးတွေရဲ့ရှေ့တွေမှာ စိုက်ထူထားတာကိုတွေ့ရပါတယ်။

တောက်ပတဲ့ အနီနဲ့အဖြူတို့နဲ့ ဆေးချယ်ထားတဲ့ ဒီဆိုင်းဘုတ်တွေက ပြည်သူလူထုဟာ ဖိနှိပ်မှုတွေကို ရဲရဲရင်ဆိုင်ပြီး သူတို့ယုံကြည်တဲ့ ဒီမိုကရေစီကို ဘယ်တော့မှ အပျောက်အပျက်မခံဘူးဆိုတဲ့ သတ္တိကိုဖော်ပြနေ ပါတယ်။

မြန်မာပြည်အနှံ့က ဒီလိုစိတ်ဓါတ်မျိုးရှိတဲ့ ပြည်သူများက ကျမရဲ့နှလုံး သားကို အမြဲတက်ကြွစေပါတယ်။





ဒေါ်အောင်ဆန်းစုကြည်

၏

# မြန်မာပြည်ကလာတဲ့စာ [၂]

ဒီဇင်ဘာ (၄)ရက်နေ့

ကျမတို့ဟာ ကျောက်တောင်တွေပေါများတဲ့အရပ်ကို ဖြတ်သန်းသွားနေပါတယ်၊ မုပ္ပန်ကျောက်မိုင်းကို ဖြတ်ကျော်လာတော့ အဲဒီကျောက်မိုင်းမှာ အကျဉ်းသားတွေ အမြဲအလုပ်လုပ်နေကြတာကို မြင်ရမယ်လို့ ကျမကိုပြောပါတယ်၊ ကျမတို့ သာမညတောင် အသွားခရီးမှာတော့ အကျဉ်းသားတွေ တယောက်မှမတွေ့ခဲ့ပါဘူး၊ ဒါပေမဲ့ အပြန်ခရီးကျတော့ အဖြူဝတ်စုံနဲ့ ခြေထောက်မှာ သံခြေကျင်းအခတ်ခံထားရတဲ့ အကျဉ်းသားနှစ်ယောက်ဟာ ကျောက်တုံးတွေအပြည့်ထည့်ထားတဲ့ ခြင်းတောင်းကြီးကိုတုတ်လျှိုပြီး ရှေ့နောက်ထမ်းပြီး သွားနေတာကို တွေ့ရပါတယ်၊ သံခြေကျင်းခတ်ထားတဲ့အတွက် ခြေလှမ်းနေးနေးပဲလျှောက်လို့ရတယ်။

ကျိုက်ထိုမြို့ရဲ့အနီးမှာတော့ ကျိုက်ထီးရိုးစေတီရှိပါတယ်၊ ဉာဏ်တော် ၁၅ ပေမျှသာရှိပေမဲ့လည်း မြန်မာပြည်ရဲ့ နာမည်ကျော်တန်ခိုးကြီးတဲ့ စေတီတဆူပါပဲ၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၆၀၀ အမြင့်မှာရှိပါတယ်၊ ခပ်လျောလျောလေးဖြစ်နေတဲ့ ကျောက်တောင်စွန်းပေါ်က ဦးခေါင်းပုံသဏ္ဌာန်ကျောက်တုံးကြီးပေါ်မှာ စေတီတည်ထားခြင်းဖြစ်ပါတယ်။

ဒီကျောက်တုံးကြီးဟာ ဟန်ချက်ညီညီနှင့် ရှိနေတာဟာ အံ့သြစရာပါပဲ။ ခန္ဓာကိုယ်တောင့်တင်းတဲ့ ယောကျ်ားတဦး အားစိုက်ပြီးတွန်းလိုက်ရင် ညင်သာစွာနဲ့လှုပ်ပါ တယ်၊ ဒါပေမဲ့လည်း နှစ်ရာစုပေါင်းများစွာ ဟန်ချက်ညီညီနဲ့ ရှိနေတာကတော့ တော်တော့်ကို ထူးဆန်းအံ့သြဘို့ ကောင်းပါတယ်။





စစ်တောင်းတံတားကို လွန်တဲ့နေရာကစပြီး သထုံမြို့အထိ လမ်းတလျှောက်မှာတော့ ကြက်ပေါင်စေး စိုက်ခင်းတွေအများကြီးပါပဲ။ ကျယ်ပြန့်စွာပေါက်ရောက်နေတဲ့ ကြက်ပေါင်စေးပင်တောထဲမှာ ခပ်သော့သော့ကလေး လေတိုက်နေပါတယ်။ ကျမတို့ငယ်ငယ်တုန်းက ကျောင်းမှာသင်ရတဲ့ စာထဲမှာ ကြက်ပေါင်စေးဟာ မြန်မာပြည်ရဲ့ အဓိက နိုင်ငံခြားပို့ကုန်ထဲမှာ တခုအပါအဝင်ဖြစ်တယ်လို့ ပါပါတယ်။

ဒါပေမဲ့လည်း လွန်ခဲ့တဲ့ ဆယ်စုနှစ်အနည်းငယ်လောက်ကစပြီး ကြက်ပေါင်စေးလုပ်ငန်းဟာ တဖြည်းဖြည်းကျဆင်းလာပြီး အခုအခါမှာတော့ ကြက်ပေါင်စေးဟာ ကျမတို့မြန်မာပြည်ရဲ့အရေးပါတဲ့ သဘာဝပိုင်ဆိုင်မှုထဲမှာ မပါဝင်တော့ပါဘူး။

တခါတုန်းက သထုံမြို့ဟာ မွန်ဘုရင်များရဲ့ ထီးနန်းစိုက်ရာမြို့တော်ဖြစ်ခဲ့သလို ဗုဒ္ဓဘာသာထွန်းကားရာ အချက်အချာဒေသလည်း ဖြစ်ခဲ့ပါတယ်။ သထုံမြို့မှာ နန်းစိုက်တဲ့ ဘုရင်မနူဟာမင်းဟာ မိတ်ဆွေရန်သူမခွဲခြားပဲ လေးလေးစားစားနဲ့ ဆက်ဆံအုပ်ချုပ်ခဲ့ပါတယ်။ မြန်မာဘုရင်အနော်ရထာနဲ့ တိုက်တဲ့စစ်ပွဲမှာ ရှုံးနိမ့်သွားပြီး ပုဂံ ကိုဖမ်းဆီးခေါ်ဆောင်သွားတာ ခံရပါတယ်။ စစ်ရှုံးသွားတဲ့ မနူဟာမင်းရဲ့ ဘုန်းတန်ခိုး ကျော်စောမှုဟာ လျော့နည်းပပျောက်သွားခြင်းမရှိပါဘူး။ မနူဟာမင်းဟာ အနော်ရထာကို စစ်ရှုံးသွားပေမဲ့လည်း မြန်မာရာဇဝင်ထဲမှာ သူ့ရဲ့ကျော်စောမှုတွေကို အတိ အလင်းဖော်ပြထားပါတယ်။

စစ်ရှုံးနိမ့်သွားတဲ့ မနူဟာမင်းက အနော်ရထာမင်းကို ဦးညွှတ်အရိုအသေ ပြုတဲ့အခါတိုင်း အနော်ရထာမင်းဟာ ထိတ်လန့်ကြောက်ရွံ့တုန်လှုပ်စွာနဲ့ မျက်နှာဖြူ ဖတ်ဖြူ လျော်ဖြစ်သွားကြောင်းကို ရာဇဝင်ထဲမှာ ဖော်ပြထားပါတယ်။ နောက်ဆုံးမှာ အနော်ရထာမင်းဟာ မနူဟာမင်းကို လျို့ဝှက်နည်းများ သုံးပြီး အနိုင်ယူလိုက်ကြောင်း ကိုလည်း ရာဇဝင်ထဲမှာပါရှိပါတယ်။

ဖြစ်လေရာဘဝဆက်တိုင်းမှာ မည်သူတဦးတယောက်၏ အနိုင်ယူမှုကိုမျှမခံပါရစေနဲ့လို့ဆုတောင်းပြီး အဖမ်းခံမနူဟာမင်း တည်ခဲ့တဲ့ မနူဟာဘုရားဟာ ပုဂံမှာ ဒီကနေ့အထိ တည်ရှိနေပါသေးတယ်၊ မနူဟာမင်းရဲ့ဘဝဟာ ဘယ်လောက်သနားစရာ ကောင်းတယ်ဆိုတာကို ဖော်ပြထားခြင်းဟာ မြန်မာ့






သမိုင်းရဲ့ လေးစားစရာ အစိတ်အပိုင်းတခုဖြစ်ပြီး မြင့်မြတ်တဲ့ရန်သူတဦးအပေါ် လူမျိုးရေးခွဲခြားခြင်းမရှိတဲ့အပြင် သူ့ရဲ့အရည်အချင်းတွေကိုပါ ပေါ်လွင်စေ ပါတယ်။

သထုံကနေ ကျမတို့တတွေဟာ အရှေ့ဘက်စူးစူးကို ခရီးဆက်လာပါတယ်။ မနက် ၈ နာရီလောက်မှာ ကျမတို့တတွေဟာ ကရင်ပြည်နယ်ထဲကို စတင်ဝင်ရောက်လာပါတယ်။ ကရင်ပြည်နယ်ရဲ့မြို့တော် ဖားအံဟာ သံလွင်မြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ ရှိပါတယ်။ ကျမတို့တတွေ သံလွင်မြစ်ကို ကားတင်တဲ့ကူးတို့နဲ့ ဖြတ်ကူးကြ ပါတယ်။ ဖါးအံမြို့ဟာ အတော်အသင့်ကျယ်ဝန်းတဲ့မြို့ဖြစ်ပြီး အေးချမ်းတိတ်ဆိတ်ကာ သာယာလှပတဲ့ ကျေးလက်သဘာဝနဲ့ ဘဝကိုပေါ်လွင်စေပါတယ်။ သာမညတောင်ကအပြန်မှာ ကရင်ပြည်နယ် N.L.D အဖွဲ့ဝင်တွေနဲ့ တွေ့ဖို့စီစဉ်ထား ပြီးဖြစ်တဲ့အတွက် ကျမတို့ဟာ ဖါးအံမှာမရပ်နားတော့ပဲ ခရီးဆက်ထွက်ခဲ့ပါတယ်။

ဖါးအံမြို့ရဲ့ပါတ်ဝန်းကျင်ဟာ မပြုမပြင်ရသေးတဲ့ သဘာဝအလှအရိုင်းသက်သက်နဲ့ ရှိနေပါတယ်။ မြေပြင်ကနေထိုးထွက်နေတဲ့ တောင်မားမားမတ်မတ်ကြီးတွေဟာ ဒီနေရာပါတ်ဝန်းကျင်မှာ အထင်ကရဖြစ်နေ ပါတယ်။

တချို့တောင်တွေမှာ လိုဏ်ဂူတွေရှိနေပြီး အဲဒီလိုဏ်ဂူတွေထဲမှာ ရှေးဟောင်းမွန်စာများ၊ ရုပ်ပုံများ၊ စေတီများကို တွေ့မြင်နိုင်ပါတယ်။ မနုဟာဘုရင်ရဲ့ မိဖုရားဖြစ်သူဟာ သူ့ရဲ့လင်ယောက်ျား စစ်ရှုံးနိမ့်ပြီးတဲ့နောက် ဒီနေရာကိုထွက်ပြေးခိုလှုံခဲ့ပါတယ်။ အဲဒီနောက် မိဖုရားဖြစ်သူဟာ ပိုမိုလုံခြုံစိတ်ချရတဲ့ စပါးစေ့တောင်ခြေရင်း ကို ပြောင်းရွှေ့လာပြီး တောင်ထိပ်မှာရှိတဲ့ စေတီနှစ်ဆူကိုတည်ထားကိုးကွယ်ခဲ့ပါတယ်။

ကျမတို့တတွေရဲ့စိတ်ထဲမှာ သာမညတောင်နဲ့ ပိုပြီးနီးကပ်လာလေ တိတ်ဆိတ်မှုကပိုလာလေပဲလို့ ထင်လာပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ နီးပါးလောက်က ဒီနေရာတပိုက်ဟာ စစ်မြေပြင်ဖြစ်ခဲ့တယ်ဆိုတာကို စိတ်ထဲမှန်းကြည့်ဖို့ကတော်တော် ခက်ပါတယ်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးတဲ့နောက် မကြာပါဘူး အစိုးရစစ်တပ်တွေနဲ့ ကရင်သောင်းကျန်းသူတွေကြား တိုက်ပွဲဖြစ်ပွား ခဲ့ပါတယ်။ ထူးဆန်းအံ့သြဖွယ်ရာတွေ၊ ကြမ်းတမ်းမှုတွေရှိတဲ့ ဒီဒေသမှာ ထာဝရငြိမ်း ချမ်းရေးကို ဖော်ဆောင်ပေးမဲ့ နိုင်ငံရေးတည်ငြိမ်မှုကို အကောင်အထည်မဖေါ်နိုင်သေးပါဘူး။





သာမညတောင်ဆရာတော်ဟာ သက်သတ်လွတ်ဘုန်းပေးသူဖြစ်ပြီး သာမညတောင်ပါတ်ဝန်းကျင်ဒေသမှာလည်း သက်သတ်လွတ်ဖြစ်တဲ့ ဟင်းသီးဟင်းရွက်များကို စားသုံးကြပါတယ်။ သာမညတောင်ကိုသွားမည့် သူတိုင်း မသွား ခင်တရက်အလိုထဲက သက်သတ်လွတ်စားကြတာဟာ ဓလေ့ထုံးစံတခုလိုဖြစ်နေပါတယ်။ ကျမတို့တတွေလည်း ဟင်းသီးဟင်းရွက်တွေစားခဲ့ကြပေမဲ့ အားအင်အပြည့်နဲ့ ကျန်းမာနေသလိုခံစားရပါတယ်။ ဒီလို စားသောက်ခဲ့တဲ့အတွက် စိတ်ထဲမှာကျေနပ်မှုအပြည့်အ ဝရနေခြင်းဟာ ကျမတို့ရဲ့ ခရီးစဉ်ဆုံးခါနီးအထိ ခံစားနေရတုန်းပါပဲ။ တိတ်ဆိတ်မှုနဲ့ စိတ်လက်ပေါ့ပါးမှု၊ သက်တောင့်သက်သာရှိမှုက ကျမတို့ရဲ့ စိတ်သဏ္ဍာန်ကို ပိုပြီးထူး ခြားမှုတခုလုပ်လိုက်သလို ရုတ်တရက်ခံစားလိုက်ရပါတယ်။

လမ်းဟာသိပ်မကြမ်းတော့ပါဘူး၊ ကျမတို့ရဲ့ကားဟာလည်း သိပ်ခုန်ပေါက်မနေတော့ပါဘူး။ ကျမတို့ တတွေလည်း စကောထဲထည့်လှိမ့်ခံရတဲ့ ဇီးဖြူသီးလိုမဟုတ်တော့ပါဘူး။ ကျမတို့တတွေ သာမညတောင်ရဲ့ နယ်နိမိတ်ထဲရောက်ရှိပြီးဆိုတဲ့ အမှတ်အသားမှတ်ဦးကို ဖြတ်ကျော်ဝင်ရောက်တဲ့အချိန်ကစပြီး သတိထားမိတာတခုက လမ်းဟာပိုကောင်းလာပြီး ပိုမိုချောမွေ့ကာ ဖဲကြိုးနက်တခုသွယ်တန်းထားသလိုပါပဲ။ ကျမတို့ဖြတ်သန်းခဲ့တဲ့လမ်းနဲ့ အခုရောက်နေတဲ့လမ်းတို့ရဲ့ကွာခြားမှုကိုတော့ ကောင်းကောင်းသတိမပြုဘဲ နေလို့မရပါဘူး။ အနီးအနားပတ်ဝန်းကျင်မှာရှိတဲ့ ရွာသူရွာသားတွေသွားလာရေး အဆင်ပြေချောမွေ့စေဖို့ ဆရာတော်ကိုယ်တိုင်ဖေါက်လုပ်ခဲ့ပြီး ပြုပြင်ထိန်းသိမ်းမှုတွေလုပ်ခဲ့ပါတယ်။ အခုတွေ့ရတဲ့လမ်းကတော့ ရန်ကုန်ကအမြန်လမ်းဆိုတာတွေနဲ့ တခြားစီပါပဲ။





ဒေါ်အောင်ဆန်းစုကြည်
၏

# မြန်မာပြည်ကလာတဲ့စာ [၃]

ဒီဇင်ဘာ (၁၀)ရက်နေ့

ကျမတို့တတွေ သာမညတောင် ဇရိယာထဲဝင်တော့ ၁၂ နာရီထိုးနေပါပြီ၊ ၃ မိုင်ပတ်လည်လောက်ရှိတဲ့ ဒီတောင်တဝိုက်ကို ဆရာတော်က ဖခင်သဖွယ် ထိန်းသိမ်းစောင့်ရှောက်နေပါတယ်။

ပြင်ပလေကတော့ နွေးနွေးထွေးထွေးရှိနေတုန်းပါပဲ၊ ရဟန်းတွေ၊ သီလရှင်တွေ လမ်းပေါ်မှာအလုပ်လုပ်နေကြတာကို တွေ့ရပါတယ်။

ပြောင်နေတဲ့ဦးခေါင်းတွေပေါ်မှာ သင်္ကန်းကိုယ်စီနဲ့ အုပ်ထားတာကို တွေ့ရပါတယ်၊ နေပူဒဏ်သက်သာရာရဖို့ ထင်ပါရဲ့။ သူတို့တတွေ့ရဲ့ မျက်နှာဝိုင်းဝိုင်းလေးတွေပေါ်မှာ ပျော်ရွှင်မှုကို တွေ့မြင်ရပါတယ်။ ပုံစံတူတဲ့ကလေးတွေ၊ စိမ်းလန်းစိုပြေနေတဲ့ သစ်ပင်လေးတွေနဲ့ ရောယှက်ပြီး လှပချစ်စဖွယ်ကောင်းတဲ့ ဘန်ကလိုလေးတွေကို ဖြတ်ကျော်ရင်း ဈေးတန်းအဆုံးမှာတော့ သာမညတောင်ခြေ ရင်းကို ရောက်ပါတော့တယ်။

တောင်ခြေရင်းမှာအဆောက်အဦအတော်အသင့်ရှိပြီး ကားတွေလည်း အတော်ရှိပါတယ်။ ကျမတို့ရောက်တဲ့အချိန်မှာ လူသိပ်မများပါဘူး။ သိတင်းကျွတ် ပြီးတဲ့အချိန်ဆိုရင်တော့ ဆရာတော်ကို ဖူးမျှော်ကြည်ညိုဖို့လာကြတဲ့ မြန်မာပြည်အနှံ့က ထောင်ပေါင်းများစွာသော ပြည်သူတွေနဲ့ ပြည့်ကျပ်နေမှာဖြစ်ပါတယ်။





ဆရာတော်ဟောကြားတဲ့တရားကို အေးအေးဆေးဆေးနဲ့ အာရုံအပြည့်ထားကာ နာယူနိုင်ဖို့ ကျမတို့တတွေ သေသေချာချာရွေးချယ်ပြီး ဒီလိုဧည့်ပရိသတ်မများတဲ့အချိန်ကို လာခဲ့တာဖြစ်ပါတယ်။

ဒါတင်မကပါဘူး၊ ဆယ်စုနှစ်ပေါင်းများစွာ စစ်ပွဲတွေဖြစ်ခဲ့ပြီး အေးချမ်းမှုမရှိတဲ့နယ်မြေနားမှာ တည်ထောင်ထားတဲ့ ငြိမ်းချမ်းတဲ့နေရာလေးရဲ့ ပတ်ဝန်းကျင်က ထူးထူးခြားခြားဆွဲဆောင်မှုတွေကြောင့် လာခဲ့ခြင်းလည်းဖြစ်ပါတယ်။

ဆရာတော်ဟာ တောင်ခြေကကျောင်းမှာရော တောင်ထိပ်နားမှာရှိတဲ့ ကျောင်းမှာရောနှစ်နေရာစလုံးမှာ သတင်းသုံးပါတယ်။ တောင်ခြေမှာဧည့်ပရိသတ်များကို တရားဟောတဲ့ခန်းမကြီးမှာ ဆရာတော်ဟာ ကျမတို့ကို လက်ခံတွေ့ဆုံပါတယ်။

ဆရာတော်ဟာအရပ်ရှည်ပြီး ခန္ဓာကိုယ်ပြည့်ပြည့်ဖြိုးဖြိုးရှိတယ်လို့ ကျမသတိထားမိပါတယ်။ အဲဒီနောက် ကျမမျက်လုံးတွေဟာ ဆရာတော်ရဲ့ ဓါတ်ပုံဆီရောက်သွားပါတယ်။ ဓါတ်ပုံထဲမှာတော့ အပြင်မှာလောက် ခန္ဓာကိုယ် ပြည့်ပြည့်ဖြိုးဖြိုးနဲ့မရှိဘူးဆိုတာ ကျမစိတ်ထဲမှာ မှတ်မှတ်ရရလေးဖြစ်သွားပါတယ်။

အမှန်မှာတော့ ဆရာတော်ဟာ ဒီခန္ဓာကိုယ် ပြည့်ပြည့်ဖြိုးဖြိုးနဲ့ တောင့်တောင့်တင်းတင်းရှိတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ သတ္တဝါအားလုံးကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ အင်အားတွေသူ့ဆီမှာ ပိုင်ဆိုင်ထားတဲ့အတွက် မူလရုပ်သွင်ထက် ပိုပြီးကြီးမားနေပုံရပါတယ်။

ကျမတို့မြန်မာတွေ အမြဲပြောပြောနေတာရှိပါတယ်။ 'သစ်တပင်ကောင်း ငှက်တသောင်းနားနိုင်' ဆိုသလိုပါပဲ။ ဆရာတော်ဟာကြီးမားတောင့်တင်းသန်စွမ်းပြီး အကိုင်း၊ အခက်၊ အလက်၊ အရွက် ဝေဝေဆာဆာနဲ့ အသီးအပြည့်သီးညွတ်နေတဲ့ သစ်ပင်ကြီးနဲ့တူပြီး သူ့ရဲ့အရိပ်အာဝါသအောက်မှာရှိတဲ့ သူမှန်သမျှကို အေးမြတဲ့အရိပ်နဲ့ ချိုမြိန်ပြီးအရသာရှိလှတဲ့ သစ်သီးကိုပေးနေသလိုနဲ့ တူနေပါတယ်။

လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကျော်လောက်ကဆိုရင် ဒီတောင်ပေါ်နဲ့တောင်ခြေပတ်ဝန်းကျင်မှာ နေထိုင်သီတင်းသုံးတဲ့ ရဟန်းသံဃာများ မရှိသလောက်ဖြစ်ခဲ့ပေမဲ့ အခုအခါမှာတော့ သံဃာအပါး ၄၀၀ ကျော်နဲ့ သီလရှင်အပါး ၂၀၀ ကနေ ၄၀၀ အတွင်းတို့ဟာ ဆရာတော်ရဲ့စောင့်ရှောက်မှုအောက်မှာ သီတင်းသုံးနေ



ကြပါတယ်။

ဒါတင်မကပါဘူး၊ သာမညတောင်ကို လာကြတဲ့သူတိုင်းကို အရသာရှိလှတဲ့ သက်သတ်လွတ် ထမင်းနဲ့ ဟင်းကိုလည်း အလှူဒါနအဖြစ် ကျွေးမွေးပါသေးတယ်။ အနီးပါတ်ဝန်းကျင်မှာနေထိုင်ကြတဲ့ ရွာသားတော်တော်များများဟာ နေ့စဉ်လာပြီး ဧည့်ပရိသတ်တွေစားဖို့သောက်ဖို့အတွက် ချက်ပြုတ်ပေးပါတယ်။

ဆရာတော်ဟာ သူ့ရဲ့များပြားလှတဲ့ ဧည့်ပရိသတ်ကြီးရဲ့ ကျန်းမာရေးကို ရှေ့ရှုပြီး ဟင်းချက်ရာမှာ မြေပဲဆီကိုပဲ အသုံးပြုစေပါတယ်။

ကြီးမားတဲ့အမိုးအောက်မှာ လူအယောက်နှစ်ဆယ်လောက်ဟာ မီးဖိုအကြီးကြီးနဲ့ ထမင်းချက်နေတာတွေ့ရပါတယ်။ မီးဖိုထဲမှာတော့ မိုးဗြဲဒယ်ကြီးထဲ မှာ ဆူရုံကလေးဆူနေတဲ့ဟင်းဟာ စားချင်စဖွယ်ပါပဲ။ ဟင်းချက်တဲ့အခါ မွှေတဲ့သစ်သားယောက်မကြီးဟာ လှေလှော်တက်လောက်ကြီးပါတယ်။ မီးဖိုချောင်နဲ့မနီးမဝေးမှာတော့ လူတချို့ဟာ အသားအစားပိန်းဥကို ချက်ပြုတ်ဖို့လုပ်နေပါတယ်။

သာမညမှာ သက်သတ်လွတ်စားတဲ့လူဖြစ်ဖို့က မခက်ပါဘူး၊ အစားအစာများကို ပေါပေါများများနဲ့ ဂရုတစိုက်ချက်ကြပါတယ်။ စားရသမျှအားလုံးဟာ အရသာရှိပါတယ်။ ကျမတို့ရောက်တဲ့နေ့မှာ ထမင်း ၂ နပ် စားရပါတယ်။ တနပ်က ကျမတို့အတွက် သပ်သပ်ချက်ကျွေးပြီး နောက်တနပ်က ဧည့်ပရိသတ်တွေစားတဲ့ ထမင်းစားခန်းမှာပဲ စားကြပါတယ်။ လူအများကြီးကိုကျွေးရတော့ ဟင်းအမယ်နည်းပေမဲ့ အရသာကတော့ ကျမတို့ ပထမတနပ်စားရတဲ့ အရသာထက်မနိမ့်ပါဘူး။

သာမညမှာ ဧည့်ပရိသတ်အတွက် အစားအသောက်ဟာ အခက်အခဲဘာမှမရှိဘူးဆိုတာ တွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ သာမညမှာ အစားအသောက်က အဓိကမကျပါဘူး၊ ဆရာတော်ရဲ့တရားကိုနာယူဖို့က အဓိကပါပဲ။ ကျမတို့ ဆရာတော်ကို ဝတ်ပြုပြီးတော့ ဆရာတော်က ကျမကိုပထမဦးဆုံးမေးတဲ့ မေးခွန်းက ကျမချမ်းသာချင်လို့ ဆရာတော်ဆီကို လာတာလားဆိုတာဖြစ်ပါတယ်။

ကျမက 'မဟုတ်ပါဘူး၊ တပည့်တော်မ ချမ်းသာဖို့ကို စိတ်မဝင်စားပါဘူး' လို့ပြန်ဖြေလိုက်ပါတယ်။ ဆရာတော်က အကြီးမားဆုံးသောချမ်းသာရတနာဆိုတာနိဗ္ဗာန်ကို ရဖို့ပဲဖြစ်ပါတယ်လို့ ရှင်းပြသွားပါတယ်။ ဆရာတော်ရဲ့





မေးခွန်းဟာ ရုပ်ဝတ္ထုချမ်းသာဖို့မေးတယ်လို့ယူဆလိုက်တဲ့ ကျမရဲ့အတွေးဟာ ဒီနေရာမှာ အတွေ့အကြုံနည်းသေးတယ်ဆိုတာကို ပြနေပါတယ်။ ဆရာတော်ဟာ ဗုဒ္ဓဘာသာရဲ့ အခြေခံစည်းမျဉ်းတွေကို ပုံတိုပတ်စများနဲ့ ဥပမာပေးပြီး ညွှန်ကြားပြသခဲ့ပါ တယ်။

ဆရာတော်ဟာ သာမညကနေ တခြားနေရာတွေကို ကြွခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့မေတ္တာဓါတ်၊ အသိဉာဏ် ပညာကြွယ်ဝမှု၊ ကျော်စောမှုတို့ဟာ မြန်မာပြည်အနှံ့ပြန့်နေပါတယ်။

ဆရာတော်ဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ အဖိုးတန်အစဉ်အလာတွေကို ထိန်းသိမ်းနိုင်ဖို့အတွက် ခေတ်မီတဲ့နည်းလမ်းများနဲ့ပေါင်းစပ်ပြီး သူ့ရဲ့စောင့်ရှောက်မှုကို ခံယူဖို့လာကြတဲ့ လူတွေအကျိုးအတွက် လုပ်ဆောင်နေပါတယ်။

သာမညမှာ အသုံးဝင်တဲ့ကားကောင်းကောင်းတွေရှိပါတယ်။ ဆရာတော်ရဲ့ လက်ထောက်ရဟန်းပျိုတွေဟာ ဒီကားတွေနဲ့ သာမညတောင်ပတ်ဝန်းကျင်ကိုလှည့်လည်ပြီး လမ်းဖေါက်ပြုပြင်တဲ့ လုပ်ငန်းတွေကို စစ်ဆေးပါတယ်။

ဆရာတော်ကိုယ်တိုင်လည်း နေ့တိုင်းကားနဲ့လှည့်ပြီး အလုပ်လုပ်နေတဲ့ သူတွေကို အားပေးပြီး ကွမ်း၊ ဆေးပေါ့လိပ် စတာတွေကို ပေးကမ်းလှူဒါန်းပါတယ်။

ဆရာတော်ရဲ့ ပြုံးရွှင်နေတဲ့ မျက်နှာနဲ့ မေတ္တာစေတနာတွေက အလုပ်သမားတွေအတွက်ပိုပြီး ကြိုးစားလုပ်ကိုင်လာစေပါတယ်။ သာမညတောင်တပိုက်မှာ ဆရာတော်ဘယ်ကိုပဲကြွကြွ ဆရာတော်ကို ဖူးတွေ့လိုက်ရသူမှန်သမျှဟာ လမ်းဘေးမှာ ဒူးထောက်ပြီး ဝတ်ပြုကြပါတယ်။

သူတို့တတွေရဲ့မျက်နှာတွေဟာ ကြည်လင်ဝင်းလက်တောက်ပသွားပြီး ပျော်ရွှင်မှုတွေအပြည့်နဲ့ပါပဲ။ ဆရာတော်ရဲ့ ကားလာတာတွေ့တာနဲ့ ဆုမွန်ပေးသနားမှုကိုခံယူဖို့ လွတ်သွားမှာစိုးတဲ့အတွက် ကြီးကြီးငယ်ငယ်အရွယ်မရွေးအားလုံး ပြေးထွက်လာကြပါတယ်။





ဒေါ်အောင်ဆန်းစုကြည်

၏

# မြန်မာပြည်ကလာတဲ့စာ [၄]

ဒီဇင်ဘာ (၁၈)ရက်နေ့

ဆရာတော်ဟာ မနက် ၄ နာရီမှာ အရုဏ်ဆွမ်းဘုဉ်းပေးတဲ့အတွက် ကျမတို့ဟာ အရုဏ်ဆွမ်းကပ်မှီဖို့အတွက် ၃ နာရီကတည်းက အိပ်ရာထကြပါတယ်။

မနေ့ကအလာခရီးမှာ လမ်းကလည်းမကောင်း ကားကလည်းမကောင်းဆိုတော့ တကိုယ်လုံးနာကျင်နေမှာပဲလို့ အားလုံးကထင်ထားကြပါတယ်၊ ဒါပေမဲ့ ကောင်းကောင်းကြီးကို အိပ်ပျော်သွားကြတာ နိုးလာတော့ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာ လုံးဝမရှိပါဘူး။

လမ်းပေါ်ထွက်လိုက်တော့ အပြင်မှာမှောင်နေတုန်းပါပဲ။ မနက်အရုဏ်မတက်ခင် အပြင်ထွက်တာဟာ ၁၉၈၈ ခုနှစ် ဆောင်းဦးပေါက် မြန်မာပြည်အနှံ့ စည်းရုံးရေးခရီးထွက်တုန်းကရယ်၊ အိမ်မှာ အကျဉ်းချထားခံရတုန်းကရယ် ကျမအမြဲလုပ်နေတဲ့ အလုပ်ဖြစ်ပါတယ်။

မိုးကုတ်စက်ဝိုင်းရဲ့ ဟိုဘက်ကထွက်ပေါ်လာမဲ့ နေ့သစ်အလင်းရောင်ရဲ့ လှုပ်နိုးမှုကိုစောင့်မျှော်နေတဲ့ အိပ်မောကျနေတဲ့ ကမ္ဘာကြီးရဲ့စွမ်းပ ကားတွေကြောင့် ကျမဟာ ကိုယ့်ရဲ့လှုပ်ရှားမှုတွေကို ဘယ်တုန်းကမှမရပ်နားခဲ့ ပါဘူး။

ဆရာတော်ဟာ မနေ့ညက တောင်ပေါ်ကကျောင်းကလေးပေါ်မှာ သီတင်းသုံးပါတယ်။ ကျမတို့ ကျောင်းပေါ်ရောက်သွားတော့ ဆရာတော်ဟာ သူ့အိပ်ခန်းကျဉ်းကျဉ်းကလေးက ထွက်လာပါတယ်။ ဆရာတော်ရဲ့ မျက်နှာဟာ ကြည်လင်နေပြီး မျက်လုံးအစုံကလည်း တောက်ပနေပါတယ်။

ဆရာတော်က နွေးထွေးတဲ့အပြုံးနဲ့အတူ ဩကာသလောကကြီးကို ပျော်ရွှင်ကြည်နူးစွာနဲ့ ချစ်ခင်ကြင်နာစွာနဲ့ ကြည့်တတ်ဖို့အရေးကြီးကြောင်း ပြောပြပါတယ်။

ဆရာတော်ကို မနက်အရုဏ်ဆွမ်းကပ်ပြီး ကျမတို့ တောင်ထိပ်က စေတီနှစ်ဆူမှာ မီးပူဇော်ကြပါတယ်။ စေတီရဲ့ရင်ပြင်ပေါ်မှာ လူတချို့ဟာ တည်လုံးဘုရားဝတ်ပြု၊ ပုတီးစိပ်၊ တရားထိုင်နေကြပါတယ်။

ဖယောင်းတိုင်မီးအလင်းရောင်ရဲ့လှုပမှုကို လျှပ်စစ်မီးအလှက လိုက်လို့မမှီပါဘူး။ ဖယောင်းတိုင် အဖြူလေး အတိုင် ၅၀ အပေါ်မှာ ယိမ်းနွဲ့လှုပ်ရှားဆော့ ကစားနေတဲ့ မီးတောက်လေးတွေကို ကြည့်ရတာစိတ်ထဲမှာ အင်မတန်ကို ကျေနပ် ချမ်းမြေ့စရာကောင်းပါတယ်။

ဒါတင်မကသေးပါဘူး၊ မပီပိုးတဝါးဖြစ်နေသေးတဲ့ မနက်စောစောအချိန်အခါမှာ ဒီဖယောင်းတိုင်လေးတွေက တောက်ပတဲ့အလင်းရောင်ကို ဖန်တီးနေပါတယ်။ တနေ့တာအလုပ်စဖို့အတွက် မနက်စောစောအလင်းရောင်က လက္ခဏာပြနေပါပြီ။

ကျမဟာ သာမညတောင်နားက ကျောင်းနှစ်ကျောင်းကိုကြည့်ဖို့ စိတ်ဝင်စားကြောင်းကို ပြောပြခဲ့ပါတယ်။ မနက်စာစားပြီးချိန်လောက်မှာ ကျမတို့တတွေ သတင်းတခုကြောင့် အလွန်အံ့အားသင့်သွားပါတယ်။ အကြောင်းကတော့ ဆရာတော်ကိုယ်တိုင် ကျမတို့ကိုခေါ်သွားပြီး ဒီကျောင်းလေးတွေကို သွားကြည့်မယ်ဆိုလို့ပဲ ဖြစ်ပါတယ်။

ဆရာတော်က ပညာရေးရဲ့အရေးကြီးမှုကို ကောင်းစွာသိရှိပြီး၊ သာမညတောင်ဇရိယာအပြင်ဘက်က ကျောင်းသားလေးတွေအတွက် ကျောင်းကားနဲ့ အ ကြိုအပို့လုပ်ပေးပါတယ်။ ပထမဦးဆုံး ကျမတို့ ဝဲကရင်ရွာက အလယ်တန်းကျောင်းကိုသွားကြပါတယ်။ ခြေတံရှည်တိုင်လုံးကြီးတွေနဲ့ သစ်သားကျောင်း အဆောက်အဦအကြီးကြီးဖြစ်ပြီး အဲဒီကျောင်းအောက်မှာ ကျောင်းသားတွေအားလုံးစုပြီးတော့ ဆရာတော်ကို ဦးညွှတ်ရှိခိုးကြပါတယ်။ ဆရာတော်





က ကျောင်းသားတိုင်းကို ပဲကြီးလှော်ပေးပါတယ်။

ကျောင်းသားပေါင်း ၃၇၅ ယောက်ကို ဆရာဆရာမ ၁၃ ဦးက သင်ကြားမှု အထောက်အကူပစ္စည်းမပြည့်မစုံနှင့် စာသင်ပေးနေရပါတယ်။ အဲဒီကျောင်းက ကျောင်းအုပ်ဟာ လူငယ်တယောက်ဖြစ်ပြီးတော့ ရည်ရည်မွန်မွန်နဲ့ပဲ လုပ်ကိုင်ညွှန်ကြားစရာများကို ဆောင်ရွက်နေပါတယ်။ သူက အခြေခံလိုအပ်ချက်ပစ္စည်းတွေ မလုံလောက်မှု အထူးသဖြင့် ကျောင်းသုံးပြဌာန်းစာအုပ်တွေ မလောက်ငမှုကို ပြောပြပါတယ်။

ဒါပေမဲ့လည်းသူ့မှာ စိတ်ပျက်အားလျော့မှုကို လုံးဝမတွေ့ရသလောက်ပါပဲ၊ ဟုတ်ပါတယ်၊ ဝဲကရင် အလယ်တန်းကျောင်းရဲ့ အခြေအနေဟာ မြန်မာတပြည်လုံးမှာရှိတဲ့ တခြားကျောင်းတွေနဲ့ မခြားပါဘူး၊ အတူတူပါပဲ။ ဒါပေမဲ့ ဆရာတွေရဲ့စိတ်စေတနာ၊ ပျော်ရွှင်ချမ်းမြေ့နေတဲ့ မိသားစုတွေရဲ့အခြေအနေတွေကြောင့် ဒီကျောင်းဟာ သက်ဝင်လှုပ်ရှားနေတယ်လို့ ထင်ရပါတယ်။

မူလတန်းကျောင်းဟာ သာယာကုန်းရွာမှာရှိပြီး အဲဒီကျောင်းကို ကျမတို့ အသွားလမ်းမှာတွေ့တဲ့ ကလေးတွေကို ကားပေါ်ခေါ်တင်သွားကြပါတယ်။ ကလေးတွေဟာ ပျော်ရွှင်နေတဲ့သူတို့ရဲ့ မျက်နှာကလေးတွေကို တည်တည်လေးဖြစ်အောင် မနဲချုပ်တည်းထားရင်းနဲ့ လက်ထဲမှာ လွယ်အိတ်နဲ့ ထမင်းဘူးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားကာ၊ ကားပေါ်မှာငြိမ်ငြိမ်ကလေး လိုက်ပါလာပါတယ်။

ကျောင်းကိုလည်းရောက်ရော ကလေးတွေဟာ ကားပေါ်မှနေပျော်ရွှင်စွာနဲ့ ခုန်ချပြီး ကျောင်းထဲကို သွားကြပါတယ်။ ကျမတို့လည်း သူတို့နောက်ကပဲ အပေါ်ကပန်းရုံကလေးတွေနဲ့ ချစ်စဖွယ်လှပနေတဲ့ လမ်းကလေးအတိုင်း လျှောက်လာပါတယ်။

ကျောင်းကလေးဟာ ရှည်ရှည်မျောမျောနဲ့ ဘန်ကလိုနိမ့်နိမ့်ကလေးပုံထွက်နေပါတယ်။ တပည့် ၂၃၀ ကို ဆရာ ၃ ယောက်နဲ့ တာဝန်ယူသင်ကြားပေးနေပါတယ်။ ဝဲကရင်မှာလိုပဲ ဆရာတော်ဟာ ပဲကြီးလှော်ဝေပါတယ်။ ဆရာတော်က ဒီကျောင်းနှစ်ခုလုံးကို အုတ်ကျောင်းဖြစ်ဖို့စီစဉ်ထားကြောင်း ပြောပြနေချိန်မှာ ကျောင်းသားလေးတွေဟာ ငြိမ်ငြိမ်ဆိမ်ဆိမ်နဲ့ ပဲကြီးလှော်ကို အားရပါးရဝါးနေကြပါတယ်။ ကျမတို့တတွေလည်း လိုအပ်တဲ့သင်ကြားရေး အထောက်အကူ ပစ္စည်း တွေထောက်ပံ့ပေးဖို့နည်းလမ်းတွေ ဆွေးနွေးခဲ့ကြပါတယ်။



အချိန်ဟာအကုန်မြန်လှပါတယ်၊ ကျမတို့တတွေ သာမညတောင်ကနေ ပြန်ထွက်ပါတော့မယ်၊ ဆရာတော်က သာမညတောင်ဇရိယာက ပြန်အထွက် လမ်းတဝက်အထိ ကျမတို့နဲ့အတူ ပါလာပါတယ်။ ဆရာတော်ပြန်မလှည့်မီ ကျမတို့တတွေ ဆရာတော်ရဲ့ကားဘေးမှာရပ်ပြီး ဆရာတော်ရဲ့တဦးချင်းကို ဆုပေး တာခံယူပါတယ်။

ဖားအံကိုပြန်လာတဲ့လမ်းတလျှောက်မှာတော့ ကျမခေါင်းထဲမှာ အတွေးတွေတပုံကြီးပါပဲ။ (ကျမတို့ဟာ အလာတုန်းကစီးလာတဲ့ ပါဂျဲရိုကားနဲ့ မဟုတ်တော့ပါဘူး။ ပါဂျဲရိုက ခန္ဓာကိုယ်ကြီးတဲ့ ကျမတို့အဖွဲ့ဝင်တွေကိုတင်ပြီး ရွှေဆုံးကနေကြိုပြီးသွားနှင့်နေပါပြီ) ရန်ကုန်မှအလာတုန်းကတွေ့တဲ့ စနစ်တကျနဲ့ ဂရုတစိုက်ဖောက်လုပ်ထားခြင်းမရှိတဲ့အပြင် ပြုပြင်ထိန်းသိမ်းမှုကောင်းကောင်းမလုပ်တဲ့ မိုင်ပေါင်းများစွာသောလမ်းတွေနဲ့ သာမညတောင်က ချောမွတ်ပြေပြစ်တဲ့ လမ်းတွေကတော့ ဘယ်လိုမှနှိုင်းယှဉ်လို့ မရပါဘူး။

ဒါဟာ ဘာကိုဖော်ပြသလဲဆိုရင် ဘယ်စီမံကိန်းပဲဖြစ်ဖြစ်၊ စီမံချက်ပဲဖြစ်ဖြစ် အဲဒီစီမံကိန်းတွေ စီမံချက်တွေနဲ့ သက်ဆိုင်နေတဲ့သူတွေရဲ့ အားတက်သရောပူးပေါင်းပါဝင်မှုမရဘဲနဲ့ အကောင်အထည်ဖော်နိုင်မှာ မဟုတ်ပါဘူး။ ပြည်သူလူထုကို ကြင်ကြင်နာနာနဲ့ ဂရုတစိုက်ဆက်ဆံမယ်၊ ပြည်သူလူထုကလည်း သူတို့ရဲ့စိုက် ထုတ်ပါဝင်မှုတွေဟာ အများအတွက် အမှန်တကယ်အကျိုးရှိမယ်လို့ ယုံကြည်ရင် သူတို့တတွေဟာ ငွေအားလူအားပါ လိုလိုလားလားဝမ်းမြောက်ဝမ်းသာနဲ့ ထည့်ဝင်ကြမှာဖြစ်ပါတယ်။


ဆရာတော်ရဲ့ လုပ်ဆောင်ချက်တွေဟာ သူကိုယုံကြည်လေးစားသူများရဲ့ လှူဒါန်းမှုကြောင့် အောင်မြင်ခြင်း ဖြစ်ပါတယ်။ ဆရာတော်ကို လှူဒါန်းလိုက်တဲ့ အရာမှန်သမျှကို ဆရာတော်ဟာ အများအကျိုးအတွက် အသုံးပြုမယ်ဆိုတာကို အလှူရှင်များက သံသယလုံးဝကင်းပါတယ်။ ဒီလိုအများအကျိုးအတွက် လုပ်ဆောင်တဲ့ စိတ်ဓါတ်မျိုးဟာ မြန်မာပြည်အနှံ့ပြန့်နေမယ်ဆိုရင် ဘယ်လောက်ကောင်း လိုက်မလဲလို့လည်း စဉ်းစားမိပါတယ်။

နိုင်ငံရေးမှာ မေတ္တာ သစ္စာနဲ့ပတ်သက်ပြီး အသင့်တော်ဆုံးစကားဟာ ဘာလဲဆိုတာကို တချို့တတွေကမေးကြပါတယ်၊ နိုင်ငံရေးဆိုတာ ပြည် သူတွေရဲ့ အရေးကိစ္စဖြစ်ပါတယ်၊ အတင်းအဓမ္မခိုင်းစေလှုပ်ရှားစေတာထက် သာမညတောင်မှာ ကျမတို့တွေ့ခဲ့ရတဲ့ ချစ်ခင်ကြင်နာမှု၊ မှန် ကန်မှုက ပြည်သူလူထုကို



စိတ်ရောကိုပါအားတက်သရောနဲ့ ပိုမိုလုပ်ကိုင်လှုပ်ရှားစေနိုင်တယ်ဆို တာ သက်သေပြနေပါ တယ်။





ဒေါ်အောင်ဆန်းစုကြည်
၏

# မြန်မာပြည်ကလာတဲ့စာ [၅]

ဒီဇင်ဘာ (၂၅)ရက်နေ့

ကျမတို့မြန်မာနိုင်ငံမှာ တန်ဆောင်မုန်းလဆုတ် (၁၀)ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ထားပါတယ်။ ၁၉၂၀ခုနှစ် ရန်ကုန်တက္ကသိုလ် အက်ဥပဒေဟာ အခွင့်ထူးခံလူတန်းစားများကိုသာ အဆင့်မြင့်ပညာရေးကို လေ့ လာသင်ယူနိုင်ခွင့်ရှိတဲ့အတွက် အဲဒီဥပဒေကို သပိတ်မှောက်တဲ့ နှစ်ပတ်လည်နေ့ ဖြစ်ပါတယ်။

တက္ကသိုလ်ကျောင်းသားများက စတင်လိုက်တဲ့ ဒီသပိတ်ဟာ မြန်မာ ပြည်အနှံ့ပြန့်သွားပြီး ထောက်ခံမှုအပြည့်အဝရရှိခဲ့ပါတယ်။ ဒါကြောင့် ဒီသပိတ် ကြီးကို မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုကြီးရဲ့ ပထမဆုံးခြေလှမ်း ဖြစ်တယ်လို့ ပြောစမှတ်ပြု ကြပါတယ်။

နိုင်ငံရေးနဲ့ အတွေးအခေါ်လွတ်လပ်ခွင့်ဟာ ခွဲခြားလို့မရဘူးဆိုတာ ရယ် ကျောင်းသားတွေဟာ မြန်မာ့နိုင်ငံရေးမှာ အဓိကအခန်းကပါဝင်နေတယ်ဆို တာကို ဒီအမျိုးသားနေ့က ကောင်းကောင်းသက်သေပြနေပါတယ်။ ဒီနှစ်မှာ တော့ ၇၅ နှစ်မြောက် အမျိုးသားနေ့ဟာ နိုဝင်ဘာလ ၁၆ ရက်နေ့မှာ ကျရောက် ပါတယ်။ နိုင်ငံရေးသမားဟောင်းကြီးတွေ၊ ထင်ရှားကျော်ကြားတဲ့ စာပေပညာ ရှင်ကြီးတွေကဦးဆောင်ပြီး အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကျင်း ပရေးအဖွဲ့ ဖွဲ့ခဲ့ပါတယ်။





တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေ၊ ကျမတို့ရဲ့ ငွေကြေးအခြေအနေပေါ် မူတည်ပြီး ကျင်းပသင့်တယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ အစီအစဉ် ကတော့ ရိုးရိုးကလေးပါပဲ။ မိန့်ခွန်းပြောမှာရယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကပြုလုပ်တဲ့ စာစီစာကုံးပြိုင်ပွဲမှာ ဆုရတဲ့သူတွေကို ဆုချီးမြှင့်ဖို့ရယ်၊ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလတုန်းက ပေါ်ပေါက်ခဲ့တဲ့သီချင်းတွေကို တီးမှုတ်သီဆိုဖို့ ရယ်ပါပဲ။ နောက်ထပ်တခုကတော့ ဟိုခေတ်ကထုတ်ဝေခဲ့တဲ့ စာအုပ်တွေ၊ မဂ္ဂဇင်းတွေနဲ့ ဓါတ်ပုံတွေခင်းကျင်းပြသတဲ့ ပြပွဲငယ်လေးကိုလည်း ပြုလုပ်ခဲ့ပါတယ်။

အချိန်အခါမဟုတ်ရွာတဲ့မိုးဟာ ၁၆ ရက်နေ့ မတိုင်မီရက်အတော်ကြာကတည်းကရွာနေလိုက်တာ အမျိုးသားနေ့ကျင်းပမဲ့ ၁၆ ရက်နေ့ မနက်လည်း ကျရော ရာသီဥတုသာယာပြီး ခြောက်သွေ့နေတော့တာပါပဲ။ ဧည့်သည်တွေအတော်များများဟာ ပင်နီအင်္ကျီတွေဝတ်ပြီး လာကြပါတယ်။ အိန္ဒိယပြည်က ခဒ္ဒီ Khaddi လိုပါပဲ။ မြန်မာပြည်က ပင်နီဟာ လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလတလျောက်လုံးမျိုးချစ်စိတ်ရှိကြောင်း ပြည်တွင်းဖြစ်ကို အားပေးကြောင်းဆိုတာကို ပြသနေတဲ့ သင်္ကေတတခု ဖြစ်ခဲ့ပါတယ်။

ပင်နီဟာ ၁၉၈၈ ခုနှစ်ကစပြီး ဒီမိုကရေစီလှုပ်ရှားမှုရဲ့ သင်္ကေတဖြစ်ပါတယ်။ ပင်နီတိုက်ပုံ၊ လယ်ကတုံး ရှပ်အဖြူနဲ့ ကချင်လုံချည်ဟာ ဒီမိုကရေစီလှုပ်ရှားနေတဲ့ အမျိုးသားများရဲ့ တရားဝင်သတ်မှတ်ထားတဲ့ ဝတ်စုံဖြစ်ပါတယ်။ ဒီမိုကရေစီရေးလှုပ်ရှားနေတဲ့ အမျိုးသမီးတွေကျတော့ ပင်နီအင်္ကျီနဲ့ ပြည်တွင်းဖြစ် လက်ရက်လုံချည်များနဲ့ ဖြစ်လာပါတော့တယ်။

၁၉၈၉ ခုနှစ် ကချင်ပြည်နယ်ကို စည်းရုံးရေးခရီးထွက်တုန်းက လက်နက်ကိုင်သောင်းကျန်းသူများလှုပ်ရှားနေတဲ့ နေရာဖြစ်တဲ့အတွက် လုံခြုံစိတ်ချရမှု မရှိဘူးဆိုတဲ့ ဒေသကိုရောက်ခဲ့ပါတယ်။ အဲဒီမှာပင်နီတိုက်ပုံနဲ့ လက်မှာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တံဆိပ်ပါ လက်ပတ်အနီပါတ်ထားတဲ့ အမျိုးသားတွေလမ်းတလျှောက်မှာတန်းစီစောင့်ပြီး အစောင့်တာဝန်ကိုယူကြပါတယ်။ သူတို့ရဲ့လက်ထဲမှာ လက်နက်ဆိုတာလုံးဝကိုင်မထားပါဘူး။ ဒါဟာ တကယ့်ကိုဂုဏ်ယူစရာ၊ ပျော်ရွှင်ဝမ်းမြောက်စရာမြင်ကွင်းတခုပါပဲ။

၇၅ နှစ်မြောက် အမျိုးသားနေ့မြင်ကွင်းကလည်း အဲဒီလိုဂုဏ်ယူစရာ၊ ပျော်ရွှင်ဝမ်းမြောက်စရာမြင်ကွင်းဖြစ်ပါတယ်။ ဧည့်သည်တွေအားလုံးဟာ ပင်နီ





မဝတ်ထားကြပေမဲ့ သစ်လွင်တောက်ပတဲ့ အဝတ်အစားတွေနဲ့ဆိုတော့ မျက်စိထဲမှာ ပသာဒဖြစ်ယုံမကဘူး၊ ဟာဒယနှလုံးသားထဲမှာပါ ကြည်နူးမှုဖြစ်စေပါတယ်။ ငယ်ရွယ်သူများကတော့ လူကြီးတွေ ဘာတွေပြောဆိုလုပ်ကိုင်မလဲဆိုတာကို ငြိမ်ငြိမ်ပြီးတော့အားတက်သရောနဲ့ ကြည့်ရှုနေကြပါတယ်။

လူကြီးတွေကတော့ ငယ်မူငယ်သွေးပြန်ပြီးပေါ်လာပုံရပါတယ်။ ၁၉၃၀ ခုနှစ်တုန်းက သူ့ရဲ့အရောင်အဆင်းမရှိတော့တဲ့ ရှပ်အင်္ကျီ၊ ဟောင်းနွမ်းနေတဲ့ ဘောင်းဘီ၊ မိုးတွင်းစီးရာဘာဘွတ်ဖိနပ်နဲ့ ဦးထုပ်မာခေါက်ခေါက်ကြီးကို ဆောင်းပြီးတော့ တမြို့လုံးအနှံ့သွားလာတဲ့ နာမည်ကျော်ကျောင်းသား နိုင်ငံရေးသမားကြီးဟာ ရုတ်တရက်ပြောင်းလဲသွားပြီး မြန်မာအမျိုးသားဝတ်စုံကို ဝတ်ဆင်ထားတော့ တကယ့်ကို သပ်သပ်ရပ်ရပ်ခန့်ခန့်ညားညား လူကြီးလူကောင်း တယောက်ပုံစံဟာ ထင်ရှားစွာပေါ်လွင်နေပါတယ်။ သူ့ကိုသိတဲ့သူအားလုံးကတော့ ရုတ်တရက်ခန့်ခန့်ညား ညားဖြစ်နေတဲ့ သူ့ရဲ့ပုံကိုကြည့်ပြီး အံ့အားသင့်နေကြပါတယ်။ ကျမတို့ရဲ့ မှတ်တမ်းတင် ဓါတ်ပုံဆရာကတော့ ဒီလိုထူးခြားတဲ့ မြင်ကွင်းကို အပြေးအလွှားမှတ်တမ်းတင်နေလေရဲ့။

အဖြူရောင်နဖူးစီးပေါ်မှာ အစိမ်းရောင် 'ကဒေါင်း'ပုံကို ချိတ်ထားတဲ့ မဏ္ဍပ်ကြီးထဲမှာတော့ ထောင်ဂဏန်းလောက်ရှိတဲ့ ဧည့်သည်တွေဟာ ပြည့်နေပါတယ်။ မဏ္ဍပ်ထဲက စင်မြင့်ရဲ့နောက်ခံမှာတော့ အဖြူရောင်အဝိုင်းပြားကြီးပေါ်မှာ 'ကဒေါင်း'ပုံအကြီးကြီးကို ချိတ်ဆွဲထားပါတယ်။ ဒီဒေါင်းရုပ်ဟာ မြန်မာပြည်သူလူထုကို နိုင်ငံရေးအသိအမြင်ဦးစွာနိုးဆွပေးခဲ့တဲ့ ကျောင်းသားတွေရဲ့ သင်္ကေတပါပဲ။ အမျိုးသားရေးလှုပ်ရှားမှုရဲ့ အမြင့်ဆုံးအောင်ပွဲဖြစ်တဲ့ လွတ်လပ်ရေးရဲ့ သင်္ကေတပါပဲ။


တီးဝိုင်းအဖွဲ့ဟာ နည်းနည်းနောက်ကြပြီးမှ ရောက်လာပါတယ်။ ကျမတို့ရဲ့ပွဲမှာ ပါဝင်ဖျော်ဖြေမှုမလုပ်နိုင်အောင်အနှောက်အယှက်အတားအဆီးတွေ ရှိလို့ပါပဲ၊ ဒါပေမဲ့ သူတို့ရဲ့စိတ်ဓါတ်ကိုတော့ တားလို့မရပါဘူး။ အစိုးရက ကျင်းပတဲ့ အခမ်းအနားပြီးတဲ့အထိနေပြီး ခေတ်ဟောင်းက အမျိုးသားရေးသီချင်းကို ဖျော်ဖြေတီးမှုတ် သီဆိုခဲ့ကြပါတယ်။ ဒီအမျိုးသားသီချင်းတွေထဲမှာတော့ နဂါးနီသီချင်းဟာ မြန်မာပြည်သူလူထုကို နိုင်ငံရေး၊ စီးပွားရေး၊ သမိုင်းနှင့် စာပေရေးရာတို့မှာ မျက်စိဖွင့်ပေးဖို့ လူငယ်နိုင်ငံရေးသမားတစုက ၁၉၃၇ ခုနှစ်မှာ တည်ထောင်ခဲ့တဲ့ စာဖတ်အသင်းပဲဖြစ်ပါတယ်။





အဲဒီအသင်းရဲ့အမည်ဟာ မျိုးချစ်စိတ်ရှိမှုကို အနီးစပ်ဆုံးဖော်ပြတဲ့ အမည်ဖြစ်လာပါတယ်။ နဂါးနီသီချင်းဟာလည်း နဂါးအနီကြီးရဲ့ စွမ်းအားကြောင့် တပြည်လုံးသာယာဝပြောလာတယ်လို့ ဆိုတဲ့အဓိပ္ပါယ်နဲ့ ရေးဖွဲ့သီကုံးထားတာဖြစ်ပါတယ်။

နဂါးနီသီချင်းကို အသံကောင်းတဲ့လူငယ်တဦးက သီဆိုပြီး သံပြိုင်အပိုဒ်ရောက်တဲ့အခါကျတော့ ကျမ တို့တတွေအားလုံးဝိုင်းပြီး ဆိုကြပါတယ်။ တချို့တွေကတော့ စင်ပေါ်တက်ပြီး မြန်မာအကတက်ကကြပါတယ်။ ကျမတို့ရဲ့ အမျိုးသားရေးလှုပ်ရှားမှုက မပြီးဆုံးသေးပါဘူး၊ နဂါးနီကပေးထားတဲ့ သာယာဝပြောရေးဆိုတဲ့ ကတိကို ရဖို့ဆက်လက်ကြိုးပမ်းရပါအုံးမယ်။ ဒေါင်းရဲ့ အောင်ပွဲခံ အကကဖို့ အချိန်မရောက်သေးပါဘူး။





## ✍ဒေါ်အောင်ဆန်းစုကြည်၏

# မြန်မာပြည်ကလာတဲ့စာ [၆]

လှောင်ချိုင့်အတွင်းက ငှက်ကလေးများ

ဒီဇင်ဘာ (၃၁)ရက်နေ့

လူထုဦးလှရေးတဲ့ နာမည်ကျော်စာအုပ်တအုပ်ရှိပါတယ်။ နှလုံးသားကြေကွဲခဲ့ရတဲ့ ထောင်ကျလူငယ်ကလေးများရဲ့ ဘဝကံကြမ္မာအကြောင်းကို ရေးထားတာပါ။ စာအုပ်အမည်က 'လှောင်ချိုင့်အတွင်းမှ ငှက်ကလေးများ' ဖြစ်ပါတယ်။

(လူထုဦးလှရဲ့ စာအုပ်အမည်ကို အတိအကျမသိတဲ့အတွက် အင်္ဂလိပ်ဘာသာမှ ဘာသာပြန်ထားတဲ့နေရာမှာ စာအုပ်အမည်ကွဲလွဲမှုရှိပါက ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်ခင်ဗျား။ ဘာသာပြန်သူ)

လွန်ခဲ့တဲ့ ၇ နှစ်အတွင်းက ငယ်ရွယ်သေးတဲ့သူများစွာဟာ ဒီမိုကရေစီလှုပ်ရှားမှုမှာ ပါဝင်ခဲ့တာကြောင့် ထောင်သွင်းအကျဉ်းချခံကြရပါတယ်။ ကျမဒီကနေ့ရေးချင်တဲ့အကြောင်းအရာက သူတို့လေးတွေအကြောင်း မဟုတ်ပါဘူး။ မိခင် သော်လည်းကောင်း၊ ဖခင်သော်လည်းကောင်း၊ မိဘနှစ်ဦးစလုံးသော်လည်းကောင်း နိုင်ငံရေးယုံကြည်ချက်ကြောင့် ထောင်ချခံထားရတဲ့သူများရဲ့ ပြင်ပမှာကျန်ရစ်နေတဲ့ သားသမီးလူငယ်လေးများအကြောင်းကို ရေးချင်တာဖြစ်ပါတယ်။

ကျမနေအိမ်မှာ အကျယ်ချုပ်ချခံထားရတဲ့ ကာလတလျှောက်လုံး





ကျမရဲ့ မိသားစုဟာ လွတ်လပ်တဲ့လူ အသိုင်းအဝိုင်းမှာ နေထိုင်နေကြပြီး၊ စီးပွားရေးအရလည်းလုံခြုံမှုရှိတဲ့အပြင် စစ်ဆေးမေးမြန်းမှုဆိုတာလည်း လုံးဝမရှိပါဘူး။ ကျမရဲ့ လုပ်ဖော်ကိုင်ဘက်များ အကျဉ်းချခံရတဲ့အခါ ဒီလိုအခြေအနေမျိုးမဟုတ်ပါဘူး။ သူတို့တတွေဟာ သူတို့ရဲ့ မိသားစုတွေတော်တော်ကို ဆိုးရွားတဲ့အခြေအနေတွေမှာ ရောက်ရှိနေမယ်၊ အန္တရာယ်အပြည့်အဝကျရောက်နိုင်မဲ့ စစ်ဆေးမေးမြန်းမှုခံရမယ်၊ အိမ်ကိုရှာဖွေမွှေနှောက်တာခံရမယ်၊ အမျိုးမျိုးသော အနှောက်အယှက်တွေတွေ့ကြုံရမယ်။ နေ့စဉ်ဘဝမှာ ဝင်ရောက်စွက်ဖက်တာခံရမယ်ဆိုတာ ကောင်းစွာသိကြပါတယ်။ အထူး သဖြင့် ငယ်ရွယ်တဲ့ ကလေးသူငယ် တွေရှိတဲ့ အကျဉ်းသားတွေဆိုရင် ပိုပြီးအခက်အခဲတွေ့ရပါတယ်။

မြန်မာပြည်မှာ နိုင်ငံတော်လုံခြုံမှုကို အန္တရာယ်ဖြစ်စေမဲ့သူမှန်သမျှဟာ အဖမ်းခံရနိုင်ပြီး တရားရုံးတင် စစ်ဆေးခြင်းမပြုပဲ ၃ နှစ်အထိအများဆုံးချုပ်ထားနိုင်တယ်လို့ ဥပဒေထဲမှာ ပြဋ္ဌာန်းထားပါတယ်။ တရားစွဲဆိုမခံရဘဲ အကျဉ်းချခံနေရသူဟာ မိသားစုနဲ့တွေ့ဆုံခွင့်မရှိပါဘူး။ ဒီမိုကရေစီရေးမှာ ပါဝင်လှုပ်ရှားမှုကြောင့် နိုင်ငံရေးသမားများစွာဟာ တရားရုံးတင်စစ်ဆေးခြင်းမရှိဘဲ ၂ နှစ်ကျော်ကြာ ထောင်ကျခြင်းခံကြရပါတယ်။

ဒီ ၂ နှစ်ကျော်ကာလအတွင်းမှာ သူ့ရဲ့ မိသားစုနဲ့တွေ့ဆုံခွင့်လုံးဝမရပါဘူး။ တရားစွဲဆိုခံရပြီး ပြစ်ဒဏ်ကျခံရတဲ့သူတွေဟာ မိသားစုနဲ့ထောင်ဝင်စာတွေ့ ခွင့်ရပါတယ်။ ဒီလိုတွေ့ခွင့်ရတယ်ဆိုတာကလည်း နှစ်ပတ်မှတခါဖြစ်ပြီး တခါတွေ့ခွင့်ရရင် ၁၅ မိနစ်ပဲ တွေ့ခွင့်ရပါတယ်။ ၂ နှစ်ဆိုတာဟာ ငယ်ရွယ်သေးတဲ့ ကလေးတွေရဲ့ ဘဝမှာရှည်လျားလှပါတယ်။ ၂ နှစ်ဆိုတာဟာ ငယ်ရွယ်သေးတဲ့ ကလေးတွေအတွက် သူတို့မမြင်မတွေ့ရတဲ့ မိဘတွေကို မေ့လျော့သွားနိုင်ပါတယ်။ ၂ နှစ်ဆိုတာဟာ အရွယ်ရောက်တော့မဲ့ ယောက်ျားလေး၊ မိန်းကလေးတွေအတွက် ရှည်လျားလှပါတယ်။ ၂ နှစ်ဆိုတာဟာ ထိန်းသိမ်းစောင့်ရှောက်မဲ့သူမရှိတဲ့ ငယ်ရွယ်သူလေးတွေအတွက် ဒုက္ခမျိုးစုံပေးနိုင်တဲ့ လူတယောက်အဖြစ်ကို ရောက်ရှိသွားစေနိုင်ပါတယ်။

နှစ်ပတ်မှာ တခါ ၁၅ မိနစ်တွေ့ဆုံရမှုဟာ ကလေးငယ်တယောက်အတွက် သူ့ကိုကာကွယ်စောင့်ရှောက်ပေးနေတဲ့ ဆုံးမသွန်သင်ပေးနေတဲ့ မိဘနှစ်ပါးထဲက တယောက်ယောက်မရှိလို့ သက်ရောက်နေတဲ့ဆိုးကျိုးတွေကို ကွယ်





ပျောက်ပြောင်းလဲသွားစေအောင် လုံလောက်တဲ့အချိန်မဟုတ်ပါဘူး။ နိုင်ငံရေး အကျဉ်းသားတယောက်ဟာ ၂ နှစ်ကျော်ကြာ မိသားစုနဲ့ ခွဲခွာနေရပြီး ပထမဦးဆုံးအကြိမ်ပြန်လည်တွေ့ဆုံတုန်းက အခုဆယ်ကျော်သက်အရွယ်ရောက်နေတဲ့ သားငယ်ကိုမမှတ်မိ ဖြစ်ခဲ့ပါတယ်။ ကျမလည်း ဒီလိုအဖြစ်မျိုးကြုံခဲ့ရပါတယ်။ ၂ နှစ်နဲ့ ၇ လကြာ ခွဲခွာရပြီးတဲ့နောက် ပထမဆုံးအကြိမ်ပြန်တွေ့ရတဲ့ ကျမရဲ့သားငယ်လေးဟာ ၁၂ နှစ်အရွယ်က ပြောင်းလဲသွားပြီး စတိုင်ကျကျနဲ့ လူကြီးတယောက်လိုဖြစ်နေပါပြီ။ တကယ်လို့သာ သူ့ကို ကျမအပြင်သွားရင်းနဲ့ လမ်းမှာတွေ့ရင် သူဟာကျမရဲ့ သားငယ်လေးဆိုတာကို သိမှာမဟုတ်ပါဘူး။

နိုင်ငံရေးအကျဉ်းသားတွေဟာ သူတို့ရဲ့မိသားစုတွေနဲ့ စကားပြောရုံသာ ပြောခွင့်ရပြီး သံဇကာကွက်တထပ်၊ နန်းကြိုးလေးတွေနဲ့ ဇကာကွက်တထပ် နှစ်ထပ် ကာရံထားတဲ့အတွက် တဦးနဲ့တဦးထိတွေ့လို့မရပါဘူး။ နိုင်ငံရေး အကျဉ်းသားတယာက်ရဲ့ ကလေးတယာက်ဟာ သံဇကာကွက်ကလေးကို လက်ညှိုးနဲ့ထိုး အပေါက်ချဲ့ပြီး ဖခင်ဖြစ်သူကို ထိတွေ့ဖို့ကြိုးစားခဲ့ပါတယ်။ အဲဒီအပေါက်လေးဟာ အလွယ်တကူမြင်ရလောက်အောင်ကျယ်လာတဲ့ အခါမှာ ထောင်အာဏာပိုင်တွေ က သံနန်းကြိုးတွေပြန်ပြီး ပိတ်ရက်လိုက်ကြပါတယ်။ ကလေးတွေဟာ ဒီလိုအပေါက်လေးတွေချဲ့ပြီး သူတို့ရဲ့ ဖခင်ကိုထိတွေ့ဖို့ ကြိုးစားကြပြန်ပါတယ်။

မြန်မာပြည်မှာ နိုင်ငံရေးအရ ထိန်းသိမ်းခံရတဲ့ အမျိုးသမီးဟာ ကျမတယောက်တည်းမဟုတ်ပါဘူး။ အထိန်းသိမ်းခံခဲ့ရတဲ့ အမျိုးသမီးတွေ နိုင်ငံရေးယုံကြည်ချက်ကြောင့် အကျဉ်းကျနေတဲ့အမျိုးသမီးတွေ အများကြီးရှိနေပါတယ်။ တချို့အမျိုးသမီးတွေမှာ ငယ်ရွယ်တဲ့ကလေးတွေရှိပါတယ်။ သူတို့ရဲ့ ဖခင်တွေဟာ အမေအတွက်စိုးရိမ်ပူပန်စိတ်ကြောင့် နာမကျန်းဖြစ်နေတာတွေ အိမ်ထောင်ထိန်း သိမ်းမှုမှာ အကျွမ်းတဝင်မဖြစ်တာတွေကို ဒီကလေးတွေဟာ သူတို့ဖာသာသူတို့ သိလာကြပါတယ်။

ဘာတွေဖြစ်နေသလဲဆိုတာ သိနားလည်တဲ့အရွယ်မဟုတ်သေးတဲ့ ကလေးတွေကလွဲပြီး ကျန်ကလေးအများစုဟာ အမျိုးမျိုးသောဖိအားပေးမှုတွေကို ခံစားကြရပါတယ်။ တချို့ကလေးတွေကျတော့ ကျောင်းမှာသူတို့ရဲ့ အတန်းအဖော်တွေက မပေါင်းသင်းဘဲရှောင်ခွာနေတာ ခံကြရပါတယ်။ ဆရာဆရာမ




တွေ ကိုယ်တိုင်ကဆက်ဆံပုံမှာ တခြားကလေးတွေနဲ့မတူဘဲ ဆက်ဆံပုံကွာခြားတာတွေ့ရ ပါတယ်။ အကျဉ်းကျနေသူဟာ အမျိုးသမီးဖြစ်ပြီး ဒီလိုအဖြစ်အပျက်မျိုးကိုသာကြားသိရပါက အလွန်တုန်လှုပ်ချောက်ချားမှာသေချာပါတယ်။ အချို့ကလေးတွေကျတော့ ငယ်ရွယ်လွန်းတဲ့အတွက် အကျဉ်းထောင်ထဲကိုသွားခွင့်မပြုပါဘူး။ အကျဉ်းထောင်ရဲ့အတွေ့အကြုံတွေက ဒီကလေးငယ်တွေရဲ့စိတ်ထဲ စွဲမြဲသွားပြီး စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေ ဖြစ်စေနိုင်လို့ပါပဲ။

သူတို့ကလေးတွေဟာ နှစ်ကြာရှည်စွာ မိခင်နဲ့ဝေးကွာပြီး အဆက်အသွယ်အဖြတ်ခံရသလိုဖြစ်နေပါတယ်။ တချို့ကလေးတွေကျတော့ သူတို့ရဲ့မိခင်အမှန်တကယ် သက်ရှိထင်ရှားရှိနေသေးကြောင်းသိဖို့ အကျဉ်းထောင်ထဲသွားပြီး မိခင်ဖြစ်သူကိုတွေ့ဆုံတဲ့အခါမှာ သူတို့မိခင်ဟာ ကျန်းမာရေးချို့တဲ့နေပြီး ထောင်ဝတ်စုံအဖြူ ဝတ်ဆင်ထားတာတွေ့ရတော့ပိုပြီး စိတ်ထိခိုက်ရပါတယ်။

မိဘတွေထောင်ကနေလွတ်လာလို့ ဒီလိုအဖြစ်အပျက်တွေပြီး သွားပြီလို့ မှတ်ယူလို့ မရသေးပါဘူး။ ကလေးတွေဟာ သူတို့ရဲ့ဖခင် ဒါမှမဟုတ် မိခင်ဖြစ်သူဟာ နောက်ထပ်တခေါက်သူတို့နဲ့ထပ်ပြီး ခွဲခွာကာအကျဉ်းထောင်ထဲသွားနေရမှာကို အလွန်ပင်စိုးရိမ်ကြပါတယ်။

သူတို့တွေဟာ မိဘဖြစ်သူ လှောင်ချိုင့်ထဲအထည့်ခံရလို့ လှောင်ချိုင့်ရဲ့အပြင်မှာ အကူအညီမဲ့စွာနဲ့ တောင်ပံတဖျတ်ဖျတ်ခတ်နေတဲ့ ငှက်ငယ်ကလေးတွေလို ဖြစ်နေတယ်ဆိုတာ သိကြပါတယ်။ သူတို့ဟာ လွန်လပ်စွာတွေးခေါ်မြော်မြင်နိုင်ခွင့်၊ လွတ်လပ်စွာနိုင်ငံရေးလုပ်ဆောင်နိုင်ခွင့်ကို ဥပဒေက အာမမခံနိုင်တဲ့ကာလပတ်လုံး သူတို့မိသားစုဘဝမှာ ဘယ်နည်းနဲ့မှ လုံခြုံမှုမရှိဘူးဆိုတာ သိကြပါတယ်။





ဒေါ်အောင်ဆန်းစုကြည်
၏

# မြန်မာပြည်ကလာတဲ့စာ [၇]

လွှမ်းစရာမနက်စာ

ဇန်နဝါရီ (၈)ရက်နေ့

ဒီကနေ့ မြန်မာပြည်မှာ လူတွေစကားစမြီ ပြောကြပြီဆိုရင် အများဆုံးပြောတဲ့အကြောင်းအရာကတော့ ကုန်ဈေးနှုန်းအကြောင်းပါပဲ။ လူစုမိပြီးတိုင်းရေးပြည်ရေးအကြောင်း ဆွေးနွေးကြတဲ့အခါ ဒီကနေ့ကုန်ဈေးနှုန်းနဲ့ ၁၉၉၀ ခုနှစ်မတိုင်ခင်က ကုန်ဈေးနှုန်းတွေအကြောင်း နှိုင်းယှဉ်ပြီးပြောကြတဲ့ဘက်ကိုရောက်သွားကြပါတယ်။

ဒီလိုနှိုင်းယှဉ်မိတဲ့အခါ ဒီကနေ့ဈေးနှုန်းတွေထက် သက်သာတဲ့အတွက် မယုံကြည်လောက်အောင်ဖြစ်နေရပုံ၊ မကျေမနပ်ဖြစ်ကာ ဒေါသထွက်နေပုံများပြည်သူတွေဆီမှာ ပေါ်လာပါတော့တယ်။ ဘာမှပူပင်ကြောင့်ကြစရာမလိုတဲ့ အရေအတွက် အင်အားနည်းပါးလှတဲ့ အလွန်ချမ်းသာနေတဲ့လူတွေကလွဲပြီး ကုန်ဈေးနှုန်းအကြောင်းမပြောတဲ့သူမရှိပါဘူး။

ကိုယ့်မိသားစုဝင်ငွေနဲ့ မိသားစုနေ့စဉ်လိုအပ်ချက်တွေအတွက် သုံးစွဲရမဲ့ငွေကြေးကို အမြဲတမ်းတွက်ချက်နေရတဲ့ အိမ်ရှင်မရဲ့အဆိုးဆုံးရန်သူကတော့ ကုန်ဈေးနှုန်းပါပဲ။ ဈေးတခါသွားပြီဆိုရင် ဈေးဝယ်ထွက်တဲ့ သူဟာ ခေါင်းခိုက်နေတဲ့ ဈေးနှုန်းနဲ့ အရည်အသွေးသိပ်မကောင်းတဲ့ ကုန်ပစ္စည်းတွေကြား သေသေ





ချာချာတွက်ချက်ပြီး ဝယ်ကြရပါတယ်။

ခေါင်းခြောက်ရလောက်အောင် ပင်ပင်ပန်းပန်းနဲ့ တွက်ချက်ဝယ်ယူပြီး ပြန်လာတဲ့အိမ်ရှင်မဟာ မိသားစုတွေ အရသာသာရှိရှိနဲ့ စားသောက်နိုင်အောင် ချက်ပြုတ်တွေးတောရတာကလည်း တော်တော့်ကို မလွယ်ပါဘူး။ အိမ်မှုကိစ္စထိန်းသိမ်းရတဲ့ အခက်အခဲတွေကို သိရှိနားလည်ဖို့အတွက် နေ့တနေ့ရဲ့ ပထမဦးဆုံးမနက်စာပြင်ဆင်တာကို ကြည့်ကြရအောင်၊ မြန်မာပြည်ကလူအများစုရဲ့ မနက်စာကတော့ ထမင်းကြော်ပါပဲ။ မနေ့ညနေ့ကနေ ကျန်တဲ့ ဟင်းသီးဟင်းရွက်တွေ သားငါးပုဇွန်တခုခုနဲ့ ကြော်ထားတဲ့ထမင်းကို ရောပြီးစားတာပဲ ဖြစ်ပါတယ်။ တခါတလေမှာတော့ ကြက်ဥတလုံးနှစ်လုံးကိုထည့်ပြီး ရောမွှေလိုက်တာလည်းရှိပါတယ်။ တခါတလေတော့ ဝက်အူချောင်းကို ပါးပါးလေးလှီးထည့်တာ ကလည်းရှိပါတယ်။ တခါတလေမနက်စောစောလှည့်ပြီး ရောင်းတဲ့ပ ြုတ်သည်တွေဆီက ပဲပြုတ်ဝယ်ပြီး ထည့်ရောကြော်ပါတယ်။ ပဲပြုတ်နဲ့ ထမင်းကြော်ဟာလည်း အရသာရှိတဲ့ မနက်စာပါပဲ။

အခုအခါမှာတော့ မိသားစုတော်တော်များများရဲ့ မနက်စာထမင်းကြော်ဟာ ဖွယ်ဖွယ်ရာရာမဟုတ်တော့ ပါဘူး။ မနေ့ညစာက သားငါးပုဇွန် ကျန်တယ်ဆိုတာ မရှိတော့ပါဘူး။ ကြက်ဥတို့ ဝက်အူချောင်းတို့ ထည့်စားတယ်ဆိုတာကလည်း အဝိုသုံးသလိုဖြစ်နေပါပြီ။ တခါကလူတိုင်းစားနိုင်တယ်ဆိုတဲ့ ပဲပြုတ်ဆိုတာကလည်း ဈေးမပေါတော့ပါ ဘူး။ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က တပိဿာ ကျပ် (၁၀၀)လောက်ရှိတဲ့ ကြက်သားဟာ အခုဆိုရင် (၄၀၀)အထိဖြစ်နေပါပြီ၊ ဆိတ်သားဆိုရင်လည်း (၁၅၀)လောက်ကနေ (၄၀၀)အထိတက်သွားပါပြီ။ ဝက်သားဆိုရင် တပိဿာ (၇၀)ကနေ စုန်တက်သွားလိုက်တာ (၂၈၀)ကနေ မဆင်းတော့ပါဘူး။ ၁၉၈၀ ခုနှစ်တွေနဲ့ အနှောင်းပိုင်းကာလတွေမှာ တပိဿာ (၄၀)လောက်ပဲရှိတဲ့ ပုဇွန်ဆိတ်ဆိုတာအခု (၁၀၀)ကျော်နေပါပြီ၊ ခပ်လတ်လတ်အရွယ် ပုဇွန်ဆိုရင်တော့ တပိဿာ (၁၀၀)လောက်ကနေ (၂၀၀)ကျော်နေပါပြီ။ တပိဿာ (၁၀၀၀) ကျော်နေပြီဖြစ်တဲ့ ပုဇွန်ထုပ်ဆိုတာကတော့ မမြင်ဖူးတော့ပါဘူး၊ ဒါပေမဲ့ အင်မတန်ချမ်းသာတဲ့ သူတွေရဲ့ ထမင်းဝိုင်းမှာတော့ မြင်ရနိုင်ပါသေးတယ်။

ဒီလိုခေါင်ခိုက်နေတဲ့ ဈေးနှုန်းတွေကြားထဲမှာ မိသားစုနည်းနည်းပါးပါးပဲ အသားဟင်းလေးကောင်းကောင်း တခွက်ချက်စားနိုင်ကြပါတယ်။ ဒါတောင်





တနပ်ပါပဲ၊ နေ့စဉ်ဟင်းလျာထဲက အလွယ်တကူအစားထိုးချက် ပြုတ်လို့ရတဲ့ ကြက်ဥ၊ ဘဲဥဆိုတာကလည်း ၁၉၉၀ ခုနှစ်မတိုင်ခင်က တလုံးတကျပ်ပတ်ဝန်းကျင်လောက် ဟာ အခုခြောက်ကျပ်အထိ ဖြစ်နေပါပြီ။ ခပ်ပါးပါးလေးလှီးပြီး သူ့ချည့်ပဲကြော်စားစား တခြားတခုခုနဲ့ရောပြီးကြော်တာပဲဖြစ်ဖြစ် အနံ့ရောအရသာနဲ့ပါပြည့်စုံတဲ့ ဝက်အူချောင်းကလည်း အခု တပိဿာ (၄၅၀) ပတ်ဝန်းကျင်လောက်ဆိုတော့ ဇိမ်ခံပြီးအရသာခံစားရတဲ့ အစားအစာစာရင်းထဲဝင်သွားပါပြီ။ အသားဈေးတွေက ဒီလောက်တောင်ကြီးနေတော့ ဒီကနေ့မြန်မာပြည်က မနက်စာ ထမင်းကြော်ထဲမှာ ဟင်းသီးဟင်းရွက်တွေက တော်တော်နေရာယူလာပါပြီ။ ဒါပေမဲ့ ထင်သလောက်တော့ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ ဟင်းသီးဟင်းရွက်ဈေးနှုန်းက အသားဈေးထက် ဈေးတက်နှုန်း မြန်လို့ပါပဲ။


ကျမတို့မြန်မာတွေ မနက်စာအဖြစ်စားရုံတင်မကဘူး၊ တနေ့လုံးအချိန်မရွေးနှစ်နှစ်ခြိုက်ခြိုက်နဲ့ စားတဲ့အစာ နောက်တခုကတော့ မုန့်ဟင်းခါးပါပဲ။ အငွေ့တထောင်းထောင်းထနေတဲ့ အရေများများနဲ့ မုန့်ဟင်းခါးထဲကို ပဲကြော်၊ ဗူးသီးကြော်စတဲ့ အကြော်တခုခုကိုထည့်၊ ငါးဖယ်ကို ပါးပါးလေးညှပ်ထည့်၊ ဘဲဥကိုခြမ်းပြီးထည့်၊ နံနံပင်လေးဖြူးပြီးထည့်၊ ကြက်သွန်နီဆီချက်လေးကို နည်းနည်းဆန်း၊ ငံပြာရည်နဲ့ ရေတ်သီးမှုန့်ကိုနည်းနည်းထည့် သံပုရာသီးစိတ်ကလေး ညှစ်ပြီးတော့ စားလိုက်ရရင်တော့ တကယ့်ကိုအရသာရှိလှတဲ့ မနက်စာပါပဲ။ ၁၉၉၀ ခုနှစ် မတိုင်မီက အကြော်တခုခုလည်းပါမယ်။ ဘဲဥတစိတ်လည်းထည့်ထားတဲ့ မုန့်ဟင်းခါးတပွဲဟာ ပျမ်းမျှ (၃)ကျပ် လောက်ရှိပါတယ်။ အခုဆိုရင် မုန့်ဖတ်ဟာ အရင်ကထက်နည်းသွားပြီး ဈေးပေါတဲ့ပဲနဲ့ ကြော်ထားတဲ့ပဲကြော်ထည့်ပြီး ဘဲဥမပါတော့တဲ့ မုန့်ဟင်းခါး တပွဲဟာ (၁၅) ကျပ်ဖြစ်နေပါပြီ။ ဒါတင်မ ကပါဘူး။ မုန့်ဟင်းခါးရဲ့ အနံ့အရသာဟာလည်း နည်းနည်းကျလာပါတယ်။ အရင်က တစီးပြားငါးဆယ်ဆိုတဲ့ နံနံပင်က အခုငါးကျပ်ဖြစ်နေပါပြီ။ ငါးဖယ်တို့ ဘဲဥတို့ဆိုတာ ဈေးကြီးလွန်လို့ ပြောစမှတ်ပြုနေကြပါပြီ။ လူအနည်းငယ်လောက်ပဲ အရသာရှိရှိမုန့်ဟင်းခါးကို မနက်စာအဖြစ် စားနိုင်ကြပါတော့တယ်။

အခုအခါမှာ မနက်စာကိုမုန့်ဟင်းခါးပဲစားစား၊ တကယ်ကောင်းမွန်တဲ့ ပစ္စည်းတွေသုံးတာလျော့လာသလို အရသာအဟာရဖြစ်မှုကလည်း လျော့လာပါတယ်။ ဒါကတော့မဆန်းပါဘူး။ ဈေးကြီးလွန်းတဲ့အသား၊ ငါးတွေကို ဝယ်မစား



နိုင်တော့ ပရိုတိန်းဓါတ်တွေနည်းလာတာပဲဖြစ်ပါတယ်။ ဒီမုန့်ဟင်းခါးရော ထမင်းကြော်ပါသုံးနေတာကတော့ စားအုံးဆီပဲဖြစ်ပါတယ်။ မြေပဲဆီကတော့ ဈေးကြီး လွန်းလိုအနားမကပ်နိုင်ပါဘူး။ ဒီလိုအရသာရှိတဲ့ ပစ္စည်းတွေ အပြည့်အဝမသုံးနိုင်တော့ အဲဒါတွေအစား အချိုမှုန့်ကိုပိုပြီးသုံးလာကြပါတယ်။ အရသာဓါတ်ပြည့်ဝ တဲ့ အရသာရှိတဲ့ မနက်စာကိုစားလာခဲ့ကြတဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ မြန်မာတွေဟာ အခုအခါမှာတော့ အားရတင်းတိမ်မှုမရှိတဲ့အပြင် ကျန်းမာရေးအရပါ အန္တရာယ်ဖြစ်လာစေနိုင်ပါတယ်။ မနက်စာကို ထမင်းကြော်၊ ဒါမှမဟုတ် မုန့်ဟင်းခါးကိုစားသောက်နိုင်ပြီး ကျေနပ်အားရတင်းတိမ်မှုမရှိတောင်မှ ဒီလိုစားနိုင်တဲ့သူဟာ ကံကောင်းတဲ့သူလို့ပဲ ပြောရမှာပါ။ အကြောင်းက မနက်စာကို ဆန်ပြုတ်သောက်နေရတဲ့သူတွေ အများကြီးရှိနေလို့ပါပဲ၊ တချို့တွေဆိုရင် ဘာမှကိုမစားနိုင်ကြပါဘူး။





ဒေါ်အောင်ဆန်းစုကြည်

၏

# မြန်မာပြည်ကလာတဲ့စာ [၈]

ရန်ကုန်က ဧရာစ်စပတ်

ဇန်နဝါရီ (၁၅)ရက်နေ့

ကျမတို့ မြန်မာလူမျိုးတွေဟာ ပွဲလမ်းသဘင်တွေကို နှစ်သက်ကြပါတယ်၊ တနှစ်ပတ်လုံးလတိုင်းလတိုင်း ပွဲတော်တွေကျင်းပကြပါတယ်။ သင်္ကြန်ပွဲတော်နဲ့ သီတင်းကျွတ်ပွဲတော်တွေကတော့ အကြီးကျယ်ဆုံးပါပဲ။ ဒီပွဲတော်တွေလောက် မကြီးကျယ်ပေမဲ့လည်း ဘာသာရေးနဲ့ပတ်သက်နေတဲ့ တခြားပွဲတော်တွေ လည်းကျင်းပကြပါတယ်။ ဒီလိုကျမတို့ရဲ့ ကိုယ်ပိုင်ပွဲတော်တွေများပြားစွာရှိပေမဲ့လည်း တခြားနိုင်ငံတွေ၊ ယဉ်ကျေးမှုတွေနဲ့ သက်ဆိုင်တဲ့ ပွဲတော်တွေကိုလည်းကျင်းပကြပါတယ်။ မူဆလင် အိဒ်ပွဲတော်ပဲဖြစ်ဖြစ် ကျမတို့မြန်မာတွေဟာ ပျော်ဖို့ ရွှင်ဖို့ စားဖို့သောက်ဖို့ကတော့ တကယ်ကိုအဆင်သင့်ပါပဲ။

ကျမကလေးဘဝကတည်းက ခရစ်စမတ်ပွဲတော်တွေနဲ့ အကျွမ်းတဝင်ဖြစ်ခဲ့ပါတယ်၊ ဒီပွဲတော်တွေမှာ ဆန်တာကလော့စ်ဟာ ပစ္စည်းထုပ်ဝေတဲ့နေရာမှာ တာဝန်ယူပါတယ်။ ဒီလိုပွဲမျိုးမှာ တခေါက်ကျမရတဲ့ အထုပ်ထဲကနေ ဇီစကီတ ပုလင်းရလိုက်ပါတယ်။ ဇီစကီဆိုတာက တွေးကြည့်တော့ လက်ဆောင်ပစ္စည်းထုပ်တဲမှာ ရှားရှားပါးပါးပါပဲ။ ကျမကတော့ တကယ့်ကိုစိတ်ပျက်သွားပါတယ်၊ အရုပ်၊ ဒါမှမဟုတ် သကြားလုံးထုပ်တော့ပါမယ် လို့ထင်ထားတာ ဒီပွဲကိုလာကြတဲ့လူကြီးတွေ (ကျမထက်အသက်ကြီးမယ်လို့ ထင်လို့ပါ) ခပ်






များများဟာ ကုသိုလ်ကံထူးတဲ့ကျမကို ချီးကျူးဂုဏ်ပြုနုတ်ဆက်ဖို့ ဝိုင်းလာကြပါ တယ်။ ကျမရဲ့ မိခင်က ဒီလိုဝိုင်းအုံလာကြတဲ့ လူတွေထဲက ပေးချင်တဲ့လူတယောက်ယောက်ကို ဒီစကီပုလင်းကိုပေးလိုက်ဖို့ အကြံပေးပါတယ်။ ကျမကလည်း လိုလိုလားလားနဲ့ပဲ ပေးလိုက်ပါတယ်၊ ဒီဝီစကီပုလင်းကိုရလိုက်တဲ့လူဟာ တကယ့်ကို အတိုင်းအဆမရှိ ဝမ်းမြောက်ဝမ်းသာရှိပြီး ကျေးဇူးတင်တယ်ဆိုတာကိုတော့ ကျမ နားမလည်ခဲ့ပါဘူး၊ ဒီအတွေ့အကြုံ က ကျမကို ပစ္စည်းထုပ်ခွေးတာနဲ့ လူကြီးဘဝကို ပထမဦးဆုံးတွေ့ကြုံရမှုတွေ အပေါ် ယုံကြည်မှုကို လျှော့ပါးစေပါတယ်။

ရန်ကုန်က ခရစ်စမတ်ပွဲတော်ဟာ အာရှတိုက်က တခြားမြို့ကြီးတွေလို ဈေးရောင်းပွဲတွေမဟုတ်ပါဘူး၊ ဒါပေမဲ့ အာရှနိုင်ငံတွေမှာ ခရစ်စမတ်အပြင် အဆင်တွေလုပ်ကြတာ တိုးတက်များပြားလာနေပါတယ်။ ပွဲတော်ရာသီမှာ ခရစ်စမတ်ကတ်တွေ ရောင်းချလာကြပါတယ်၊ ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်သူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အတူတူစားကြသောက်ကြ တယောက်နဲ့ တယောက် စိတ်ကောင်းစိတ်မြတ်တွေ အပြန်အလှန်ထားရှိပြီး လက်ဆောင်တွေ ဖလှယ်ကြတာ ခရစ်စမတ်ရဲ့မြင်ကွင်းပါပဲ။

ခရစ်စမတ်သီချင်းတွေ လှည့်လည်သီဆိုတာကိုမြင်ရတော့ ပါးနီနီနဲ့ နွေးထွေးတဲ့ နှလုံးသားရှိကြတဲ့ လူတွေရဲ့ ရုပ်ပုံတွေကို ပြန်မြင်ယောင်လာမိပါတယ်။ တဖွဲဖွဲကျနေတဲ့နှင်းပွင့်တွေရဲ့အလယ်မှာ ကုတ်အင်္ကျီအထူတွေဝတ်၊ လည်ပင်းမှာလည်း အရောင်စုံပါတဲ့ လည်စီးတွေကိုပတ် ဝိတိုရိယမီးတိုင်အောက်မှာရပ်နေကြတဲ့ ပုံတွေပါပဲ။ ဒီလိုကုတ်အင်္ကျီထူထူတွေ၊ သိုးမွေးလည်စီးတွေ၊ ဝိတိုရိယမီးတိုင်တွေ၊ နှင်းပွင့်လေးတွေဟာ ရန်ကုန်ခရစ်စမတ်ရဲ့ မြင်ကွင်းမဟုတ်ပါဘူး၊ ဒါပေမဲ့ ခရစ်စမတ်သီချင်းတွေ လှည့်လည်သီဆိုတာကတော့ အတူတူပါပဲ၊ ဒီလို သီချင်းဆိုတဲ့ အဖွဲ့တွေဟာ အလှူငွေများကောက်ခံကြပါတယ်။

ကျမရဲ့ မိခင်သက်ရှိထင်ရှားရှိနေတုန်းကတည်းက မျက်မမြင်များကို ကူညီထောက်ပံ့ပေးနေတဲ့ ခရစ်ယာန်အဖွဲ့အစည်းတခုဟာ ခရစ်စမတ်အချိန်ကျတဲ့အခါတိုင်း ကျမတို့အိမ်ကိုလာပြီး သီချင်းဆိုကြတာ နှစ်ပေါင်းတော်တော်ကြာနေပါပြီ။ ၆ နှစ်ကြာမလာရောက်နိုင်ပဲ ပျက်ကွက်နေတဲ့နောက် လွန်ခဲ့တဲ့အပတ်က ရောက်လာကြပါ တယ်။ မျက်မမြင်အဆိုတော်တွေနဲ့ ဂစ်တာတီးသူတွေကို မျက်စိမြင်ရတဲ့လူ သုံးလေးဦးကဦးဆောင်ပြီး သူတို့သီချင်းလှည့်လည်သီဆိုမဲ့ နေရာ





တွေကိုခြေလျင်တလှည့်၊ ဘတ်စ်ကားနဲ့တဖုံ သွားကြပါတယ်။ သူတို့တတွေ ကျမတို့ အိမ်ကိုမွန်းလွဲပိုင်းမှာရောက်လာကြပါတယ်။ အင်အားပြည့်နေဆဲ၊ နုပျိုသစ်လွင်နေဆဲ သူတို့ရဲ့အသံတွေနဲ့ လူသားတွေအကြား ငြိမ်းချမ်းရေးရဖို့ ပျော်ရွှင်မှုရှိစေဖို့ စိတ်ကောင်းစိတ်မြတ်တွေထားဖို့အတွက် သီချင်းသီဆိုခဲ့ပါတယ်။ အဲဒီနောက် ကော်ဖီသောက်ရင်း စကားစမြည်ပြောရင်းနဲ့ သိလာရတာက ဒီမျက်စိမြင်တဲ့သူတွေရဲ့ မိဘတွေဟာ မျက်မမြင်တွေဆိုတာကိုပဲ။ ဒါတင်မကပါဘူး။ သူတို့ရဲ့ဘဝထဲမှာ မျက်စေ့မမြင်တဲ့လင်မယားတွေ တော်တော်များများရှိပြီး သူတို့တတွေမှာ ငယ်ရွယ်တဲ့ကလေးတွေရှိတယ်ဆိုတာကိုလည်း သိခဲ့ရပါတယ်။

ဒါပေမဲ့လည်း ကလေးတွေဟာ အမြင်အာရုံနဲ့ပတ်သက်ပြီး ထိခိုက်မှုမရှိကြပါဘူး။ ဒီအဖွဲ့ဟာ မိသားစုကြီးကြီးတခုလိုဖြစ်နေတဲ့အတွက် မိသားစုတွေကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ကြုံတွေ့ရမှာမလွဲပါဘူး။ ဒါပေမဲ့ ကိုယ့်အားကိုယ်ကိုးနိုင်မဲ့ဘဝမျိုးရောက်အောင် အပြည့်အဝဦးဆောင်ပေးဖို့ တိတ်တဆိတ်သန္နိဋ္ဌာန်ချထားကြပါတယ်။

နောက်တနေ့မှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတခုက ခရစ်စမတ်သီချင်းဆိုတဲ့အဖွဲ့ ထပ်ရောက်လာပြန်ပါတယ်။ သူတို့တတွေဟာ အလှူငွေကောက်ခံကြပါတယ်။ သူတို့အဖွဲ့ထဲက တော်တော်များများဟာ ခရစ်ယာန်ဘာသာဝင်တွေ မဟုတ်ကြပါဘူး။ အဲဒီနေ့က ရာသီဥတုဟာ ခပ်နွေးနွေးလေးရှိပါတယ်၊ အကောင်ကြီးကြီးခြင်တွေဟာ ဗုန်းကြလေယာဉ်လိုပဲ ရုတ်တရက်စိုက်ဆင်းလာပြီး လူကို ကိုက်ပြီးတာနဲ့ ချက်ခြင်းပြန်ထွက်သွားပါတယ်။ နာခေါင်းနီနဲ့ ရိန်းဒီးယားသမင်လေး ရူးဒေါ့ဖ်သီချင်းဟာ လက်ရှိအခြေအနေမှန်ကို အနည်းငယ်ဖော်ကျူးနေသလိုရှိပေမဲ့လည်း ခရစ်စမတ်ရာသီရဲ့အလှအပကို ချီးကျူးဖွဲ့ဆိုထားတဲ့ ဘောင်ထဲက ကျော်ထွက်မသွား ပါဘူး။

သူတို့တတွေဟာ ကျမသားတွေလာမယ်ဆိုတာသိထားတော့ ကလေးတွေအတွက် မီးသီးလေးတွေနဲ့ အလှအပလေးတွေချိတ်ဆွဲထားတဲ့ ခရစ်စမတ်သစ်ပင်လေးကို သူတို့ရဲ့ သူငယ်ချင်းတွေဆီက ယူလာပြီးပေးပါတယ်။ ကျမတို့တတွေလည်း ခရစ်စမတ်သစ်ပင်လေးခြေရင်းမှာ လက်ဆောင်ပစ္စည်းတွေကိုထပ်ပြီးပုံ လိုက်ပါတယ်။ အဲဒီနောက် ကျမတို့တတွေ နေ့လည်စာစားကြပါတယ်။ ဧည့်သည်တွေ ကျမတို့ကို လာရောက်အကူအညီပေးတဲ့သူတွေအပါအဝင် စုစု





ပေါင်း ၁၀၀ လောက်ရှိပါတယ်။ လက်ဆောင်ပစ္စည်းတွေစုပုံပြီးတဲ့နောက် ပစ္စည်းထုပ်ရွေးပွဲလုပ်ပါတယ်။ ဒီစကီပုလင်းပေါက်တုန်းက တော်တော်စိတ်ပျက်ခဲ့တာကို အမှတ်ရ နေတာကြောင့် ဒီတခါမှာတော့ ကျမဟာ အဲဒီတုန်းကရွေးတာနဲ့ လုံးဝခြားနားတာကိုပဲ ရွေးယူလိုက်ပါတယ်။ အကောင်းဆုံးတခုကတော့ သွေးစုန်နှုန်းနဲ့ လူ့စိတ်ဓါတ်ကိုအကဲဖြတ်တဲ့ စမ်းသပ်ကိရိယာလေးပဲဖြစ်ပါတယ်၊ အားလုံးက ဒီကိရိယာလေးကို လက်ညှိုးလေးထည့်ပြီး စမ်းသပ်ကြည့်ချင်နေကြပါတယ်။

ဘယ်သူဟာ စိတ်ဓါတ်အခိုင်မာဆုံးလဲ၊ ခံနိုင်ရည်အရှိဆုံးလဲဆိုတာ သိချင်လို့ပါပဲ။ နိုင်ငံရေးအစဉ်အလာကြီးမားတဲ့ စိတ်ဓါတ်ပြင်းထန်တဲ့ လူငယ်လေးနစ်ဦး က အကောင်းဆုံးဖြစ်တယ်ဆိုတာ ပြသသွားပါတယ်။ သူတို့ တတွေဟာ စိတ်ရောကိုယ်ပါ အပြည့်အဝမြှုပ်နှံပြီး သေသေချာချာဂရုတစိုက်နဲ့ ခေါင်းအေးအေးထားတတ်တဲ့ သူများဖြစ်ပါတယ်၊ တချို့ပစ္စည်းတွေဟာ မြန်မာနိုင်ငံမှာ နိုင်ငံရေးလုပ်ကိုင်လိုသူများအတွက် အရည်အသွေးတွေ အလွယ်တကူနဲ့ ပိုမိုတိုးတက်လာစေရန် လိုအပ်တဲ့အရာတွေပဲဖြစ်ပါတယ်။

ကောင်းမြတ်တဲ့ စိတ်ထားတွေမွေးနိုင်ဖို့အတွက် အခြေအနေကောင်းတွေကို နှစ်သစ်ကယူဆောင်လာနိုင်မယ်လို့ ကျမတို့အားလုံးက မျှော်လင့်နေကြပါတယ်။





# ဒေါ်အောင်ဆန်းစုကြည်

# ၏

# မြန်မာပြည်ကလာတဲ့စာ [၉]

နှစ်သစ်မှတ်တမ်း

ဇန်နဝါရီ (၂၂)ရက်နေ့

၁၉၈၆ခုနှစ်ရဲ့ နှစ်သစ်မှာ ကျမတို့မိသားစုဟာ ဂျပန်လူမျိုးမိတ်ဆွေများနဲ့အတူ ဂျပန်နိုင်ငံ ကျိုတိုအနီးမှာရှိတဲ့ မြို့ငယ်လေးတခုကို ရောက်နေကြပါတယ်။

ဒီမြို့ကလေးဟာ တောင်ပေါ်မြို့ကလေးဖြစ်ပြီး ဂျပန်နိုင်ငံရဲ့ အကြီးဆုံးရေကန်ဖြစ်တဲ့ ဗီဝါရေကန်ကြီးကို အပေါ်စီးကနေလှမ်းပြီးမြင်နေရပါတယ်။ ၁၉၈၅ ခုနှစ်ရဲ့ နောက်ဆုံးညနေခင်းဟာ ကြည်ကြည်လင်လင်နဲ့ သာသာယာယာရှိပြီး သိပ်ပြီးတော့လည်းမအေးပါဘူး၊ ကျမတို့အားလုံး ဖြေးဖြေးအေးအေးနဲ့ ဘုရားကျောင်းရှိရာကို ဆင်းလျှောက်သွားကြပါတယ်။ လမ်းလျှောက်ရင်း မီးရှူးမီးပန်းတွေရဲ့ အလှအပအကြောင်းနဲ့ တခြားရောက်တတ်ရာရာအကြောင်းတွေကို ပြောလာကြပါတယ်။

ဘုရားကျောင်းမှာ ကျမတို့ညသန်းခေါင်အထိ စောင့်နေကြပါတယ်၊ အဲဒီနောက် ဂျပန်ဘာသာနဲ့ 'ဂျိုယနိုခနဲ' လို့ခေါ်တဲ့ နှစ်သစ်ကူးခေါင်းလောင်း (၁၀၈) ကြိမ်ထိုးတဲ့အထဲ ကျမတို့လည်းဝင်ပြီး ခေါင်းလောင်းထိုးကြပါတယ်။ သိပ်သည်းတဲ့ညအမှောင်ကြားထဲမှာ ပျံ့လွင့်နေတဲ့ခေါင်းလောင်းသံက ကျမကို



လာမည့်နှစ်ဟာ ထူးထူးခြားခြား ပျော်ရွှင်ကြည်နူးဖွယ်ရာကောင်းမည့် နှစ်ဖြစ်လိမ့်မယ်လို့ပြောနေသလိုပါပဲ။ ဟုတ်ပါတယ်၊ ၁၉၈၆ ဟာ တကယ့်ကို ကြည်နူး ပျော်ရွှင်ဖွယ်ရာကောင်းပါတယ်။ ကျမမိတ်ဆွေတွေရဲ့ အိမ်ထောင်စုအတွင်းမှာ မမျှော်လင့်တဲ့ အိမ်တွင်းကိစ္စ အခက်အခဲအနည်းငယ်လေး နဲ့ စတင်ခဲ့ရတာကလွဲလို့ပေ့ါလေ။

ကျမတို့ရဲ့ အိမ်ရှင်ဖြစ်တဲ့ "နိုရိကို"ဟာ သူမရဲ့ခင်ပွန်း "ဆဒယိုရှိ"ကို ဂျပန်ဘာသာနဲ့ အိုမိချိလို့ခေါ်တဲ့ ဆန်(ကောက်ညှင်းကဲ့သို့ စေးသောဆန်)ကို ထောင်းပြီး အခြောက်ခံထားတဲ့ အတုံးအခဲလေးတွေ (မြန်မာပြည်က ရှမ်းတိုင်းရင်းသားများရဲ့ အစာဖြစ်တဲ့ ခေါ်ပုတ်နဲ့တူပါတယ်၊ ဘာသာပြန်သူ)ကို ကင်တဲ့ စက်ထဲထည့်ပြီး ကင်ခိုင်းပါတယ်။

ပညာရှင်တယောက်ဖြစ်တဲ့ ဆဒယိုရှိဟာ သူ့ရဲ့သုတေသနလုပ်ငန်းတွေမှာ အစွမ်းကုန်အာရုံအပြည့်ထားပြီး လုပ်ဆောင်တတ်ပေမဲ့ အခုလို အစားအစာချက်ပြုတ်တဲ့အလုပ်ကြတော့ အာရုံအပြည့်ထားဖို့ အတော် ခက်ခဲပုံရပါတယ်။

ကင်စက်ထဲထည့်ထားတဲ့ အိုမိချိတွေကို မှန်မှန်မကြည့်တဲ့အတွက် ဖြူဖြူဖွေးဖွေးနဲ့ ဖောင်းဖောင်းကလေးဖြစ်နေတဲ့ အိုမိချိတွေဟာ နည်းနည်းတူးသွားပါတယ်။

အခုဆိုရင် နိုရိကိုဟာ တကယ်တော်တဲ့ အိမ်ရှင်မကောင်းတယောက်ဖြစ်နေပါတယ်၊ မီးဖိုချောင်မှာလိုလေသေးမရှိ ပြည်စုံအောင်လုပ်ဆောင်တတ်နေပါပြီ။ အောက်စ်ဖို့ဒ်မှာ သူနဲ့ကျမဈေးဝယ်ထွက်တုန်းက နိုရိကိုရဲ့ အသားရောင်းတဲ့သူကို နိုရိကိုက အမဲသားလိုချင်တယ်လို့ပြောတော့ ရောင်းတဲ့သူက ဘယ်အပိုင်းကိုလိုချင်သလဲလို့မေးတော့ နိုရိကိုက မဆိုင်းမတွဘဲ အကောင်းဆုံးကိုပေးပါလို့ပြောပါတယ်၊ နောက်ပြီးတော့ ကင်စားဖို့အတွက် အသားပေးပါဦးထပ်ပြောတော့ ရောင်းတဲ့သူက ဘယ်အသားယူမလဲလို့ ထပ်မေးပါတယ်၊ နိုရိကိုကအရင်အတိုင်းပဲ အကောင်းဆုံးအသားပေးပါလို့ ဖြေပြန်တယ်၊ ဒါနဲ့ပဲ အဆင်ပြေသွားကြပါတယ်။ အခုကြတော့ ဒီလိုမဟုတ်တော့ပါဘူး၊ နည်းနည်းတူးသွားတဲ့ အိုမိချိဟာ နိုရိကို အတွက်တကဲ့ကို ဆိုးတဲ့ဟာဖြစ်နေပါပြီ။ ဒါကြောင့်နိုရိကိုက အိုမိချိကို မူလပုံစံ အရသာမပျက်အောင်ကင်ပါတယ်။ ကျမလည်း ငါးခုစားလိုက်ပါတယ်။ ဒီလို အာဟာရပြည့်ဝတဲ့အစာကို စားခဲ့ရတဲ့အတွက် ၁၉၈၆ တနှစ်ပတ်လုံးကောင်းကောင်းကြီး ခရီးလှည့်လည်သွားနိုင်ခဲ့တယ်လို့ ကျမတွေးမိပါတယ်။



အခုဆိုရင် ၁၀နှစ် တောင်ကြာခဲ့ပါပြီ၊ ကျမတို့မိသားစုဟာ ၁၉၉၅ ခုနှစ်မှာ "ဇီဝါရေကန်ကြီး၊ နှစ်သစ်ကူးခေါင်းလောင်း ၁၀၈ ကြိမ်ထိုးတာ၊ အိုမိချိ" စတာတွေ နဲ့ မတွေ့ကြုံရတော့ပါဘူး။

ရန်ကုန်မှာကျတော့ ဒီဇင်ဘာ ၃၁ ရက် ညသန်းခေါင်မှာ ခေါင်းလောင်းထိုးသံကိုမကြားရဘူး။ ၁၉၉၅ ခုနှစ်ကုန်ပြီ၊ ၁၉၉၆ခုနှစ်စပြီဆိုတဲ့ အထိမ်းအမှတ်နဲ့ မော်တော်ကားဟွန်းတွေတီးတာဟာ အနည်းအကျဉ်းလောက်ပါပဲ။ မြန်မာလူမျိုးတွေကတော့ ခရစ်နှစ်သက္ကရာဇ်ပြက္ခဒိန်အရ နှစ်သစ်ကူးတာနဲ့ပတ်သက်ပြီး အထူးအထွေအထိမ်းအမှတ်ပွဲတော်မလုပ်ပေမဲ့လည်း မြန်မာ့ကောဇာသက္ကရာဇ်ပြက္ခဒိန်အရ ဧပြီလအတွင်းမှာ ကျရောက်တဲ့ နှစ်သစ်ကူးပွဲတော်ကိုတော့ ပြုလုပ်ပါတယ်။

ကမ္ဘာ့အနှံ့မှာလိုပါပဲ၊ ဒီမှာလည်းပဲ ဇန်နဝါရီလဟာ အားအင်သစ်တွေမွေးဖွားဖို့ မျှော်လင့်ချက်အသစ်တွေ မွေးဖွားဖို့ အချိန်ပါပဲ။ မြန်မာပြည်သူပြည်သားတွေရဲ့ နှလုံးသားထဲကလိုအင်ဆန္ဒတွေကို ဖြည့်တင်းနိုင်မဲ့မျှော်လင့်ချက်တွေဟာ ဂျပန်ပြည်သူပြည်သားတွေ ၁၉၉၆ခုနှစ်ကို ရှုမြင်မျှော်မှန်းပုံခြင်းနဲ့ တူချင်မှတူပါလိမ့်မယ်။ သင့်တင့်လျောက်ပတ်တဲ့ ဆန်ဈေးနှုန်းက ဂျပန်လူမျိုးဘယ်လောက်အတွက် နှစ်သစ်မှာ အဓိကအကျဆုံးသော မျှော်လင့်ချက်ဖြစ်သလဲ၊ လွန်ခဲ့တဲ့ကာလကြာရှည်စွာတုန်းက သာမာန်ဂျပန်လူမျိုးများအတွက် ဆန်ဈေးနှုန်းအပြောင်းအလဲဟာ အလုံအလောက်မစားရသလို မဝမလင်စားရတာတွေလည်းဖြစ်ခဲ့ပါတယ်။

စစ်ဘေးစစ်ဒဏ်ကြောင့် ဆိုးဆိုးရွားရွားပျက်စီးဆုံးရှုံးမှုတွေကို ကျော်လွှားနိုင်ဖို့အတွက် စိုက်ပျိုးရေးလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်ခဲ့စဉ်တုန်းက အခြေအနေတွေကို ကောင်းစွာမှတ်မိသေးတဲ့ ဂျပန်တွေအများ ကြီးရှိနေပါသေးတယ်။ ကျို့တိုကို ပထဝီပါမောက္ခတဦးက စစ်ပြီးကာလ သူကလေးဘဝတုန်းက ခံစားချက်များကို ကဗျာဆန်ဆန်ရှင်းပြဖူးပါတယ်။ ရှေးဟောင်းပစ္စည်းတွေရှာဖွေဖို့ သူနေတဲ့ရွာကလေးကို အမေရိကန်စစ်သားတယောက်ရောက်လာတဲ့ နေ့တနေ့ ကို မှတ်မှတ်ရရပြောပါတယ်၊ သူဟာအရပ်ထောင်ထောင်မောင်းမောင်းနဲ့ လူစိမ်းကို မော့ကြည့်လိုက်ပါတယ်။ အစာရေစာမဝတဝစားရလို့ အားမရှိ၊ အဝတ်အစားက ဟောင်းနွမ်းစုတ်ပြတ်နေတဲ့ ဂျပန်ကလေးတယောက်ဖြစ်တဲ့ သူ့ပုံနဲ့ အဝတ်အစားကောင်းကောင်းနဲ့ အစာရေစာဝဝလင်လင်စားရလို့ ပြည့်ဖြိုးနေတဲ့



အမေရိကန်စစ်သားတို့ ခြားနားပုံကို ကောင်းစွာသတိပြုမိခဲ့ပါတယ်။ ကမ္ဘာကြီးမှာ အင်အားကြီးမားမှုနဲ့ အားနည်းမှုတို့ရဲ့ ကွာခြားချက်ကို သူနားလည်ခဲ့ပါတယ်။ ဒါပေမဲ့ ပါမောက္ခက သူ့ရဲ့ကလေးဘဝတလျှောက်လုံးမှာ သူနဲ့သူ့မိသားစုတို့ဟာ နေ့စဉ်စားဝတ်နေရေးအဆင်ပြေဖို့အတွက်ကိုပဲ ရုန်းကန်နေကြရပါတယ်။ သူဟာမိုးကောင်းကင်ကြီးကို အမြဲလိုလိုမော့ကြည့်ပြီး မိုးတိမ်တွေရဲ့နောက်မှာ တောက်ပနေတဲ့နေမင်းရှိတယ်ဆိုတာ သူသိခဲ့ပါတယ်၊ သူကြီးပြင်းလာတဲ့အခါကျတော့ ဂျပန်ဟာ စီးပွားရေးအင်အားတောင့်တဲ့နိုင်ငံဖြစ်နေပါပြီ။ သူအိန္ဒိယနိုင်ငံကို လေ့လာရေးခရီးထွက်ခဲ့ပါတယ်၊ တနေ့ သူအိန္ဒိယနိုင်ငံသားတွေနဲ့ ရပ်ပြီးစကားပြောနေရင်း ရုတ်တရက်ဘာကို သတိရလိုက်သလဲဆိုတော့ သူဟာ အစားရေစာကောင်းကောင်းစားရလို့ ဝဝဖြိုးဖြိုးရှိနေပြီး အဝတ်အစားကလည်း ကောင်းကောင်းဝတ်ထားကာ ရွာသားတွေ ကျတော့ အစာအာဟာရကမပြည့်ဝတဲ့ပုံ ဆင်းရဲနွမ်းပါးစွာနဲ့ အဝတ်အစားတွေဝတ်ဆင်ထားပုံတွေကို တွေ့ရပါတယ်။ သူနဲ့ အခြားဂျပန်နိုင်ငံသားတွေ ဟာ အခုအခါမှာဆိုရင် အင်အားကြီးသူတွေနေရာကို ရောက်နေကြပါပြီ။ သူကပြုံးပြီး ကျမကို ကျနော်တို့ရဲ့ ငယ်ရွယ်သူလေးတွေဟာ ဒီကနေ့ချမ်းချမ်းသာသာနဲ့ နေနေကြရပေမဲ့လည်း သူတို့ဟာ အစားအစာကို မဝတဝစားနေကြရတာတွေ ရှိတာကို မသိကြပါဘူး။ သူတို့ဟာ မိုးကောင်းကင်ကြီးကို မော့မကြည့်ကြပါဘူး။ မိုးတိမ်ထူနေတာပဲဖြစ်ဖြစ် ဒီမိုးတိမ်တွေရဲ့နောက်မှာ တောက်ပတဲ့နေမင်းကြီးရှိနေတာကိုပဲဖြစ်ဖြစ် ဂရုမစိုက်ကြပါဘူး။ ဒီလိုနူးညံ့သိမ်မွေ့တဲ့ လူကြီးလူကောင်းဆန်တဲ့ ပထဝီပါမောက္ခလို ဂျပန်လူမျိုးဘယ်လောက်ရှိတယ်ဆိုတာ ကျမမသိပါဘူး။

မြန်မာပြည်ထဲကလူများစွာတို့ဟာ မိုးကောင်းကင်ကြီးကိုမော့ကြည့်ပြီး အဲဒီအထဲက အသံက ထုထပ်လှတဲ့ မိုးတိမ်တို့ရဲ့နောက်မှာ နေမင်းကြီးဟာ အချိန်ကျရင် သူ့ရဲ့အလင်းရောင်နဲ့ နွေးထွေးမှုကိုဖြန့်ကျက်ပေးဖို့ စောင့်နေတယ်လို့ ပြောနေသံကိုကြားသိနေကြမယ်လို့ ကျမတွေးမိပါတယ်။ နှစ်သစ်အချိန်အခါဟာ ကျမတို့အားလုံး မိုးကောင်းကင်ကြီးဆီမျက်နှာမော့ကြည့်လိုကြတဲ့ အခါသမယလည်းဖြစ်ပါတယ်။ ကမ္ဘာအနံ့အပြားမှာရှိတဲ့ ကျမတို့ရဲ့မိတ်ဆွေများကို အလင်းရောင်နဲ့နွေး ထွေးမှုကို ရှာဖွေတဲ့အထဲမှာ ကျမတို့နဲ့ အတူပူးပေါင်းပါဝင်စေလိုပါတယ်။





ဒေါ်အောင်ဆန်းစုကြည်

၏

# မြန်မာပြည်ကလာတဲ့စာ [၂၀]

ဘယ်လိုပင်ဖမ်းဖမ်း

ဇန်နဝါရီ (၂၉)ရက်နေ့

အငြိမ့်ဆိုတာဟာ မြန်မာ့ရိုးရာတူရိယာပိုင်း သီချင်းတွေ အကတွေတစုတပေါင်းတည်းပါတဝင်တဲ့ တခုတည်းသော မြန်မာ့သုခုမ အနုပညာပဲဖြစ်ပါတယ်။ အဲဒီအငြိမ့်ထဲမှာ အရေးအကြီးဆုံးအခန်းကတော့ လူရွှင်တော်များပြက်လုံးထုတ်တဲ့အခန်းပါပဲ။ ဒီအငြိမ့်အဖွဲ့တွေကို မိသားစုတွေပြုလုပ်ကြတဲ့ ရှင်ပြုရဟန်းခံပွဲတွေကအစ သက်ဆိုင်ရာဘုရားပွဲတွေ အထိမ်းအမှတ်နှစ်ပါတ်လည်ပွဲတွေမှာ ငှားရမ်းပြီးဖျော်ဖြေကြပါတယ်။

ဒီနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ မြန်မာနိုင်ငံရဲ့ လွတ်လပ်တဲ့နိုင်ငံအဖြစ်ကို ရောက်တာ ၄၈ နှစ်မြောက်ခဲ့ပြီဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုတဲ့အထိမ်းအမှတ်အဖြစ် အခမ်းအနား တခုပြုလုပ်ဖို့စီစဉ်ခဲ့ပါတယ်။ အဲဒီအစီအစဉ်ထဲမှာ မွန္တလေးက အငြိမ့်အဖွဲ့တဖွဲ့ကိုငှားရမ်းပြီး ကပြဖျော်ဖြေဖို့ အစီအစဉ်လည်းပါဝင်ပါတယ်။ လွတ်လပ်ရေးနေ့မတိုင်မီ တပတ်လောက်အတွင်းက N.L.Dရဲ့ လူငယ်အဖွဲ့ထဲက အဖွဲ့ဝင်တချို့ဟာ လွတ်လပ်မှုနဲ့ပတ်သက်တဲ့ သီချင်းတွေနဲ့အဆုံးသတ်တဲ့ တခန်းရပ်ပြဇာတ်တို





လေးတွေကို တင်ဆက်ဖို့အတွက် ဇာတ်တိုက်အစမ်းလေ့ကျင့်မှုတွေ ပြုလုပ်နေခဲ့ကြပါတယ်။ ပြဇာတ်ကလေးတွေရဲ့အဆုံး မှာ သီချင်းတွေကို ထပ်ခါထပ်ခါကျေ့ပြီး ဆိုကြတဲ့အတွက်လာမဲ့ N.L.Dရဲ့ အခမ်းအနားကို အာဏာပိုင်တွေ က သိပ်သဘောမကျတဲ့မျက်လုံးတွေ၊ သံသယမျက်လုံးတွေနဲ့ ကြည့်နေကောင်းကြည့်နေပါလိမ့်မယ်။

ကျမတို့ရဲ့ ဖျော်ဖြေရေးအစီအစဉ်ထဲမှာ ဒိုးပတ်ဝိုင်း၊ ဒါမှမဟုတ် ပြဇာတ်တခုကို ချန်ခဲ့ရင်ပိုပြီး အဆင်ပြေမှာဖြစ်တဲ့အတွက် ကျမတို့ဒိုးပတ်ဝိုင်းအစီအစဉ်ကို ချန်ခဲ့ပါတယ်။

အမှန်မှာတော့ ကျမတို့မှာ ဒိုးပတ်သီချင်းတွေကို လုံးဝမရေးစပ်ရသေးပါဘူး။ ဒါ့အပြင် ညီညွတ်ရေး၊ နိုင်ငံရေးပြဿနာတွေကို တွေ့ဆုံဆွေးနွေးတဲ့နည်းနဲ့ အဖြေရှာရေးကို အဓိကအခြေခံဖေါ်ဆောင်ထားတဲ့ ပြဇာတ် ကိုပယ်ဖျက်ဖို့ရာ နိုင်လုံတဲ့အကြောင်းကလည်းမရှိတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင်းလည်းစီစဉ်ထားတဲ့အတိုင်းပဲ တင်ဆက်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။

ဇန်နဝါရီလ ၂ ရက်နေ့ ညနေပိုင်းမှာတော့ စစ်ထောက်လှမ်းရေးက ကျမရဲ့ရုံးမှာ အဓိကတာဝန်ရှိတဲ့ ဝန်ထမ်းတဦးကိုလာပြီးခေါ်သွားတာ ၂၄ နာရီကြာပါတယ်။ သူဟာကျမတို့ပါတီရဲ့ အဓိကကျတဲ့မူဝါဒနဲ့ပတ်သက်တာတွေ၊ ဆုံးဖြတ်ချက်တွေ ဘယ်လိုချမှတ်တယ်ဆိုတာကိုသာမကပဲ မကြာခင်မှာကျင်းပမဲ့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနဲ့ ပတ်သက်တာတွေကိုပါ စစ်ဆေးမေးမြန်းတာကို ခံခဲ့ရပါတယ်။

အာဏာပိုင်တွေဟာ လွတ်လပ်တဲ့စိတ်ဓါတ်နဲ့ပြုလုပ်မဲ့ ကျမတို့ရဲ့ အထိမ်းအမှတ်အခမ်းအနားကိုတော့ ထူးထူးခြားခြားအရေးတယူနဲ့ ဂရုတစိုက်ထားပုံမရပါဘူး၊ အငြိမ့်ကိုလည်း သိပ်ဂရုမစိုက်ပါဘူး။

ဇန်နဝါရီ ၄ ရက်နေ့ မနက် ၈ နာရီမှာ ကိုလိုနီလက်အောက်ကနေ မြန်မာ ပြည်ကိုလွတ်မြောက်ဖို့အတွက် ကြိုးပမ်းမှုမှာ အရေးပါတဲ့အခန်းကပါဝင်ခဲ့တဲ့ "ဒို့ဗမာအစည်းအရုံး"ရဲ့ အဖွဲ့ဝင်များဟာ လွတ်လပ်ရေး အထိမ်းအမှတ်အခမ်းအနားတခုကို ကြိုးစက်ရုံးလေးတခုရဲ့ ကွက်လပ်ထဲမှာ ပြုလုပ်ကျင်းပခဲ့ပါတယ်။ တင်းကျပ်တဲ့အခြေအနေအောက်မှာပဲ တော်တော့်ကိုအသက်ကြီးနေပြီဖြစ်တဲ့ ဒီနိုင်ငံရေးသမားဟောင်းကြီးတွေဟာ ရှင်သန်နေတဲ့စိတ်ဓါတ်၊ တက်ကြွတဲ့စိတ်ဓါတ်နဲ့ အခမ်းအနားကို ပြီးမြောက်အောင် စီစဉ်ဆောင်ရွက်ခဲ့ကြပါတယ်။





အိုမင်းရင့်ရော်နေတဲ့ သူတို့တတွေရဲ့ အသံတွေကို လွတ်လပ်မှုတွေရရှိဖို့ အမျိုးသားစည်းလုံးညီညွတ်မှုရရှိဖို့အတွက် ထပ်ခါဦးတည်ခဲ့တဲ့ သူတို့ရဲ့ပြင်းပြတဲ့ ယုံကြည်ချက်တွေက ပိုမိုအားဖြည့်ပေးခဲ့ပါတယ်။

N.L.Dရဲ့ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို အဲဒီနေ့မနက်မှာပဲ ကျမနေအိမ်ရဲ့ခြံဝန်းအတွင်းမှာ ကျင်းပခဲ့ပါတယ်။ အစီအစဉ်ကို သုံးနာရီနဲ့အပြီးကျင်းပမယ်လို့ မျှော်လင့်ထားပေမဲ့လည်း ခြံဝန်းအပြင်ဘက်က နှစ်ထောင်လောက်ရှိတဲ့ပရိသတ်က အစီအစဉ်ရဲ့နောက်ဆုံးအပိုင်းဖြစ်တဲ့ အငြိမ့်အခန်းကို ဖြစ် နိုင်သမျှ ကြာကြာလေးတင်ဆက်ပေးဖို့ အလိုရှိနေတဲ့အတွက် ၆ နာရီကြာခဲ့ပါတယ်။

အငြိမ့်ခန်းကိုတော့ အစဉ်အလာအတိုင်းပါပဲ၊ လူရွှင်တော်နှစ်ဦးက ရှေ့ထွက်လာပြီး မိတ်ဆက်ပေးကြပါတယ်။ ဒါပေမဲ့ မကြာပါဘူး၊ လူရွှင်တော်နှစ်ဦးထဲက ပိုပြီးသဘာရင့်တဲ့ အတွေ့အကြုံများတဲ့ ဦးပါပါလေး က ရုတ်တရက်ဆိုသလိုပဲ မြန်မာပြည်မှာ ဆယ်စုနှစ်တော်တော်များများလောက် မတွေ့မမြင်မကြားရတာကြာပြီဖြစ်တဲ့ အမှုအရာစကားတွေကို ပြုမူပြောဆိုလိုက်ပါတယ်။ ပရိသတ်က အလွန်အံ့ဩသွားပြီး မဖော်ပြနိုင်လောက်အောင် ပျော်ရွှင်ကြည်နူးသွားကြပါတယ်။ လူရွှင်တော်တွေက သူတို့ရဲ့ ရိုးရာအစဉ်အလာအခွင့်အရေးကို အပြည့်အဝအသုံးချပြီး နိုင်ငံရေးအခြေအနေအကြောင်းအရာ တော်တော်များများအပါအဝင် လူပြောများနေတဲ့ အဖြစ်အပျက်အကြောင်းအရာများပေါ်မှာ ပြက်လုံးတွေထုတ်ကာ ဝေဖန်သွားကြပါတယ်။

ဦးပါပါလေးက ဒီအခမ်းအနားမှာ ပြောဆိုပြုမူသွားတာတွေဟာ သူ့ရဲ့ကိုယ်ပိုင် စိတ်ဆန္ဒခံစားချက် အတိုင်းပြုလုပ်သွားတာဖြစ်ပြီး၊ ဒီလိုမ ကြောက်မရွံ့ဘဲပြောဆိုပြုမူသွားတဲ့အတွက် သူဟာထောင်ကျမယ်လို့လည်း သတိပြုမိကြောင်းပြောသွားပါတယ်။ N.L.Dကို တပြည်လုံးက အပြည့်အဝထောက်ခံသလိုထောက်ခံပြီး ပြက်လုံးတွေ၊ ဟာသတွေထုတ်ခဲ့တဲ့အတွက် သူဟာထောင်တနှစ်ကျခဲ့ရကြောင်းရှင်းပြသွားပါတယ်။ ဦးပါပါလေးက ဒီလို စလိုက်တဲ့အတွက် ပရိသတ်က တခဲနက်လက်ခုတ်လက်ဝါးတီးကာ အားပေးခဲ့သလို သွက်လက်တဲ့အကတွေ၊ မြူးကြွတဲ့ ဂီတသံတွေ၊ လူရွှင်တော်များရဲ့ အထစ်အငေါ့တွေ ပြောင်မြောက်တဲ့ပြက်လုံးတွေ၊ ဟာသတွေ ထွက်ပေါ်လာဖို့အတွက် အစပျိုးလိုက်သလိုပါပဲ။





အနုပညာအရည်အသွေးပြောင်မြောက်စွာနဲ့ တင်ဆက်သွားတာကို ပရိသတ်က အင်မတန် ပျော်ရွှင်ကြည်နူးသွားသလို သတ္တိရှိလှတဲ့ အငြိမ့်တဖွဲ့လုံး ကိုလည်း တကယ့်ကို လေးလေးနက်နက်ချီးကျူးခဲ့ကြပါတယ်။ အထူးသဖြင့် လူရွှင်တော်ဦးပါပါကလေးနဲ့ သူ့ရဲ့တွဲဘက်ဦးလူဇော်တို့က ပြည်သူလူထုတွေ နှစ်ပေါင်းများစွာပြောချင်ပေမဲ့လည်း မပြောရဲကြတဲ့စကားတွေကို ရဲရင့်ပြောင်မြောက်စွာနဲ့ ပြောဆိုတင်ဆက်သွားတာတွေကိုတော့ ချီးကျူးလို့မဆုံးပါဘူး။

ဇန်နဝါရီ ၆ ရက်နေ့ နေလည်ပိုင်းမှာတော့ အငြိမ့်အဖွဲ့ဟာ မန္တလေးကို ပြန်ကြတော့မှာဖြစ်တဲ့အတွက် ကျမကိုနှုတ်ဆက်ကြပါတယ်။ သူတို့ဟာ မကြာခင် အဖမ်းခံရမယ်ဆိုတာ သိနေပေမဲ့လည်း အလွန်ကိုအားတက်နေကြပါတယ်။ သူတို့တတွေရဲ့စိတ်ဆန္ဒအတိုင်း အပြည့်အဝတင်ဆက်ကပြသွားရတဲ့အတွက် စိတ်ကျေနပ်အားရမှုအပြည့်အဝရှိကြောင်း၊ ဘယ်အရာကမှ ဒီလိုစိတ်ကျေနပ်အားရမှုကို သေ့ဖိသွားအောင်မလုပ်နိုင်ကြောင်း ကျမကိုပြောသွားပါတယ်။

အငြိမ့်အဖွဲ့ဟာ မန္တလေးကို ဇန်နဝါရီလ ၇ ရက်နေ့မှာ ရောက်သွားကြပါတယ်၊ အဲဒီနေ့မှာပဲ သူတို့အားလုံးကို အာဏာပိုင်တွေက ဖမ်းဆီးခေါ်ဆောင်သွားကြပါတယ်။ ကျမတို့ဟာ ဒီလိုသတ္တိပြောင်မြောက်လှတဲ့ အငြိမ့်အဖွဲ့ရဲ့ နောက်တကြိမ်တင်ဆက်ကပြတာကို စောင့်မျှော်နေကြပါတယ်။ ဘာဖြစ်ဖြစ် ကျမတို့ ကတော့ သူတို့ဘက်ကရပ်တည်မှာပါပဲ။





ဒေါ်အောင်ဆန်းစုကြည်
၏

# မြန်မာပြည်ကလာတဲ့စာ [၁၁]

ဥတုရာသီ မြန်မာပြည်

ဖေဖော်ဝါရီ (၁၂)ရက်နေ့

ယေဘုယျအားဖြင့်ဆိုရင် ကျမတို့မြန်မာပြည်မှာ ရာသီဥတု လေးမျိုးမရှိဘဲ နွေ၊ မိုး၊ ဆောင်းဆိုတဲ့ ဥတုသုံးမျိုးပဲရှိပါတယ်။ သာယာလှပပြီး ပိုပြီးအေးမြတဲ့နယ်စပ်ဒေသတွေကလွဲလို့ မြန်မာပြည်မှာ နွေကူးရာသီကိုသိပ်ပြီး လူသိမများလှပါဘူး။ နွေကူးရာသီလိုခေါ်တဲ့ ရာသီဥတုမျိုးကိုတော့ ကျမတိုကနွေရာသီရဲ့အစလို့ပြောကြပါတယ်။ ဂျပန်ဘာသာနဲ့ မိုမိဂျိခေါ် သစ်ရွက်တွေကြွေခါနီးနီရဲရဲတောက်ပတဲ့ အရောင်ကိုပြောင်းလာပြီဆိုရင်ဖြင့် ဂျပန်လူမျိုးတိုင်း ဆောင်းကူးရာသီကိုရောက်ပြီလို့ သိကြတဲ့ရာသီဥတုမျိုးလည်း ကျမတိုနိုင်ငံမှာမရှိပါဘူး။

သာမာန်အားဖြင့်ကြည့်မယ်ဆိုရင် ကျမတို့ မြန်မာလူမျိုးတွေဟာ ရာသီဥတု တခုကနေတခုကိုပြောင်းတာနဲ့ ပတ်သက်ပြီး ထူးထူးခြားခြားစိတ်ခံစားချက်ပြောင်းလဲမှု၊ လှုပ်ရှားမှုမရှိကြပါဘူး။ နွေကူးရာသီမှာ ပန်းတွေပွင့်တာနဲ့ ပတ်သက်တဲ့ ပွဲတော်တွေကျင်းပတာမျိုး ကျမတို့ဆီမှာမရှိပါဘူး။ ပြောင်းလဲသွားတဲ့ ဆောင်းရာသီရဲ့အလှကို တသီးတခြားသတ်မှတ်တာမျိုးလည်း မရှိပါဘူး။ ရာသီအလိုက်ပြောင်းလဲဝတ်ဆင်ရတဲ့ အဝတ်အစားဖက်ရှင်မျိုးလည်း မရှိပါဘူး။ ကျမတို့ဟာ တနှစ်ပတ်လုံး အဝတ်အစားပုံစံတမျိုးတည်းကိုသာ ဝတ်ဆင်





ကြပါတယ်။

နွေရာသီနဲ့ မိုးရာသီမှာ ပြောင်းလဲတဲ့အချက်တခုကတော့ ထီးတချောင်းပါလာတာပဲဖြစ်ပါတယ်။ ဆောင်းရာသီဆိုရင်တော့ နွေရာသီမှာ ဝတ်တဲ့ အဝတ်အစားပေါ်မှာပဲ နောက်ထပ်အဝတ်တထည်ထပ်ပြီးဝတ်လိုက်တာပဲ ဖြစ်ပါတယ်။ ရာသီအပြောင်းအလဲဖြစ်တာနဲ့ပတ်သက်ပြီး ကျမတို့တွေအနေနဲ့ ထူးထူးခြားခြားသတိထားရတာမျိုးမရှိပါဘူး။

အမှန်မှာတော့ မြန်မာလူမျိုးတွေဟာ သူတို့ရဲ့ သဘာဝပတ်ဝန်းကျင်မှာ တနှစ်ပတ်လုံးအချိန်နဲ့အမျှပြောင်းလဲနေတဲ့ အပြောင်းအလဲတွေကို သတိပြုမိကြပါတယ်။ ရှေးရိုးအစဉ်အလာအရဆိုရင် ကျမတို့ဟာရာသီ ၆ မျိုးရှိတယ်လို့ အသိအမှတ်ပြုထားကြပါတယ်။ ရှေးက သီကုံးစပ်ဆိုခဲ့တဲ့ ကဗျာတွေထဲမှာဆိုရင် ကျမတို့ပြက္ခဒိန်ရဲ့ ၁၂ လအတိုင်း ၁၂လရာသီဘွဲ့တွေကို သူ့ရာသီအလိုက် သူ ရေးဖွဲ့ထားတာရှိပါတယ်။

အကြမ်းအားဖြင့်ဆိုရင် ဒီဇင်ဘာလဟာ နတ်တော်လနဲ့တူညီပါတယ်။ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ အမြစ်မတွယ်မီကာလတုန်းက နတ်တော်လဟာ ချမ်းသာကြွယ်ဝမှုကိုပေးတဲ့ ဆင်ဦးခေါင်းပုံရှိ ဟိန္ဒူနတ်ဘုရား ဂဏန်စ်ရဲ့ Ganeshကို ပူဇော်ပသတဲ့ကာလဖြစ်ပါတယ်။ ကဗျာတွေစာတွေထဲမှာဆိုရင် ကမ္ဘာမြေပြင်ပေါ်မှာ ဖွေးဖွေးဖြူနေတဲ့ ငွေနှင်းမှုန်ကလေးတွေကျနေတာကြောင့် မြင်ကွင်းတွေဟာ ဝေဝါးဝါးနဲ့မသဲမကွဲဖြစ်နေပြီး နလုံးသားတွေဟာလည်း ဝေးကွာနေတဲ့ ချစ်သူကိုတမ်းတနေတယ်လို့ သီကုံးဖွဲ့ဆိုကြပါတယ်။

ဒီနတ်တော်လဟာ သဇင်ပန်းတွေပွင့်ကြပါတယ်၊ ကျမတို့မြန်မာလူမျိုးတွေအတွက် သဇင်ပန်းဟာ ချစ်ခြင်းမေတ္တာကိုဖော်ကျူးတဲ့ပန်း၊ ရှုဂိုက်လိုက်ရတဲ့သူအဖို့ ခပ်သင်းသင်းအနံ့ကလေးကြောင့် ကြည်နူးလန်းဆန်းစေတဲ့ပန်း၊ ပြုစုပျိုးထောင်ရန် ခက်ခဲတဲ့ပန်းလို့ သတ်မှတ်ကြပါတယ်။ သူ့ရဲ့နှစ်လိုဖွယ် ကျက်သရေရှိတဲ့အလှကိုတော့ သူပွင့်တဲ့ကာလဖြစ်တဲ့ စိမ့်နေအောင်အေးတဲ့ အချိန်နဲ့ ခွဲခြားဖို့ရာ မလွယ်ကူပါဘူး။

နတ်တော်လဟာ ဟေမန္တလို့ခေါ်တဲ့ ဆောင်းရာသီရဲ့ ဒုတိယအပိုင်းကာလလည်းဖြစ်ပါတယ်။ နတ်တော်လဟာ မြန်မာပြည်မှာအလှဆုံးလ၊ လွမ်းမောစရာအကောင်းဆုံးလလည်း ဖြစ်ပါတယ်။ မိုးကောင်းကင်ဟာ ကြည်လင်နေပြီး မိုးကုတ်စက်ဝိုင်းဆီမှာဆိုရင် ပြာလဲ့လဲ့အရောင်နဲ့ ကြည်နူးစရာကောင်းလှပါ





တယ်။ ရန်ကုန်မြို့မှာအအေးဆုံးဆိုတာဟာ ချယ်ရီတွေပွင့်တဲ့အချိန်ကျိုတိုမှာ ရာသီဥတုသာယာတဲ့နေ့ထက် ပိုမအေးပါဘူး။ ဒါပေမဲ့ မြန်မာလူမျိုးတွေအတွက်ကတော့ တကယ့်ကိုအေးတာပါပဲ။

အသက်အရွယ်ကြီးရင့်တဲ့ အမျိုးသားတွေကတော့ ကျန်းမာရေးအတွက် မနက်စောစောထပြီး အမျိုးသမီးတွေကတော့ ဖလန်နယ်အင်္ကျီ ဒါမှမဟုတ် လွှန်ခဲ့တဲ့နှစ်ငါးဆယ်လောက်က ခေတ်စားခဲ့တဲ့ ကတ္တီပါအင်္ကျီပေါ်မှာ လျှော်စောင်ကလေးပတ်ပြီး လမ်းလျှောက်ထွက်ကြပါတယ်။ ရှေးရိုးအစဉ်အလာထဲမှာတော့ အခုလိုဟေမန္တကာလမှာ ခန္ဓာကိုယ်ကို အနွေးဓါတ်ကောင်းကောင်းပေးနိုင်တဲ့ အသား၊ နို့၊ ထောပတ်၊ ပျားရည်၊ ဂျင်းစတာတွေကို စားပေးနိုင်လို့ရှိရင် ဒီလိုစားနိုင်သူတွေဟာ သန့်ရှင်းလတ်ဆတ်တဲ့ မနက်ခင်းလေနအေးထဲမှာ နွေးထွေးနေတယ်လို့ဆိုပါတယ်။

ကျမတို့မိသားစုအမြဲသုံးနေတဲ့ ချင်းစောင်တွေကို ညဘက်မှာ ကျမခင်းပြီးခြုံရင် ကျမအတွက်ကတော့ ဆောင်းရာသီစပါပြီ။ ချည်သားထူထူနဲ့ အစင်းတွေဖော်ကာ ရက်လုပ်ထားတဲ့ ဒီချင်းစောင်တွေမှာ အစိမ်း၊ အနီနဲ့ နီညိုရောင်တွေကိုပဲ ပုံစံအမျိုးမျိုးနဲ့သုံးပါတယ်။ ကျမတို့တွေ ကလေးဘဝတည်းက ကိုယ့်ရဲ့စောင်ကိုပဲ စွဲစွဲမက်မက်နဲ့ ခြုံလေ့ရှိပါတယ်။ ကျမမှတ်မိနေတာကတော့ အစိမ်းကွက်နဲ့စောင်ကို ကျမစွဲစွဲမက်မက်နဲ့ နောက်ဆုံးဟောင်းနွမ်းဆွေးမြေ့တဲ့အထိ သုံးခဲ့တာကိုပါပဲ။

အခုတော့ ရာသီဥတုအေးလာပြီဆိုရင် ကျမရဲ့အိပ်ရာပေါ်မှာ ခင်းတဲ့စောင်ကတော့ ကျမရဲ့ဖခင်ကို ချင်းလူမျိုးမိတ်ဆွေတဦးက လက်ဆောင်ပေးခဲ့တဲ့ အဖြူပေါ်မှာ အနီအစင်းမှိန်မှိန်ကလေးဖော်ပြီး ယက်လုပ်ထားတဲ့စောင်ပဲဖြစ်ပါတယ်။ ဒီစောင်ရဲ့ထောင့်တခုမှာ မေမေကိုယ်တိုင်ထိုးထားတဲ့ (၂၅-၃-၄၇)ဆိုတဲ့ ရက်စွဲရှိပါတယ်။ နဲနဲအေးလာပြီဆိုရင် ဂျပန်လူမျိုးတယောက်လည်း ပါဝင်လက်ဖွဲ့ထားတဲ့ ကျမမိဘတွေရဲ့မင်္ဂလာလက်ဖွဲ့အိပ်ရာပေါ်မှာ ကျမချင်းစောင်ခင်းပြီးအိပ်ပါတယ်။


မြန်မာတပြည်လုံးမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့ သူတွေ၊ တခြားအကျဉ်းသားတွေအကြောင်း မတွေးပဲနဲ့ ကျမအိပ်ရာထဲမဝင်နိုင်တာ ဒီနှစ်ပါနဲ့ဆို ရှစ်နှစ်မြောက် ဆောင်းရာသီရောက်နေပါပြီ၊ ခြင်ထောင်ချထားတဲ့ အိပ်ရာပေါ်မှာစောင်ခြုံထားတော့ နွေးထွေးနေတဲ့ကျမဟာ ကိုယ်ကိုတိုင်ကဘာမှ



မတတ်နိုင်ပေမဲ့လည်း ကျမရဲ့လုပ်ဖေါ်ကိုင်ဘက်တွေအများအပြားဟာ နွေးထွေးမှုမရှိတဲ့ အကျဉ်းထောင်ထဲမှာ ကြမ်းပြင်ကအအေးဒဏ်ကို မကာကွယ်နိုင်တဲ့ ဖျာပါးပါးလေးတချပ်ပေါ်မှာ လဲလျောင်းရင်းအိပ်စက်ကြရတယ်ဆိုတဲ့အကြောင်းကိုတော့ အမြဲသတိရနေပါတယ်။ သူတို့ဟာ အဝတ်အစားတွေ၊ စောင်တွေ အလုံးလောက်မရှိသလို ခြင်ထောင်လည်းမရှိပါဘူး။ ဆောင်းရာသီမှာ နွေရာသီလောက်ခြင်မများပေမဲ့လည်း ခြင်ထောင်ကလေးရှိရင်တော့ အနွေးဓါတ်ပိုပြီးပေးနိုင်ပါတယ်။ အကျဉ်းသားတွေအနေနဲ့ ဘယ်လောက်များချမ်းလို့တုန်နေမလဲဆိုတာ၊ အသက်ပိုကြီးတဲ့ အကျဉ်းသားတွေဆိုရင် အရိုးအဆစ်တွေ နာကျင်ကိုက်ခဲနေမလဲဆိုတာ၊ ရေနွေးပူပူကလေးသောက်ရင်း အိမ်မှာသက်တောင့်သက်သာနေနေရတယ်လို့ အိပ်မက်မက်တဲ့သူ ဘယ်နှစ်ယောက်များရှိမလဲဆိုတာ ကျမသိချင်လှပါတယ်။

ကျမ မနက်အိပ်ရာထလို့ သန့်ရှင်းကြည်လင်တဲ့ ဩကာသလောကကြီးကိုကြည့်ရင်း ကဗျာတွေထဲမှာ လွမ်းမောဖွယ်ဖွဲ့ဆိုထားတဲ့ ဟေမန္တရာသီရဲ့ အလှအပကိုမခံစားနိုင်တဲ့ အကျဉ်းသားတွေဘယ်လောက်များရှိမလဲဆိုတာတွေးမိတာ ဒီနှစ်ပါဆိုရင် ရှစ်နှစ်မြောက်ဆောင်းရာသီရှိနေပါပြီ၊ ငှေနှင်းဖြူကလေးတွေမကျရောက်တဲ့၊ နွေးထွေးတဲ့ နေရောင်ခြည်မကျရောက်နိုင်တဲ့၊ ဆောင်းပန်းကလေးတွေရဲ့ သင်းပျံ့တဲ့ရနံ့ကိုမရှူရှိုက်နိုင်တဲ့၊ ခန္ဓာကိုယ်ကို အနွေးဓါတ်ကောင်းကောင်းပေးနိုင်တဲ့ အစာတွေမစားနိုင်တဲ့ အကျဉ်းထောင်နံရံတွေထဲက အကြောင်းတွေကိုတွေးရင်း ဆောင်းရာသီရဲ့အလှအပကို ဖွဲ့ဆိုထားတဲ့ ကဗျာတွေကိုဖတ်ရတာဟာ စိတ်ဝင်စားစရာပါပဲ။





ဒေါ်အောင်ဆန်းစုကြည်
၏

# မြန်မာပြည်ကလာတဲ့စာ [၁၃]

## ဒသိမ်လှည့်တဲ့ဝငလှ

ဖေဖော်ဝါရီ (၁၉)ရက်နေ့

မြန်မာလူမျိုးတွေကို ကမ္ဘာပေါ်မှာ ဖော်ရွေပြီး ဧည့်ဝတ်အကျေဆုံး လူမျိုးတွေထဲမှာ ပါဝင်တယ်လို့ပြောစမှတ်ပြုကြပါတယ်။ ကျမငယ်စဉ်ကလေးဘဝတည်းက လဖက်ရည်သောက်ဖို့၊ နေ့လည်စာစားဖို့၊ ညစာစားဖို့ဖိတ်တာတွေဟာ နိုင်ငံခြားသားတွေကိုပဲ လုပ်တယ်ဆိုတာသိခဲ့ပါတယ်။ မြန်မာလူမျိုးမိတ်ဆွေ အပေါင်းအသင်းတွေကတော့ ဟန်ဆောင်တာတွေမရှိဘဲ စားစရာရှိရင် ဘာပဲဖြစ်ဖြစ်ဝင်ထိုင်ပြီး ဝေမျှစားလိုက်ကြတာပါပဲ။ အိမ်ကို ဧည့်သည်တွေမမျှော်လင့်ဘဲ ရောက်လာရင်တောင် စားစရာကတော့ လုံလောက်အောင်အမြဲရှိပါတယ်။

တခါတလေ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းတွေ ညနေဘက်မျိုးမှာ ရုတ်တရက်ပေါက်ချလာရင် ရေနွေးကြမ်း၊ ထန်းလျက်ခဲ၊ ပဲကြော်၊ ပဲလှော်လက်ဖက်သုတ်တွေယူထုတ်လာပြီး ဝိုင်းဖွဲ့ကာစားကြသောက်ကြပါတယ်။ တခါတလေ စကားစမြည်ကပြောလို့ကောင်းပြီး လေပေးဖြောင့်တဲ့အတွက် စကားစမဖြတ်နိုင် တဲ့အခါမျိုးကျရင် ဧည့်သည်တွေဟာ မပြန်တော့ဘဲ အိပ်ဖို့ဆုံးဖြတ်တတ်ကြပါတယ်။ ဒီလိုအခါမျိုးဆိုရင်လည်း ဘာမှပြဿနာမရှိပါဘူး။ သင်ဖြူးဖျာချော






တွေ၊ ခေါင်းအုံးတွေ၊ စောင်တွေ၊ ခြင်ထောင်တွေထုတ်လာပြီး လေဝင်လေထွက်ကောင်းတဲ့ အခန်းတခုခုမှာ ဧည့်သည်တွေ အိပ်စက်ဖို့အတွက် ပြင်ဆင်ပေးပါတယ်၊ ညဉ့်နက်လာလေ ဧည့်သည်တွေအတွက် အစားအသောက်အပြည့်အစုံနဲ့ ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံကြလေပါပဲ။

မြန်မာပြည်မှာ ဟိုတယ်တွေ၊ အင်း (Inn)တွေမှာ တည်းတယ်ဆိုတဲ့ အစဉ်အလာမရှိပါဘူး၊ တခြားတမြို့တရွာက လာတဲ့လူတွေဟာ ဆွေမျိုးသားချင်းမိတ်ဆွေအပေါင်းအသင်းတွေဆီမှာ လိုအပ်ရင်လိုအပ်သလိုကြာကြာနေတတ်ကြပါတယ်။ သိတတ်တဲ့ဧည့်သည်တွေကျတော့ စားစရာတွေ၊ လက်ဆောင်ပစ္စည်းတွေနဲ့ ရောက်လာတတ်ကြပြီး တွေ့တုန်းဆုံတုန်း သာကြောင်းမာကြောင်းနာရေးသတင်းတွေ၊ မင်္ဂလာသတင်းတွေ၊ ပြဿနာအရှုပ်အရှင်းတွေ အပြန်အလှန်ဖလှယ်ကြနဲ့ အားလုံးဟာ ပျော်ရွှင်နေကြပါတယ်။ တခါတလေ ဧည့်သည်တွေဟာ နေ့တာရက်ရှည်ကြာရင် အိမ်ရှင်တွေက နည်းနည်းမကြည်မလင်ဖြစ်လာကြပါတယ်၊ ဒါပေမဲ့ အိမ်ရှင်တွေက တရက်တရက်နဲ့ ဆွဲထားလို့ရက်ရှည်ကြာနေတဲ့ ဧည့်သည်တွေလည်းရှိပါတယ်၊ ရင်းနှီးရင် ရင်းနှီးသလို ဧည့်သည်တွေဟာ ရက်အတိုအရှည်ကြာ နေတတ်ကြပါတယ်။

ဧည့်ဝတ်ကျေပွန်တယ်ဆိုတာဟာ အခုနေအခါမှာ သိပ်တော့လွယ်တဲ့ကိစ္စမဟုတ်ပါဘူး၊ ကုန်ဈေးနှုန်းတွေ ခေါင်ခိုက်နေတာကြောင့် ပြည်သူတော်တော်များများဟာ မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းတွေကို ကိုယ့်အိမ်မှာ ညအိပ်ညနေ လက်ခံဖို့ပဲဖြစ်ဖြစ် ကိုယ့်ကိုယ်တိုင် သူများအိမ်မှာ ညအိပ်ညနေသွားပြီး သင်ဖြူးဖျာအေးအေးလေးပေါ်မှာ ထိုင်ရင်း၊ စားရင်း၊ သောက်ရင်း စကားစမြည်ပြောရင်းနဲ့ အချင်းချင်းပိုမိုရင်းနှီးအောင်လုပ်ဖို့ပဲဖြစ်ဖြစ် အတော့်ကိုစဉ်းစား ရမဲ့ အခြေအနေ ဖြစ်နေပါတယ်။

ဧည့်သည်တွေအနေနဲ့ ညသိပ်မိုးမချုပ်ခင်မှာ ကိုယ်အလည်လာတဲ့အိမ်မှာ ညအိပ်မလား၊ မအိပ်ဘူးလားဆိုတာ ဆုံးဖြတ်ရပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ညကိုးနာရီမထိုးခင် ရပ်ကွက်ငြိမ်ဝပ်ပိပြားရေးရုံးကိုသွားပြီး ညအိပ်မယ်ဆိုတဲ့အကြောင်း သတင်းပို့ရပါတယ်။ အဲဒီလိုဧည့်စာရင်းတိုင်ဖို့ ပျက်ကွက်ခဲ့ရင်တော့ အိမ်ရှင်ရောဧည့်သည်ပါ ဒဏ်ငွေပဲဖြစ်ဖြစ် ချမှတ်ခံရပါတယ်၊ ကိုယ့်ရဲ့သက်ဆိုင်ရာ ရပ်ကွက်ငြိမ်ဝပ်ပိပြားရေးအဖွဲ့ကို အကြောင်းမကြားဘဲ တခြားနေရာကို ညအိပ်ညနေ သွားလို့မရသလို ကိုယ်ညအိပ်ညနေရောက်နေ





တဲ့နေရာရဲ့ ရပ်ကွက်ငြိမ်ဝပ်ပိပြားရေးအဖွဲ့ကို အကြောင်းမကြားလို့လည်းမရပါဘူး။

အာဏာပိုင်တွေအနေနဲ့ ညဘက်တွေမှာ ဧည့်စာရင်းမတိုင်ပဲ ရောက်ရှိ နေတဲ့ ဧည့်သည်တွေရှိမရှိကို မိသားစုထဲက တယောက်ယောက်ဟာ အကြောင်းမကြားဘဲ တခြားနေရာကို ရောက်နေသလားဆိုတာကိုလည်း စစ်ဆေးပိုင်ခွင့်ရှိပါတယ်။ အန်န်အယ်လ်ဒီအဖွဲ့ဝင်များရဲ့ အိမ်ထောင်စုတွေ၊ အန်န်အယ်လ်ဒီကိုထောက်ခံတဲ့ အိမ်ထောင်စုတွေဟာ မကြာခဏဆိုသလိုပဲ ဧည့်စာရင်းစစ်တယ်ဆိုပြီး စစ်ဆေးတာခံကြရပါတယ်။

ဒီလိုမကြာခဏဆိုသလို စစ်ဆေးမှုတွေလုပ်တဲ့အခါ စနစ်တကျနဲ့ လေးလေးစားစားဆက်ဆံတာမျိုးဟာ မရှိသလောက်ပါပဲ၊ တခါတရံ ဧည့်စာရင်း အစစ်ခံရသူများ စိုးရိမ်ပူပန်မှုများကာ စိတ်အနှောက်အယှက်ဖြစ်ရသည်အထိ ကြုံတွေ့ကြရပါတယ်၊ အာဏာပိုင်တွေဟာ တိတ်ဆိတ်နေတဲ့ညမှာ ရောက်လာပြီး ပုံစံ ၁၀ မှာပါတဲ့ မိသားစုအရေအတွက်တို့ ကိုက်ညီမှုရှိမရှိ ရေတွက်စစ်ဆေးကြပါတယ်။ တချို့အိမ်ထောင်စုထဲမှာဆိုရင် ပုံစံ ၁၀ ကလည်း တခုထက်ပိုပါတယ်။ အလုပ်ရှင်ရဲ့နေအိမ်မှာနေရင်း အလုပ်လုပ်ကြရတဲ့ အလုပ်သမားများဟာလည်း အလုပ်ရှင်ရဲ့ပုံစံ ၁၀ ထဲမှာ သွင်းရင်သွင်း ဒါမှမဟုတ် ဧည့်သည်အဖြစ် ဧည့်စာရင်းတိုင်ရပါတယ်။

လူတယောက်ဟာ ပုံစံ ၁၀ ကခုမှာပဲ စာရင်းတင်ပိုင်ခွင့်ရှိပါတယ်။ သူဟာ တစုံတခုသောအကြောင်းအရာကြောင့် တခြားမိသားစုတစုထဲကို ရောက်သွားတယ်ဆိုရင် သူ့ရဲ့မူလမိသားစုစာရင်းကနေ နုတ်ထွက်ရပါတယ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကြီးစိုးတဲ့ကာလတုန်းက ပုံစံ ၁၀ ဟာ မြန်မာပြည်သူလူထုရဲ့ နေ့စဉ်ဘဝမှာ အဓိကကျတဲ့ အခန်းကနေပါဝင်လှုပ်ရှားခဲ့ပါတယ်။ ဒီပုံစံထဲမှာပါတဲ့ အိမ်ထောင်စုဝင်အရေအတွက်အရ ဆန်၊ ဆီ၊ ဆား၊ ငရုပ်၊ ကြက်သွန်၊ ဆပ်ပြာ၊ နို့မှုန့် စတာတွေကို အစိုးရရဲ့သမဝါယမဆိုင်တွေကနေ ဝယ်ယူခွင့်ရပါတယ်။

ဒီနေ့ခေတ် ကာလမှာတော့ သမဝါယမဆိုင်တွေဟာ စားသုံးသူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်စွမ်းမရှိတော့တဲ့အတွက် သာမန်မိသားစုတွေရဲ့ စီးပွားရေးဘဝမှာ အရေးပါတဲ့အခန်းကနေ ရပ်ဆိုင်းသွားပါပြီ၊ ဒါပေမဲ့လည်း မိသားစုတွေရဲ့ လူမှုရေးဘဝမှာပါဝင်တဲ့ ကဏ္ဍကတော့ကျယ်ပြန့်နေတုန်း






ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီပုံစံ (၁၀)က ဘယ်သူဟာ အာဏာပိုင်တွေကိုအကြောင်းမကြားပဲ အိမ်မှာညအိပ်သလား၊ မအိပ်ဘူးလားဆိုတာကို ဆုံးဖြတ်နိုင်လို့ပါပဲ။

မိသားစုတစုအနေနဲ့ ကိုယ့်ရဲ့အိမ်မှာ ညအိပ်တည်းခိုတဲ့ဧည့်သည်အတွက် သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှာ ဧည့်စာရင်းမတိုင်ရင်ဘာဖြစ်မလဲ၊ အိမ်ရှင်ရောဧည့်သည်ပါ အနည်းဆုံးဒါဏ်ငွေ ကျပ်ငါးဆယ်ပေးဆောင်ရမယ်။ ဒါမှမဟုတ် ထောင်ဒဏ် ရက်သတ္တပတ် နှစ်ပတ်မှ ခြောက်လအထိ ကျခံရမယ်ဖြစ်ပါတယ်။

(၁၉၈၉)ခုနှစ်ကတဲကစပြီး ဧည့်စာရင်းမတိုင်တဲ့အတွက် ထောင်ဒဏ်ချမှတ်တဲ့အမှုတွေ အရမ်းများလာပါတယ်။ အချို့အမှုတွေဟာ ငိုအားထက်ရယ်အားသန်ရတဲ့အဖြစ်မျိုးနဲ့ ကြုံရပါတယ်။ လူရွယ်တယောက်ဟာ ဧည့်စာရင်းမတိုင်ပဲ ညအိပ်နေစဉ် အဖမ်းခံရတဲ့အတွက် အိမ်ရှင်ဖြစ်သူနဲ့အတူ တရားရုံးမှာ တရားစွဲဆိုခံရပါတယ်။ တရားရုံးကဧည့်သည်ကို ထောင်ဒဏ်ခြောက်လ၊ အိမ်ရှင်ကို ထောင်ဒဏ် ရက်သတ္တနှစ်ပတ် ချမှတ်လိုက်ပါတယ်။ မမျှော်လင့်ပဲရောက်လာတဲ့ သူ့ရဲ့ဧည့်သည်အတွက် ဧည့်စာရင်းမတိုင်လို့ ဒဏ်ငွေဆောင်ရပေါင်းများလှပြီဖြစ်တဲ့ ဖေါ်ရွေဧည့်ဝတ်ကျေတဲ့အိမ်ရှင်ဟာ မကျေမနပ်ဖြစ်ပြီး "တောက်" ခေါက်လိုက်ပါတယ်။ ဒီတောက်ခေါက်သံကို တရားသူကြီးကြားတော့ ချက်ချင်းပဲ တရားရုံးကို မထေမဲ့မြင်ပြုတယ်ဆိုပြီး အိမ်ရှင်ကို ထောင်ဒဏ်တလအဖြစ်ပြောင်းလဲချမှတ်လိုက်ပါတယ်။ မြန်မာပြည်မှာ ဖေါ်ရွေဧည့်ဝတ်ကျေမှုအတွက် ပေးဆပ်ရတဲ့ တန်ဘိုးဟာ ကြီးမားလှပါတယ်။





ဒေါ်အောင်ဆန်းစုကြည်၏

# မြန်မာပြည်ကလာတဲ့စာ [၁၄]

## မိသားစုထဲက ကလေးငယ်

ဖေဖော်ဝါရီ (၂၆)ရက်နေ့

လွန်ခဲ့တဲ့ သီတင်း ၂ ပတ်လောက်က ကျမမိတ်ဆွေ လင်မယား နှစ်ယောက်ရဲ့ သမီးက မိန်းကလေးတယောက် မွေးဖွားပေးလိုက်တဲ့အတွက် သူတို့နှစ်ယောက်ဟာ ပထမဦးဆုံးအချိန်အဖြစ် အဖိုးအဖွားအဖြစ်ကို ရောက်ရှိသွားကြပါတယ်၊ လင်ယောက်ျားဖြစ်သူမှာ အဖိုးအဖြစ်ကိုရောက်ရှိသွားတဲ့ သူ့ရဲ့အနေအထားကို အထူးပင်ဝမ်းမြောက်ဝမ်းသာစွာနဲ့ လက်ခံပါတယ်။ ဇနီးဖြစ်သူမှာ ငယ်ရွယ်နုပျိုပြီး ရုတ်တရက်တွေ့ကြုံရတဲ့ အတွေ့အကြုံတွေက သူ့အတွက် ခက်ခဲနေပုံထွက်နေပေမဲ့လည်း အဖွားအဖြစ်တကယ့်ကိုသင့်တော်တဲ့အရွယ်ပါပဲ။

ယောက်ျားလေးဘက်မှာဆိုရင်လည်း အဲဒီကလေးငယ်လေးဟာ ပထမဦးဆုံးသောမြေးဖြစ်ပါတယ်။ မိသားစု ဘဝထဲကို နောက်ထပ်မျိုးဆက်သစ်အဖြစ် ဝင်ရောက်လာသူလည်းဖြစ်တဲ့အတွက် အလွန်ပင်ချစ်ကြပါတယ်။ ယောက်ျားလေးဘက်က အဖိုးဖြစ်သူဟာ မိန်းကလေးမွေးဖွားရင်အောင်မြင်မှုကို ပေးစွမ်းနိုင်တဲ့ ပြာသိုလမှာ မွေးဖွားတဲ့အတွက် အလွန်ပင်ကျေနပ်အားရမှုဖြစ်





ရကြောင်း ကျမကိုပြောပြပါတယ်။

မိန်းကလေးမွေးဖွားရင် ကံမကောင်းဘူးလို့ယူဆကြတဲ့ လူ့အဖွဲ့အစည်းများရှိကြပေမဲ့လည်း ကျမမိတ်ဆွေတွေက သူတို့ရဲ့မြေးမလေးဟာ ထူးခြားအံ့သြ မှုတွေဖြစ်လာနိုင်စေမယ်လို့ ဝင့်ကြွားစွာနဲ့ ယုံကြည်နေကြပါတယ်။ ယေဘုယျအားဖြင့်ဆိုရင် မြန်မာမိဘတွေဟာ မိန်းကလေးမွေးဖွားရင် ဝမ်းမြောက်ဝမ်းသာနဲ့ လိုလိုလားလားရှိကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမီးမိန်းကလေးတွေက သားယောကျ်ားလေးတွေထက် မိဘကိုပိုပြီးချစ်၊ ပိုပြီး တာဝန်ကျေတတ်တဲ့အပြင် မိဘတွေအသက်ကြီးလာရင်လည်း ပြုစုစောင့်ရှောက်မှုတွေ ပိုပြီးပေးနိုင်တယ်လို့ ယုံကြည်ကြပါတယ်။

ကျမမိတ်ဆွေတွေရဲ့ မြေးမလေးဟာ ကျမရောက်သွားချိန်တုန်းက ၁၂ ရက် သမီးပဲရှိပါသေးတယ်။ ကလေးကို အနှီးနဲ့ပတ်ထားပြီး သစ်သားကြမ်းပြင်ပေါ်မှာ စောင်လေးတွေထပ်ခင်းထားတဲ့အပေါ်မှာ ချသိပ်ထားပါတယ်၊ ကလေးရဲ့အပေါ်မှာတော့ ထီးခြင်ထောင်ကလေးက လှလှပပလေး အုပ်မိုးထားပါတယ်။ ကျမအနေနဲ့ ဒီလိုသေးငယ်သေးတဲ့ ကလေးငယ်လေးတွေကို မတွေ့မမြင်ရတာဆိုရင် တော်တော့်ကိုကြာနေပါပြီ။ ကလေးလေးရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်း ပြည့်စုံပြီး သေးငယ်လှတဲ့ပုံစံကလေးကို ကျမအမှတ်ထင်ထင်ဖြစ်ခဲ့ပါတယ်။

အားလုံးသောကလေးငယ်တိုင်းဟာ အခွံခွာထားတဲ့ ကြက်ဥပြုတ်လိုပဲဆိုတဲ့ Wodehousian အမြင်နဲ့တူတယ်လို့ ကျမမပြောချင်ပါဘူး။ သူတို့ဆီမှာ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ထင်ထင်ရှားရှားမရှိတောင်မှ သူတို့တတွေ ဟာ သီးခြားစီမွေးဖွားလာတယ်ဆိုတဲ့ အမှတ်အသားအဖြစ် တဦးနဲ့တဦးမတူညီ တဲ့ ခြားနားချက်တွေရှိနေကြပါတယ်။ သူတို့တတွေမှာ တဦးချင်းကိုယ်ပိုင်အသံတွေရှိကြတယ်ဆိုတာ ကျမရဲ့ပထမဦးဆုံးသားကိုမွေးဖွားပြီးလို့ သိပ်မကြာခင်မှာပဲ ကျမ သိခဲ့ရပါတယ်၊ မီးဖွားတဲ့ဆေးရုံက ကလေးခန်းထဲမှာ ကျယ်လောင်စွာ အော်ဟစ်နေတဲ့ ကလေးတွေမှာ သူတို့ရဲ့ကိုယ်ပိုင်အသံ အနိမ့်အမြင့်၊ အတက်အကျ၊ အတိုးအကျယ် သံစဉ်ရှိကြတယ်ဆိုတာကို ကျမနာရီအနည်းငယ်အတွင်းမှာပဲ သိခဲ့ပါတယ်။

ကျမမိတ်ဆွေရဲ့ မြေးမကလေးကတော့ ကျမကိုအကျွမ်းတဝင်ဖြစ်စေတဲ့ နို့ဆာလို့တောင်းတဲ့ အသံတောင်မပြုပါဘူး၊ ကျမရောက်နေတဲ့တချိန်လုံး သူဟာပြတိုက်ထဲမှာပြထားတဲ့ အင်ဒီးယန်းကလေးငယ်လိုပဲ တုတ်တုတ်မျှမလှုပ်ပါ





ဘူး၊ တချိန်မှာတော့ သူမဟာ မျက်တောင်ကလေးတဖြည်းဖြည်း ခတ်လိုက်ပါတယ်၊ လှုပ်ရှားမဲ့ပုံစံမျိုးပြပေမဲ့လည်း ပြန်ပြီးငြိမ်သွားပါတယ်။ ကျမကောက်ပြီးချီလိုက်တာတောင် သူမဟာနစ်နစ်မြိုက်မြိုက်ကြီး ပြန် အိပ်ပျော်သွားပါတယ်။ ကျမတို့ အားလုံးစုပြီးကျယ်ပြန့်လှတဲ့ လူ့ဘဝထဲကို အသစ်ဝင်ရောက်လာတဲ့ လူသားကလေးနဲ့အတူ ဓါတ်ပုံအရိုက်ခံကြ ပါတယ်။

ကျမဖတ်ရှုလေ့လာခဲ့ဘူးတဲ့ စာအုပ်စာတမ်းတွေမှာ သဘာဝကဖန်တီးပေးထားတဲ့ ကလေးငယ်များရဲ့ခန္ဓာကိုယ်ဟာ အင်မတန်နုနယ်လှတဲ့အတွက် သူတို့ကိုပြုစုဖို့ ကာကွယ်စောင့်ရှောက်ပေးဖို့ လိုအပ်လှပါတယ်လို့ ဖော်ပြထားပါတယ်။ ကိုယ်အတွက်ဘာမှမလုပ်နိုင်တဲ့ ဒီကလေးအတွက် လိုလိုလားလား လုပ်ကိုင်ဆောင်ရွက်ပေးဖို့ဆိုတာ လူကြီးတွေအတွက် ခက်ခဲစေနိုင်ပါတယ်။

သဘာဝအလျောက်ဖြစ်ပေါ်နေတဲ့ ကလေးတွေရဲ့ အရေပြားရဲ့အနံ့ဟာ သူတို့ကိုထွေးပွေ့ထားစေဖို့ဖိတ်ခေါ် နေပါတယ်။ ကျမဟာကလေးတွေရဲ့ ပုံစံနဲ့ အနံ့အသက်ကို အလွန်ကြိုက်နှစ်သက်ပါတယ်။ ဒါပေမဲ့ သူတို့တတွေရဲ့ ဆွဲဆောင်မှုဟာ သူတို့ရဲ့ ခန္ဓာကိုယ်တခုတည်းပေါ်မှာပဲ မတည်ပါဘူး၊ မိဘတွေ အဖိုးအဖွားတွေဟာ အသစ်မွေးဖွားလာ တဲ့ကလေးအတွက် သူတို့ရဲ့ရင်ထဲမှာ ဘယ်လောက်ပျော်ရွှင်နေသလဲဆိုတာကို ဖော်ပြနေတဲ့ အပြောင်မြောက်ဆုံးသော အလှပဆုံးသော စာတွေကဗျာတွေကို တနေ့မှာ ကျောက်တက်အကွ္ခရာတင်နိုင်မယ်ဆိုတဲ့အတွေးဟာ ဘဝကိုဆက်လက်ရှည်ကြာဘို့ ဆွဲဆန့်သလိုမဟုတ်ပေဘူးလား၊ ကလေးတယောက်မွေးဖွားခြင်းဆိုတာဟာ အနာဂတ်အတွက် မျှော်လင့်ချက်အိပ်မက်တခု မက်သလိုပါပဲ။

ဒါပေမဲ့လည်း တချို့မိသားစုတွေမှာတော့ ဒီလိုအိပ်မက်မျိုး ကြာကြာမမက်နိုင်ကြပါဘူး။ မြန်မာပြည်မှာ မွေးကင်းစကလေးငယ်တွေသေဆုံးမှုဟာ ကလေး အယောက် ၁,၀၀၀ မှာ ၉၄ ယောက်ရှိပါတယ်။ ဒီကိန်းဂဏန်းဟာ အရှေ့အာရှနဲ့ ပစိဖိတ်ဒေသမှာ စတုတ္ထအမြင့်ဆုံးပါပဲ။ ဒီလိုပဲ ငါးနှစ်အောက် ကလေးတွေသေဆုံးမှုဟာလည်း အယောက် ၁,၀၀၀ မှာ ၁၄၇ ယောက်နဲ့ စတုတ္ထအမြင့်ဆုံးမှာရှိပါတယ်၊ မီးဖွားစဉ်သေဆုံးမှုဟာလည်း အယောက် ၁၀၀,၀၀၀ မှာ ၁၂၃ ယောက်နဲ့ ဒီဒေသ မှာ တတိယအမြင့်ဆုံးပါပဲ၊ (ကုလသမဂ္ဂအဖွဲ့အစည်းတွေက သေဆုံးမှုနှုန်းဟာ ဒီ ထက်ပိုနိုင်ပြီး အယောက် ၁၀၀,၀၀၀ မှာ ၁၄၀ ကျော်မယ်လို့ ခန့်မှန်းပါတယ်)




ဒီလိုသေဆုံးမှုနှုန်းမြင့်မားရခြင်း အကြောင်းကတော့ အဟာရချို့တဲ့ခြင်း၊ သန့်ရှင်းမှုမရှိခြင်းနှင့် ရေကောင်းရေသန့်မရရှိခြင်း၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူနည်းပါးခြင်း၊ ကလေးငယ်ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံပညာရေး၊ ကျန်းမာရေးဆိုင်ရာပညာပေးမှုစတဲ့ ပြုစုစောင့်ရှောက်မှုအပိုင်းတွင် အား နည်းခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။

အတိုချုံးပြောရမယ်ဆိုရင် မြန်မာပြည်မှာ ပညာရေးနဲ့ ကျန်းမာရေးဘက်မှာ ပိုပြီးရင်းနှီးမြှုပ်နှံဖို့ အထူးလိုအပ်နေပါတယ်။ အစိုးရရဲ့ ဘတ်ဂျက်ခွဲဝေသုံးစွဲမှုဟာ ဒီကဏ္ဍနှစ်ခုစလုံးမှာ တဖြည်းဖြည်းကျဆင်းလာနေပါတယ်။ ပညာရေးအသုံး စရိတ်ဟာ (၁၉၉၂-၉၃)ဘတ်ဂျက်နှစ်မှာ အသုံးစရိတ်ရဲ့ ၅.၉ ရာခိုင်နှုန်းရှိနေရာ ကနေ (၁၉၉၃-၉၄)မှာ ၅.၂ ရာခိုင်နှုန်းဖြစ်သွားပြီး (၁၉၉၄-၉၅)ကျတော့ ၅.၀ ရာခိုင်နှုန်းပဲရှိပါတော့တယ်၊ ဒီလိုပဲ ကျန်းမာရေးအသုံးစရိတ်ဟာ (၁၉၉၂-၉၃) ဘတ်ဂျက်မှာ အသုံးစရိတ်စုစုပေါင်းရဲ့ ၂.၆ ရာခိုင်နှုန်းကနေ (၁၉၉၃-၉၄)ကျတော့ ၁.၈ ရာခိုင်နှုန်းဖြစ်သွားပြီး (၁၉၉၄-၉၅)မှာ ၁.၆ ရာခိုင်နှုန်းပဲ ရှိပါတော့တယ်။

တိုးတက်ပြောင်းလဲနေတဲ့ ကမ္ဘာကြီးရဲ့ စိမ်ခေါ်မှုတွေကိုရင်ဆိုင်နိုင်ဖို့ ကျန်းမာသန်စွမ်းတဲ့မိခင်တွေက ကျန်းမာသန်စွမ်းတဲ့ကလေးတွေကို မွေးဖွားပေးနိုင်ပြီး ဒီကလေးတွေကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ်။ ဒီကလေးတွေအတွက် ကောင်းမွန်ပြည့်စုံတဲ့ ပညာရေးစနစ်ရှိမယ်ဆိုရင် တိုင်းပြည်ဟာမှန်မှန်ကန်ကန်နဲ့ ဖွံ့ဖြိုးတိုးတက်နေတယ်ဆိုတာကို ပြသနေပါတယ်၊ အနာဂတ်မြန်မာနိုင်ငံရဲ့ ကလေးတွေအတွက် ကျမတို့ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးပြုစုစောင့်ရှောက်မှု၊ ပိုမိုကောင်းမွန်တဲ့ ပညာရေးစနစ်တွေကို နိုင်မာစွာချမှတ်နိုင်ဖို့ လိုပါတယ်။





## ✍ ဒေါ်အောင်ဆန်းစုကြည်၏

# မြန်မာပြည်ကလာတဲ့စာ [၁၅]

သားလပ်ရက်များ

မတ်လ (၄) ရက်နေ့

လွန်ခဲ့တဲ့ ၈လလောက်က ကျမ နေအိမ်မှာ အကျယ်ချုပ်ချခံထားနေရာမှ လွတ်မြောက်လာပြီးကတည်းက ကျမရဲ့ဘဝမှာ ဘာတွေပြောင်းလဲခဲ့သလဲလို့ လူ တွေကမေးကြပါတယ်။ အသိသာဆုံးအချက်ကတော့ ကျမတယောက်တည်းနေရ စဉ်ကာလတုန်းက ရေးဆွဲလုပ်ဆောင်နိုင်ခဲ့တဲ့ တိကျတဲ့အချိန်ဇယားအတိုင်း လုပ်ဆောင်နိုင်ခြင်းမရှိတော့ပါဘူး၊ လုပ်စရာရှိတာတွေကို သေသေချာချာ အစီအစဉ်ရေးဆွဲသတ်မှတ်ပြီး အဲဒီလိုသတ်မှတ်ထားတဲ့အချိန်အတိုင်း အတိအကျ လိုက်နာလုပ်ဆောင်နိုင်ဖို့ အချိန်တွေအလဟဿမဖြစ်စေဖို့ဟာ အရေးကြီးပါတယ်။

ကျမနေ့တိုင်း မနက် ၄ နာရီခွဲဆို အိပ်ရာထပြီး ည ၉ နာရီဆိုရင် မီးပိတ်အိပ်ပါပြီ၊ ကျမအိပ်ချိန်ဘယ်လောက်ရှိသလဲဆိုတာ မတွက်မိပါဘူး၊ ကျန်တဲ့ရက်တွေ နဲ့မတူပဲ စနေနဲ့ တနင်္ဂနွေနေ့တွေမှာ ကျမရဲ့ လုပ်ဆောက်ချက်တွေအကြောင်း နည်းနည်းပြောပါရစေ၊ ရက်သတ္တပတ် ကုန်ဆုံးပြီဆိုရင်ဖြင့် အားလပ်ရက်ပါလားဆိုတဲ့ ခံစားချက်က အမြဲပေါ်လာပါတယ်၊ ရှည်လျားလှတဲ့ ၄၈ နာရီဆိုတဲ့ကာလကို ကျမက ကိုယ်လုပ်ချင်တာလေးတွေကို အေးအေးဆေးဆေး





လွတ်လွတ်လပ်လပ်နဲ့ လုပ်ကိုင် ရင်း အချိန်ကုန်လွန်စေပါတယ်။

ပုံမှန်အလုပ်လုပ်ရက်အတွင်းမှာ လုပ်သလိုပဲ ကျမဟာ မနက် ၄ နာရီခွဲမှာ အိပ်ရာထပါတယ်၊ ပြီးတော့ တနာရီလောက်တရားထိုင်ပါတယ်၊ တရားထိုင်ပြီးသွားရင်တော့ ကျမအဖို့ကျန်တဲ့အချိန်တွေမှာ အလျှင်စလိုလုပ်စရာတွေမရှိတော့ပဲ အေးအေးဆေးဆေးပါပဲ၊ ဗီရိုထဲကို ပစ္စည်းတွေ သူ့နေရာနဲ့သူ သပ်သပ်ရပ်ရပ်ဖြစ်အောင်ထည့်တာပဲဖြစ်ဖြစ် အပ်ချုပ်စက်ဘူးထဲက ပစ္စည်းတွေကိုရွေးထုတ်တာပဲဖြစ်ဖြစ် အဲဒါတွေကိုဘာမှ မပင်မပန်းဘဲလုပ်ကိုင်ရတာ အင်မတန် စိတ်ကျေနပ်ဖို့ကောင်းပါတယ်။

ဒါတင်မကပါဘူး၊ ကိုယ်ကြိုက်တဲ့စာအုပ်တွေပြန်ဖတ်၊ ထူးထူးခြားခြား ကိုယ်ကြိုက်နှစ်သက်တဲ့ စာပိုဒ်တွေကို အရသာခံပြီး ဖတ်ပါတယ်၊ တနင်္ဂနွေဆိုရင်တော့ တကယ့်ကိုဇိမ်ပါပဲ၊ မနက်စာအတွက် ကိုယ့်ဖာသာကိုယ်ကြက်ဥကလေး ပြုတ်စားပါတယ်၊ အခုဆိုရင် အားလပ်ရက်တွေဟာ ကျမနေအိမ်မှာ အကျယ်ချုပ်ချခံထားရတဲ့ ကာလတုန်းက အားလပ်ရက်တွေနဲ့တော့ တခြားစီပါပဲ၊ စနေနေ့ဟာ အလုပ်တွေနဲ့ ပြည့်နေပါတယ်၊ အပတ်တိုင်း ကျမရုံးဝန်ထမ်းတွေနဲ့ ကျမဟာ လာမဲ့သီတင်းပတ်အတွက် အစီအစဉ်လေးတွေကို ညှိနှိုင်းဆွေးနွေးကြပါတယ်၊ သူတို့နဲ့ အားလပ်ရက် စနေနေ့အကြောင်းကိုလည်း တမ်းတမိသလို ပြောဖြစ်ကြပါသေးတယ်။ ဒါပေမဲ့ ကျမတို့ တချို့အစီအစဉ်တွေကို အောင်မြင်အောင်အကောင်အထည် မဖော်နိုင်သေးပါဘူး။

တနင်္ဂနွေနေ့မှာ မည်သူနဲ့မှ တွေ့ဆုံဆွေးနွေးမှုမပြုဘူးလို့ တင်းကျပ်တဲ့ စည်းမျဉ်းတွေ ထုတ်ထားပါတယ်၊ တခါတလေ ရှောင်လွှဲလို့မရတဲ့ တချို့အကြောင်းအရာတွေဟာ တနင်္ဂနွေနေ့မျိုးမှာဖြစ်လာရင်တော့ တင်းကျပ်တဲ့စည်းမျဉ်းဆိုတာဟာ သီအိုရီပဲဖြစ်သွားပါတော့တယ်။ တနင်္ဂနွေနေ့မှာ ချိန်းထားတာ တကယ်မရှိဘူးဆိုလို့ကတော့ တနင်္ဂနွေနေ့ရဲ့မနက်ဟာ အင်မတန်စိတ်လက်ပေါ့ပါးပြီး ကြည်နူးစရာပါပဲ၊ မနက်စာလဖက်ရည်ကို တစိမ့်စိမ့်သောက်ရင်းနဲ့ စာဖတ်နိုင်ပါတယ်။ အလျှင်စလိုမဟုတ်ဘဲ၊ အေးအေးဆေးဆေးရေမိုးချိုးခေါင်းလျှော်နိုင်ပါတယ်။ တပတ်လုံးလုံးမှာ ရှုပ်ပွနေတဲ့ထမင်းစားခန်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင်လုပ်နိုင်ပါတယ်၊ လွတ်လွတ်လပ်လပ်ရှိလှတဲ့ နှစ်သက်ဖွယ်ရာကောင်းလှတဲ့ အားလပ်ရက် ခံစားချက်ကို အပြည့်အဝခံစားနိုင်ပါတယ်။

အားလပ်ရက်ပါလားဆိုတဲ့ ခံစားချက်ဟာ အမှန်တကယ်အားဖြင့်





တနင်္ဂနွေနေ့လည်ဆိုရင်ကုန်ပါပြီ၊ ဘာဖြစ်လို့လည်းဆိုတော့ ကျမရဲ့ ခြံတခါးဝမှာ ညနေလေးနာရီဆိုရင် ပြည်သူလူထုနဲ့ တွေ့ဆုံဖို့အတွက် ပြင်ဆင်ရပါပြီ၊ ပြည်သူလူထုကို စကားပြောဖို့အတွက် တာဝန်ယူစီစဉ်တဲ့ လူငယ်လေးတွေ စက်ပစ္စည်းတွေကို စမ်းသပ်နေကြပါပြီ။ စကားပြောခွက်ကတဆင့် ထပ်ကာတလဲလဲ စူးစူးရှရှထွက်ပေါ်လာတဲ့ testing, testing, One, Two, Three, Four ဆိုတာဟာ ကမ္ဘာပေါ်မှာ ဆွဲဆောင်မှုမရှိဆုံးသော စာသားတွေထဲမှာ တခုအပါအဝင်ဖြစ်ပါလိမ့်မယ်။

တိတ်ဆိတ်နေတဲ့ သီတင်းပါတ်နောက်ဆုံးရက်များရဲ့ လေထုဟာ တနင်္ဂနွေနေ့လည်ပိုင်းမှာ ကွယ်ပျောက်သွားပေမဲ့လည်း အားလပ်ရက်ဆိုတဲ့ အနေအထားလေးကတော့ ဆက်လက်ကျန်ရှိနေတုန်းပါပဲ၊ ညနေဘက်မှာ မိတ်ဆွေတွေ လုပ်ဖော်ကိုင်ဖက်တွေဟာ တဖြည်းဖြည်းနဲ့ ရောက်လာကြတာဟာ မိသားစုတွေ ပြန်လည်တွေ့ဆုံကြသလိုနဲ့ တော်တော်တူပါတယ်။ တချို့ညှို့သည်တွေဆိုရင် စားစရာသောက်စရာယူလာကြပါတယ်၊ အန်န်အယ်လ်ဒီ ဒုတိယဥက္ကဋ္ဌ ဦးကြည်မောင်ရဲ့ ဇနီးဆိုရင် လာတဲ့အခါတိုင်းလိုလို ကောက်ညှင်းပေါင်းနဲ့ အုန်းသီးရယ် ကြွပ်ရွနေအောင်ကြော်ထားတဲ့ ငါးကြော်လေးတွေရယ် ယူလာပေးတတ်ပါတယ်။

ပြည်သူလူထုနဲ့ တွေ့ဆုံပြောဆိုပြီးတဲ့အခါဆိုရင် ကျမတို့ဟာ ခြံဝင်းထဲမှာ ကိုယ့်အုပ်စုနဲ့ကိုယ် အဖွဲ့ကလေးတွေဖွဲ့ပြီး ကောက်ညှင်းပေါင်းစားရင်း ရေနွေးပူပူကလေးကိုမှုတ်သောက်ရင်း ကိုယ့်သတင်းသူ့သတင်း အပြန်အလှန်ပြောဆို ဖလှယ်ကြပါတယ်။ ဒီလို အပြန်အလှန်ပြောဆိုနေကြပုံ ဒီအုပ်စုလေးတွေထဲမှာ တချက်တချက် ဝါးကနဲ ဝါးကနဲ ရယ်သံတွေထွက်ပေါ်လာပုံကို အပြင်လူတယောက်ကသာ ကြည့်နေလို့ရှိရင် ဒီလူတွေဟာ ကြပ်ကြပ်တည်းတည်း အခြေအနေကြားထဲမှာ ဖိုက်ဆံတပြားတချပ်မှမရပဲ ကိုယ့်သဘောနဲ့ကိုယ် နေ့တိုင်းလာပြီး အတူတူ အလုပ်လုပ်နေကြတဲ့ လူတွေလို့ ထင်မှာမဟုတ်ပါဘူး။

ကျမတို့တွေ သီတင်းပါတ်ရဲ့ အလုပ်ရက်တွေမှာ ည ၈ နာရီထိုးမှ အလုပ်တွေသိမ်းပေမဲ့လည်း တနင်္ဂနွေနေ့တွေဆိုရင်တော့ အများအားဖြင့် ည ၇ နာရီဆိုရင် သိမ်းကြပါတယ်၊ လာရောက်ကူညီသူတွေ ညှို့သည်တွေပြန်ကြပြီဆိုရင် ကျမအတွက် သီတင်းပါတ်နောက်ဆုံးရက် အားလပ်ချိန်တွေ ကုန်ဆုံးပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ တနင်္လာနေ့မတိုင်မီ အပြီးအစီးလုပ်ဖို့လိုတဲ့ စာရေး





တာ စာဖတ်တာတွေ လုပ်စရာရှိလို့ပါပဲ၊ နောက်တပါတ်အတွက် အလုပ်တွေအားလုံးပြင်ဆင်ပြီးမှ ကျမအိပ်ရာဝင်ပါတယ်၊ တခါတလေဆိုရင် ကျမနဲ့ အတော်ကိုရင်းနှီးတဲ့ မိတ်ဆွေရဲ့ အင်မတန်ကောင်းတဲ့ သူ့အသံနဲ့ အလုပ်များနေတဲ့ နေ့တနေ့အပြီးမှာဆိုတတ်တဲ့ သီချင်းလေးကိုပြန်ကြားယောင်မိပါတယ်။

"အလုပ်တွေကနေနားပါကွယ် . . . တနေကုန် ကြာရှည်စွာလုပ်နေတဲ့ သူလေးရယ် . . . မိုးချုပ်လှပြီကွယ် အနားယူလိုက်ပါ တကယ် ......"

စာနယ်ဇင်းသမားတွေ ကျမနဲ့တွေ့ဆုံတဲ့အခါတိုင်း မေးတဲ့မေးခွန်းတခု ရှိပါတယ်၊ ကြပ်တည်းလှတဲ့အခြေအနေတွေ အကန့်အသတ်တွေကြားထဲမှာ လှုပ်ရှားနေရတဲ့ နိုင်ငံရေးပါတီတွေ၊ အထူးသဖြင့် အန်န်အယ်လ်ဒီအနေနဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ ပြန်လည်ထွန်းကားရေးအတွက် ကြိုးပမ်းရတာဟာ ဝန်ထုပ်ဝန်ပိုးကြီးတခု ဖြစ်မနေဘူးလားဆိုတဲ့ မေးခွန်းပါပဲ။

အခက်အခဲတွေရှိနေပေမဲ့လည်း ကျမလုပ်ဆောင်နေရတဲ့ အလုပ်တွေနဲ့ ပတ်သက်ပြီး ဝန်ထုပ်ဝန်ပိုးလို့ မယူဆတဲ့အဓိကအချက်နှစ်ချက်ရှိပါတယ်၊ ပထမတချက်ကတော့ ကျမဆီမှာ ယုံကြည်လေးစားထိုက်ပြီး ဂုဏ်ယူဖွယ်ရာလည်းကောင်း၊ ဇဝနဉာဏ်နဲ့ပြည့်စုံ သန္နိဋ္ဌာန်ခိုင်ခိုင်မာမာချထားတဲ့ လုပ်ဖော်ကိုင်ဘက်တွေရှိလို့ပါပဲ၊ ဒုတိယတချက်ကတော့ ကျမကောင်းကောင်းစဉ်းစားတွေးခေါ် လို့ရတဲ့ နားရက်တွေရှိတာအပါအဝင် နေ့စဉ်လုပ်ဆောင်တာတွေထဲက စိတ်ကျေနပ်ဖွယ်ရာကောင်းတဲ့ အချက်တွေကနေ ကျမအင်အားသစ်တွေရတာပါပဲ။





ဒေါ်အောင်ဆန်းစုကြည်

ရေး

# မြန်မာပြည်ကလာတဲ့စာ [၂၆]

ပြည်ထောင်စုနေ့အခါ

မတ်လ (၁၁) ရက်နေ့

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ချင်း၊ ကချင်၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင်များနဲ့ ဗမာအစိုးရအဖွဲ့ကိုယ်စားလှယ် ကျမရဲ့ဖခင်တို့ စာချုပ်တခုချုပ်ဆိုခဲ့ပါတယ်၊ ရှမ်းပြည်နယ် ပင်လုံမြို့မှာ ချုပ်ဆိုခဲ့တဲ့အတွက် ပင်လုံစာချုပ်လို့ ထင်ရှားခဲ့တဲ့ ဒီစာချုပ်က ရှမ်း၊ ကချင်နဲ့ ချင်းတိုင်းရင်းသားတွေဟာ ယာယီဗမာအစိုးရနဲ့ အမြန်ပူးပေါင်းလိုက်ခြင်းဖြင့် လွတ်လပ်ရေးဟာ အလျှင်အမြန်ရမယ်ဆိုတာကို ယုံကြည်နေတယ်လို့ဖော်ပြနေပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံဟာ နိုင်ငံတွင်းမှာမှီတင်းနေထိုင်နေကြတဲ့ တိုင်းရင်းသားပြည်သူအားလုံးက လွတ်လပ်တဲ့နိုင်ငံအတွင်းမှာ စုစည်းညီညွတ်စွာနဲ့နေထိုင်ကြမယ်လို့ မိမိတို့သဘောဆန္ဒအလျောက် ဆုံးဖြတ်ထားတဲ့အပေါ်မှာ အခြေခံထားတယ်ဆိုတာ ဒီစာချုပ်ကသက်သေပြနေပါတယ်၊ ဒါကြောင့်လည်းပဲ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့လို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာလည်း ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့ပြီး အဲဒီ အခမ်းအနားမှာ အဖွဲ့ချုပ်ရဲ့ တိုင်းရင်း



သားလူမျိုးစုများအပေါ် သဘောထားကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ကပွဲအစီအစဉ်များကိုလည်း ပြုလုပ်ခဲ့ပါတယ်။

ဒါ့အပြင် မြန်မာပြည်အနှံ့ကလာတဲ့ အထည်တွေ၊ အမှတ်တရပစ္စည်းတွေ၊ လဖက်ရည်၊ အချိုရည်၊ ရခိုင်မုန့်တီ၊ ရှမ်းခေါက်ဆွဲနဲ့ ရှမ်းတို့ဟူးသုပ် စတာတွေကို ရောင်းချတဲ့ ဈေးရောင်းပွဲလေးတခုကိုလည်း ပြုလုပ်ခဲ့ပါသေးတယ်၊ စားသောက်ဆိုင်လေးတွေဆိုရင် တကယ့်ကိုအားပါးတရနဲ့ ရောင်းချနေတာကိုတွေ့ရပါတယ်၊ ကျမကိုယ်တိုင်လည်း လျှာပေါ်တင်လိုက်တယ်ဆိုရင်ပဲ အေးပြီးနူးညံ့လှတဲ့ ရှမ်းတို့ဟူးရဲ့ တကယ့်အရသာကို ကောင်းကောင်းကြီး သိသွားပါတယ်။

ကျမတို့ခန့်မှန်းတွက်ချက်ကြည့်တာ လူအယောက် ၅,၀၀၀ လောက် ကျမတို့ရဲ့အထိမ်းအမှတ်ပွဲကို လာကြပါတယ်၊ ဒါတောင်မှ အနန်အယ်လ်ဒီက လုပ်တဲ့ ပြည်ထောင်စုပွဲကို လာတဲ့သူတွေကို ခြိမ်းခြောက်တာတို့ အနှောင့်အယှက်ပေးတာတို့ကို တချို့မြို့နယ်အာဏာပိုင်တွေကလုပ်တဲ့အတွက် လာချင်ရဲ့သားနဲ့ မလာနိုင်တဲ့သူတွေ ရှိနေပါသေးတယ်။

မှော်ဘီမြို့နယ်က ကရင်ရွာသားတွေကို အာဏာပိုင်တွေက ကျမတို့ရဲ့ပွဲကိုသွားပြီး မကဖို့ပြောပါတယ်၊ သူတို့တတွေဟာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မနက်မှာ ကျမတို့ဆီလာဖို့ကားငှားတာ ဘယ်ကားမှငှားလို့မရဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့တတွေဟာ ပုံမှန်ပြေးဆွဲနေတဲ့ လိုင်းကားတွေနဲ့ပဲ ကျမတို့ရဲ့ပွဲကို ရောက်အောင်လာခဲ့ကြပါတယ်။

ဖျော်ဖြေရေးအစီအစဉ်ကိုတော့ မွန်အမျိုးသမီးလေးရဲ့တပင်တိုင်အကနဲ့ စတင်ခဲ့ပါတယ်၊ သူမဝတ်ထားတဲ့ လိမ္မော်ရောင်တောက်တောက် ပိုးသားဘရိကိတ်နဲ့ ဟသ်ာင်္ဂကျင်ပုံပါတဲ့ ခေါင်းကစည်းပုံဟာ ပွဲကြည့်ပရိသတ်ကို အထူးအာရုံစိုက်စေနိုင်ခဲ့ပါတယ်၊ သူမရဲ့စည်းချက်ဝါးချက်ညီညီ ကကြိုးကကွက်ဟာလည်း အလွန်ကြည့်ကောင်းပြီး ကျက်သရေလည်းရှိလှပါတယ်၊ နူးညံ့ပျော့ပြောင်းတဲ့ လက် ကကွက်တွေကလည်း အရှေ့တောင်အာရှက အကတွေရဲ့ သွင်ပြင်လက္ခဏာတွေပါပဲ။

မွန်ပြည်နယ်အတွင်း ကျေးရွာတရွာကနေလာတဲ့ ပအိုဝ့်အကအဖွဲ့တဖွဲ့ဟာ ထူးထူးခြားခြားကပြသွားခဲ့ပါတယ်၊ အမျိုးသားတွေက ရှမ်းအင်္ကျီအဖြူ အပေါ်အင်္ကျီအနက်၊ ဘောင်းဘီအနက်ပွပွကို ဝတ်ဆင်ထားပြီး ခေါင်းမှာလည်း ခေါင်းပေါင်းပတ်ထားပါတယ်၊ အမျိုးသမီးတွေရဲ့ အဝတ်အစားကလည်း





အနက်ရောင်ဘဲဖြစ်ပါတယ်၊ အင်္ကျီက ဒူးခေါင်းအထိရှည်ပြီး အပေါ်အင်္ကျီနဲ့ ခေါင်းပေါင်းနဲ့ပါဘဲ။

အဲဒီအဖွဲ့နဲ့အတူပါလာတဲ့ အမျိုးသမီးလေးတဦးဟာ အသံအမြင့်ဆုံးနဲ့ သီချင်းသီဆိုကပြဖျော်ဖြေသွားပါတယ်။ ပအိုဝ့်အကအဖွဲ့ရဲ့ စိတ်လှုပ်ရှားဖွယ် အကောင်းဆုံးအကကတော့ ဓါးသိုင်းအကပါပဲ၊ အမျိုးသားတွေဟာ အထူးသတိကြီးစွာထားပြီး လှလှပပကပြသွားပါတယ်။

ရန်ကုန်မြို့ရဲ့ အရှေ့တောင်ဖက်မှာရှိတဲ့ ရှမ်းတိုင်းရင်းသားတွေက ဖျော်ဖြေရေးအစီအစဉ်ရဲ့ နောက်ဆုံးပိတ်မှာ ရှမ်းရိုးရာဓါးသိုင်းအကနဲ့ တင်ဆက်သွားပါတယ်။ ရှမ်းအိုးစည်၊ လင်းကွင်းနဲ့ ကြေးနောင်တို့က ထွက်ပေါ်လာတဲ့ သံစဉ်နဲ့အညီ ကကြိုးကကွက်စုံလင်စွာနဲ့ လျှင်မြန်သွက်လက်စွာ ကပြသွားပါတယ်။ ပရိသတ်ကလည်း လက်ခုပ်တီးကာ နဒီလိုက်ကြပါတယ်။

တချို့တွေဆိုရင် စိတ်အားတက်လာပြီး ထကကြတဲ့အထိ ဖြစ်သွားကြပါတယ်၊ ပရိသတ်အားအပေးဆုံးနဲ့ အကြိုက်ဆုံးကတော့ ဓါးနှစ်လက်အကပါပဲ၊ ခန္ဓာကိုယ်ဗလာနဲ့ ဓါးသမားရဲ့လက်ထဲမှာ ကိုင်ထားတဲ့ဓါးဟာ မြနေအောင်သွေးထားတော့ စင်ပေါ်ကမီးရောင်အောက်မှာ တလက်လက်နဲ့ပါပဲ၊ အားမာန်အပြည့်နဲ့ ဓါးနှစ်လက်ကိုကျင်လည်စွာကိုင်တွယ်ရင်းနဲ့ လျှင်မြန်စွာလှုပ်ရှားကပြသွားတဲ့အတွက် ပရိသတ်ရဲ့ ချီးကျူးထောပနာပြုခြင်းခံခဲ့ရပါတယ်။

ခပ်စောစောပိုင်းအစီအစဉ်တွေထဲမှာ ရှမ်းတိုင်းရင်းသား အမျိုးသမီးအဖွဲ့တဖွဲ့ကလည်း ပန်းရောင်ဝတ်စုံကလေးတွေနဲ့ ယိမ်းအကကို ဖျော်ဖြေသွားပါသေးတယ်။ ဒါတင်မကပါဘူး၊ ရခိုင်အမျိုးသမီးလေးတဦးကလည်း ရခိုင်ရိုးရာအကကို ဖော်ထုတ်ကပြသွားပါသေးတယ်။ ကရင်၊ ကယား၊ ကချင်နဲ့ ချင်းတိုင်းရင်းသားရိုးရာများအပြင် မြန်မာ့ရိုးရာကိုလည်း မြိုင်မြိုင်ဆိုင်ဆိုင်တင်ဆက်သွားပါသေးတယ်။

ဒီရိုးရာအကတွေဟာ သူ့ဟာနဲ့သူ သီးခြားစီဆွဲဆောင်မှုရှိကြပါတယ်။ ချင်းရိုးရာအကဆိုရင် တခြားဓါးအကတွေနဲ့ မတူခြားနားပါတယ်။ ဒီအကကိုကြည့်ပြီး တချို့ပရိသတ်တွေဆီက တက်ကြွတဲ့တုန့်ပြန်မှုတွေရတဲ့အပြင် လူကြိုက်များခဲ့ပါတယ်၊ ကတဲ့သူတွေဟာ လှပစွာယက်လုပ်ထားတဲ့ အထည်တွေကို ဝတ်ဆင်ထားကြပါတယ်။ အမျိုးသားတွေဟာ ချင်းစောင်တွေကိုပတ်ပြီးခြုံထားတာဟာ ရောမခေတ်က ဖက်ရှင်ပုံစံမျိုးလိုပါပဲ၊ သူတို့တတွေဟာ အမျိုးသား





အမျိုးသမီးနှစ်ယောက်တတွဲနဲ့ စင်ပေါ်မှာစည်းချက်ဝါးချက်နဲ့အညီ ခြေလှမ်းမှန်မှန်လှမ်းကာ လှည့်ပတ်ပြီးကကြပါတယ်။ ခေါင်းဆောင်ဖြစ်သူအရပ်ရှည်ရှည်နဲ့လူငယ်ဟာ ညာဖက်လက်ထဲကခါးကို မြှောက်ကာမြှောက်ကာနဲ့ကပါတယ်၊ သူ့ရဲ့ဘယ်ဖက်မှာတော့ ချစ်စဖွယ်ကောင်းတဲ့ မိန်းကလေးကလူငယ်လေးရဲ့လက်မောင်းကို ယုယစွာကိုင်တွယ်ထားပါတယ်။ ဂီတသံစဉ်အပြင် ထူးခြားလှတဲ့ ဒီအကဟာ စွဲမက်စရာပါပဲ။

ဒီလို အမျိုးမျိုးသော အကတွေဟာ ကျမတို့မြန်မာပြည်က တိုင်းရင်းသား လူမျိုးစုတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ အားလုံးတိုးတက်ဖွံ့ဖြိုးပြီး ငြိမ်းချမ်းပျော်ရွှင်စွာနဲ့ အတူတကွနေထိုင်နိုင်မယ့် ခိုင်မာတဲ့နိုင်ငံတည်ဆောက်ဖို့အတွက် စစ်မှန်တဲ့ စိတ်ဆန္ဒ၊ စေတနာရှိတဲ့သူတိုင်းဟာ တိုင်းရင်းသားလူမျိုးစုတွေအချင်းချင်း စည်းလုံး ညီညွတ်မှုဆိုတဲ့ အခြေခံကိုလိုက်နာရမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ ကိုယ့်ရဲ့ဆန္ဒနဲ့မကိုက်ညီတဲ့ သဘောထားအမြင်တွေ၊ အယူအဆတွေအပေါ်မှာ စိတ်ရှည်ရှည်နဲ့ နားလည်သည်းခံနိုင်မယ်ဆိုရင် တိုင်းရင်းသားလူမျိုးစုအချင်းချင်း အပြန်အလှန်နားလည်မှု ယုံကြည်မှုတွေထွန်းကားလာနိုင်ပြီး၊ ရိုးရာဓလေ့ထုံးစံတွေ စိတ်ဆန္ဒတွေမတူညီကြတဲ့ တိုင်းရင်းသားပြည်သူအားလုံး လွတ်လပ်စွာနဲ့ အသက်ရှင်နေထိုင်နိုင်မှာဖြစ်ပါတယ်။





ဒေါ်အောင်ဆန်းစုကြည်၏

# မြန်မာပြည်ကလာတဲ့စာ [၁၇]


## အထိမ်းအမှတ်များတဲ့ သီတင်းပတ်

မတ်လ (၁၈) ရက်နေ့

ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပြည်ထောင်စုနေ့အခမ်းအနားကို ကျမတို့ စိတ်ရောကိုယ်ပါ ပါဝင်လုပ်ဆောင်ခဲ့ပြီးတဲ့နောက်၊ နောက်တနေ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဟာ ကျမဖခင်ရဲ့မွေးနေ့ဖြစ်သလို မြန်မာနိုင်ငံရဲ့ ကလေးများနေ့လည်းဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ဒီသီတင်းပါတ်ဟာ အလုပ်များပြီး အတော်ပင်ပန်းတဲ့ သီတင်းပါတ်ဖြစ်ခဲ့ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လူငယ်အဖွဲ့က လူငယ်တွေဦးဆောင်ကျင်းပတဲ့ ကလေးများနေ့အထိမ်းအမှတ်ပွဲကို ကိုယ့်ခြေထောက်ပေါ်မှာကိုယ် ကောင်းကောင်းမရပ်နိုင်သေးတဲ့ အရွယ်ကစပြီး ၁၂ နှစ်သားအရွယ်ထိ ကလေးပေါင်း ၁၃၀ တက်ရောက်ကြပါတယ်။

ကလေးတွေရဲ့ပျော်ဖြေရေးအစီအစဉ်မှာ ပြဇာတ်တိုလေးတခု၊ ကဗျာရွတ်ဆိုတာလေးတွေနဲ့ မြန်မာ့ရိုးရာအကသုံးမျိုးကို ထည့်သွင်းတင်ဆက်ခဲ့ကြပါတယ်။ ကျေးတောသူလေးရဲ့ပုံကို ဖေါ်ထုတ်ပြသသွားတဲ့ နပန်းဆံ အက ကတော့ လူတိုင်းကိုသဘောကျနှစ်ခြိုက်အောင် ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ရွှင်ပြသွက်လက်နေတဲ့ မျက်နှာထားနဲ့ ပါးတဖက်မှာလည်း ချစ်စဖွယ်ပါးချိုင့်ကလေးနဲ့ ကလေး



မလေးဟာ ၆ နှစ်ဆိုတဲ့ အရွယ်နဲ့မမျှလောက်အောင် ကောင်းကောင်း ကပြဖျော်ဖြေသွားခဲ့ပါတယ်။ သွက်သွက်လက်လက်နဲ့ လှလှပပကနေတဲ့ ကလေးမလေးရဲ့ ဘေးတဘက်တချက်မှာတော့ ကလေးနှစ်ယောက် ဟာ ခေါင်းမှာ လက်ကိုင်ပုဝါကိုစည်းထားပြီး ဝတ်စားထားပုံကလည်း ကျေး တောသားလူငယ်ပုံ ပေါက်နေပါတယ်။


ကိုယ်တိုင်သီချင်းဆိုနေတဲ့ပုံမျိုးနဲ့ ပါးစပ်ကိုကျွမ်းကျင်စွာလှုပ်သွားသလို အမူအရာကိုလည်းပိုင်နိုင်စွာ သရုပ်ဆောင်သွားနိုင်ခဲ့ပါတယ်။ ပုလွေမှုတ်တဲ့နေရာ ကို သရုပ်ဆောင်တဲ့နေရာလည်းရောက်ရော ပီပြင်လွန်းအားကြီးလို့ လက်ခေါက် မှုတ်သံတရှီရှီနဲ့ တခဲနက်အားပေးကြပါတယ်။ ကလေးနှစ်ယောက်ထဲက တ ယောက်ဟာ မျက်လုံးက ဒုက္ခပေးတဲ့မျက်လုံးမျိုးနဲ့ အမြင်ကပ်ဖို့ကောင်းတဲ့ မျက် နှာပေးမျိုးကို အစအဆုံးဒီပုံအတိုင်း သရုပ်ဆောင်သွားနိုင်ခဲ့ပါတယ်။ နပန်းဆံ အကတခုတည်းနဲ့တင် ပွဲကြည့်ပရိသတ်က ကလေးတွေဟာ ပြည်ထောင်စုနေ့က ကပြသွားခဲ့တဲ့ လူကြီးတွေထက်ပိုပြီး အရည်အသွေးရှိတယ်လို့ ပြောရမှာပါပဲ။

ကလေးတွေဟာ သူတို့ရဲ့အနုပညာအရည်အသွေးကို လေ့ကျင့်တဲ့ နေ ရာမှာ အထူးအလေးထားပြီး လုပ်ဆောင်သွားတာကတော့ ပြောစမှတ်ပြုစရာ ပါပဲ။ စင်မြင့်ကိုကြောင်ရွံ့ခြင်းကလည်းမရှိ၊ စိတ်ရောကိုယ်ပါ သူတို့ရဲ့ ကပြသရုပ် ဆောင်ပုံကိုကြည့်ပြီး ပျော်ရွှင်နှစ်ခြိုက်ဖွယ်ဖြစ်ရပါတယ်။ အောင်မြင်စွာကျင်းပ နိုင်ခဲ့တဲ့ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားကြောင့် ကျမတို့ရဲ့စိတ် ဓါတ်တွေ ပိုမိုအားတက်နိုင်မာလာခဲ့သလို ကလေးများနေ့ အစီအစဉ်က ကျမတို့ ကို တကယ်ရွှင်လန်းတက်ကြွစေခဲ့ပြီး ကျမတို့ကိုယ်တိုင်လည်း ပြန်လည်နုပျိုသွား သလို ခံစားလိုက်ရပါတယ်။

ဖေဖေါ်ဝါရီလ ၁၄ ရက်နေ့ဟာ လွတ်လပ်တဲ့မြန်မာနိုင်ငံရဲ့ ပထမဆုံး ဝန်ကြီးချုပ် ဦးနုကွယ်လွန်အနိစ္စရောက်တာ တနှစ်ပြည့်တဲ့နှစ်ပတ်လည်နေ့ဖြစ် ပါတယ်၊ သူ့မိသားစုနဲ့ နိုင်ငံရေးမိတ်ဆွေအပေါင်းအဖေါ်တွေက ရန်ကုန်မြို့က ဘုန်းကြီးကျောင်းကြီးတခုမှာ အမှတ်တရအခမ်းအနားတခုပြုလုပ်ဖို့ စီစဉ်ခဲ့ပါ တယ်။

အာဏာပိုင်တွေဟာ ဒီအခမ်းအနားပြုလုပ်ဖို့ စီစဉ်တဲ့ကော်မီတီကို နိုင်ငံရေးသမားများအား ဖိတ်ကြားခြင်းမပြုဖို့ ဖေဖေါ်ဝါရီ ၁၃ ရက်နေ့မှာ ပြော ကြားခဲ့ပါတယ်။ အဲဒီကော်မီတီကလည်းရှင်းပြပါတယ်၊ ဖိတ်စာတွေကို အားလုံး





ဝေပြီးသွားပြီ၊ ဦးနုကိုယ်တိုင်ကလည်း နိုင်ငံရေးသမားတယောက် ဖြစ်ပါတယ်၊ ဒါကြောင့် ဒီအခမ်းအနားကို တက်မဲ့သူတွေကလည်း နိုင်ငံ ရေးသမားတွေပဲဖြစ်ပါလိမ့်မယ်လို့ ပြောခဲ့ပါတယ်၊ အဲဒီညမှာပဲ ဒေသ ဆိုင်ရာအာဏာပိုင်တွေဟာ နောက်တ နေ့မှာ ဘာလုပ်ရင်ကောင်းမလဲဆိုတာ ဆွေးနွေးနေကြပါတယ်။

ဒီအခမ်းအနားကိုမတက်ဖို့ အာဏာပိုင်တွေတားတဲ့ နိုင်ငံရေးသမား တွေဆိုတာ အန်န်အယ်လ်ဒီအဖွဲ့ဝင်တွေဖြစ်ပုံရပါတယ်၊ ကျမတို့ တတွေ အခမ်း အနားကျင်းပတဲ့နေရာကိုရောက်ရင် အနှောက်အယှက်ဖြစ်စေဖို့အတွက် ခရမ်း ချဉ်သီးတွေနဲ့ ပစ်ပေါက်ဖို့အမိန့်ပေးထားပါတယ်။ ဒီလိုအမိန့်ပေးခံရတဲ့ သူတ ချို့ဟာ မကျေမနပ်ဖြစ်ကြပါတယ်၊ ဒီအစီအစဉ်နဲ့ပါတ်သက်ပြီး ကျမတို့လည်း သတင်းရရှိခဲ့ပါတယ်၊ ကျမတို့တတွေလည်း စီစဉ်ထားပြီးဖြစ်တဲ့အတိုင်း အခမ်း အနားကိုတက်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ကျမတို့ကို ခရမ်းချဉ်သီးနဲ့ ပစ် ပေါက်ခံရရင် ဒီလိုပစ်ပေါက်ဖို့ ဘယ်သူက အမိန့်ပေးစေခိုင်းသလဲဆိုတာ မေး မယ်လို့လည်း ဆုံးဖြတ်ခဲ့ပါတယ်။

၁၄ ရက်နေ့မနက် ၆ နာရီခွဲမှာတော့ အခမ်းအနားကျင်းပရေး ကော်မီ တီက ပုဂ္ဂိုလ်တွေ မသိတဲ့လူတွေရာချီပြီး ဘုန်းကြီးကျောင်းပတ်ပတ်လည်မှာ ရောက်နေကြပါတယ်။ မနီးမဝေးရပ်ထားတဲ့ တိုယိုတာကားတစီးပေါ်မှာ ခရမ်း ချဉ်သီး ၃ သေတ္တာအပြည့်နဲ့ပါပဲ။ ဒီခရမ်းချဉ်သီးတွေကို ရဲတပ်ကြပ်တဦးက ယူ လာတယ်လို့ပြောပါ တယ်။ ဒီလိုမဖိတ်ပဲနဲ့ရောက်လာတဲ့ ဧည့်သည်တွေဟာ နဝတရဲ့ ကြီးကြပ်လမ်းညွှန်မှုအောက်မှာရှိတဲ့ လူမှုကိစ္စများကိုဆောင်ရွက်မယ်ဆို တဲ့ အသင်းဖြစ်တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်း (ကြံ့/ဖွံ့) အဖွဲ့ ဝင်တွေနဲ့ တော်တော်တူပါတယ်။

အဲဒီအဖွဲ့ကြီးရဲ့ အရှေ့ပိုင်းခရိုင်အတွင်းရေးမှူးက ခရမ်းချဉ်သီးနဲ့ ပစ် ပေါက်တိုက်ခိုက်ဖို့ အမိန့်ပေးတယ်လို့ ကျမတို့ကိုပြောပါတယ်၊ ဒါပေမဲ့ လက် တွေ့လည်းကျရော ဘာမှမဖြစ်ပါဘူး။ အဲဒီနေရာမှာ ဒီမိုကရေစီကိုနှစ်နှစ်ကာ ကာနဲ့ မှန်မှန်ကန်ကန်နဲ့ယုံကြည်အားပေးနေတဲ့သူ တော်တော်များများရှိနေလို့ လည်း ဖြစ်ကောင်းဖြစ်နိုင် ပါတယ်။ ဒါမှမဟုတ် အနှောင့်အယှက်ပေးဖို့ စေလွှတ် ခံရတဲ့ သူတွေကိုယ်တိုင်က ဒီလိုလုပ်ဖို့စိတ်ဆန္ဒမရှိတာလည်း ဖြစ်ကောင်းဖြစ်နိုင် ပါတယ်။



ကျမလည်း ဦးနုရဲ့ အမှတ်တရအခမ်းအနားမှာ ကြာကြာမနေနိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီနေ့မနက်မှာ အန်န်အယ်လ်ဒီရဲ့ ပညာရေးဆိုင်ရာ ဟောပြောပွဲကိုကျင်းပဖို့ စီစဉ်ထားလို့ပါပဲ၊ ဟောပြောမဲ့ပုဂ္ဂိုလ်က ဒေါက်တာသာလှ ဖြစ်ပါတယ်။ သူဟာမြန်မာပြည်မှာပေါ်ပေါက်ခဲ့သမျှသော အတော်ဆုံးပညာရှင်များထဲက တယောက်ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ပါမောက္ခချုပ်လုပ်ခဲ့ပြီး ယူနက်စ်ကိုမှာလည်း နှစ်ပေါင်းအတော်ကြာတာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့သူ ဖြစ်ပါတယ်။ သူဟောပြောတဲ့ အကြောင်းအရာက သူဒေါက်တာဘွဲ့ရခဲ့တဲ့ သူမိဗေဒပညာရပ်ဆိုင်ရာမဟုတ်ပါဘူး။ ၁၃ ရာစုကုန်နဲ့ ၁၄ ရာစုအစပိုင်းလောက်က မြန်မာပြည်ကိုပထမဆုံးအုပ်ချုပ်ခဲ့တဲ့ မင်းတပါးရဲ့ ရှမ်းနဲ့ဗမာလူမျိုးအကြား စည်းလုံးညီညွတ်မှုရှိရေးကို ဆောင်ရွက်ခဲ့ပုံအကြောင်းတွေ ဖြစ်ပါတယ်။

ဟောပြောချက်တွေဟာ ဗဟုသုတရတဲ့အပြင် စိတ်ဝင်စားဖို့လည်း ကောင်းလှပါတယ်။ အဲဒီနောက်မှာတော့ ဒေါက်တာသာလှနဲ့ မြန်မာ့ကဗျာ လောကရဲ့ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးဖြစ်တဲ့ ဦးဝန် (မင်းသုဝဏ်)တို့ အပြန်အလှန် ဆွေးနွေးကြပါတယ်။ ဒီလိုပညာကြွယ်ထူးချွန်တဲ့ ပညာရှင်နှစ်ယောက်ရဲ့ ဆွေးနွေးချက်တွေ၊ အမြင်ချင်းဖလှယ်ကြတာတွေကို နားထောင်ရတာဟာ အင်မတန် ဝမ်းမြောက်ကြည်နူးဗိတိဖြစ်ရပါတယ်။ ဆိုးသွမ်းရမ်းကား လိုသူတွေက စည်းရုံးခေါ်ဆောင် လို့လိုက်ပါလာကြတဲ့သူတွေရဲ့ မကောင်းတဲ့စိတ်တွေကို ဖယ်ရှားပြစ်နိုင်ခဲ့ပြီး အေးအေးဆေးဆေးနဲ့ဖြစ်သွားတာကို သိလိုက်ရတော့ ဘယ်လောက် အံ့သြစရာကောင်းလိုက်သလဲ။ ။





✍ ဒေါ်အောင်ဆန်းစုကြည်
၏

# မြန်မာပြည်ကလာတဲ့စာ [၁၈]

မိတ်ဆက်ပေးခြင်း (၁)

မတ်လ (၂၅) ရက်နေ့

အန်န်အယ်လ်ဒီရဲ့ လှုပ်ရှားမှုတွေအကြောင်း ရေးသားရင်းနဲ့ တခါတလေမှာ ကျမတို့ပါတီရဲ့ အဓိကကျနေတဲ့ ပုဂ္ဂိုလ်တွေရဲ့နာမည်တွေကို သတိထားမိမှာဖြစ်ပါတယ်၊ ဒါကြောင့်ကျမအနေနဲ့ အန်န်အယ်လ်ဒီ အလုပ်အမှုဆောင်ကော်မီတီဝင်တွေဖြစ်တဲ့ အငြိမ်းစားတပ်မတော်အရာရှိ ၄ ဦးကို မိတ်ဆက်ပေးပါရစေ။

အန်န်အယ်လ်ဒီရဲ့ ဥက္ကဋ္ဌကတော့ ဦးအောင်ရွှေဖြစ်ပါတယ်၊ သူဟာ ၁၉၄၂ ခုနှစ်မှာ မြန်မာ့လွတ်လပ်ရေးတပ်မတော် ဘီအိုင်အေထဲကို ဝင်ခဲ့ပါတယ်၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေချိန်အတွင်း တိုင်းပြည်အတွက် ကျရာနေရာကနေ ဘယ်လိုပဲဖြစ်ဖြစ် တာဝန်တခုကိုထမ်းဆောင်ဖို့လိုအပ်တယ်လို့ ခံယူခဲ့ကြတဲ့ ပညာတတ်လူငယ်များထဲမှာ သူဟာတယောက်အပါအဝင်ဖြစ်ပါတယ်။ (တပ်မတော်ထဲမဝင်ခင် ၂ နှစ်လောက်ကတည်းက ရန်ကုန်တက္ကသိုလ်ကနေ ဘွဲ့ရခဲ့ပါတယ်။)

၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံဟာ လွတ်လပ်တဲ့နိုင်ငံဖြစ်လာပြီးတဲ့နောက် သူဟာတပ်မတော်ထဲမှာပဲ ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၅၀ ခုနှစ်





တွေရဲ့ အကုန်ပိုင်းမှာတော့ အဲဒီကာလတုန်းက လူအနည်းငယ်သာရှိသေးတဲ့ ဗိုလ်မှူးချုပ်ရာထူးကိုရရှိခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်မှာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရဲ့ တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေချိန်မှာပဲ သူ့ကိုတပ်မတော်ကနေ အငြိမ်းစားယူခိုင်းပြီး ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံဆိုင်ရာ သံအမတ်အဖြစ်စေလွှတ်ခြင်းခံခဲ့ရပါတယ်။ အဲဒီတုန်းကတော့ ဘာဖြစ်လို့ အငြိမ်းစားယူခိုင်းပြီး ပြောင်းရွှေ့လိုက်တယ်ဆိုတဲ့အကြောင်းကို တရားဝင်ရှင်းလင်းပြောကြားခြင်း မရှိခဲ့ပါဘူး၊ ဒါပေမဲ့လည်း အန်န်အယ်လ်ဒီ ခေါင်းဆောင်တွေကို ပြည်သူလူထု ကမနှစ်သက်အောင်၊ လက်မခံအောင် အမျိုးမျိုးသိက္ခာချတဲ့ လုပ်ရပ်တွေကို လုပ်ဆောင်တဲ့အနေနဲ့ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းက အစိုးရထုတ်ဝေတဲ့ စာနယ်ဇင်းတွေမှာ ဦးအောင်ရွှေဟာ ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲကာလတုန်းက ပါတီစွဲ၊ ဂိုဏ်းဂဏစွဲနဲ့ လုပ်ဆောင်မှုတွေရှိခဲ့လို့ တပ်မတော်ကနေ အငြိမ်းစားပေးခဲ့ရတာ ဖြစ်ကြောင်းဆိုပြီး ရေးသားကြပါတယ်။ အမှန်ကတော့ သူဟာ အဲဒီရွေးကောက်ပွဲတုန်းက စစ်တပ်ဟာ ဆိုရှယ်လစ်တွေအနိုင်ရဖို့အတွက် တဖက်သတ်ကိုင်တွယ်လှုပ်ရှားမှုတွေနဲ့ ပတ် သက်ပြီးပြစ်တင်ဝေဖန်ခံရမှာကို ကာကွယ်ဖို့ကြိုးပမ်းမှုတွေရဲ့ သားကောင်ဖြစ်ခဲ့သူပါ။

ဦးအောင်ရွှေဟာ ဩစတြေးလျမှာ တာဝန်ထမ်းဆောင်ပြီးတဲ့နောက် အီဂျစ်၊ အဲဒီနောက် ပဲရစ် စသည်ဖြင့် ၁၉၇၅ခုနှစ်မှာ အစိုးရဝန်ထမ်းဘဝကနေ အငြိမ်းစားယူခဲ့တဲ့အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်၊ အဲဒီနောက် ရန်ကုန်မြို့မှာပဲ အခြေချနေထိုင်ခဲ့ပါတယ်။ ရန်ကုန်မြို့ကတော့ အားလုံးသိပြီးတဲ့အတိုင်း ၁၉၈၈ ခုနှစ်မှာ ပြည်သူလူထုအုံကြွမှုကြီး တိုင်းပြည်နဲ့အနှံ့ပျံ့သွားစေခဲ့တဲ့ အစပျိုးရာနေရာပဲဖြစ်ပါတယ်။

မြန်မာပြည်သူပြည်သားတွေဟာ မြန်မာ့ဆိုရှယ်လစ်ဖမ်းစဉ်ပါတီ (မဆလ)ရဲ့ တပါတီအာဏာချုပ်ကိုင်မှုကြောင့် တခါက အရှေ့တောင်အာရှမှာ ဖွံ့ဖြိုးတိုးတက်မှုအလျင်မြန်ဆုံးလို့ ဆိုတဲ့နိုင်ငံအဆင့်ကနေ ကမ္ဘာပေါ်မှာ အဆင်းရဲဆုံးနိုင်ငံစာရင်းထဲကို ဝင်သွားခဲ့ရလို့ အင်မတန်ငြီးငွေ့နေပြီဖြစ်ပါတယ်။

တပါတီစနစ်လည်း ပြိုကျသွားရော မြန်မာပြည်မှာ ပါတီတွေအမြောက်အများပေါ်လာတော့တာပါပဲ၊ ဒုတိယ ကမ္ဘာစစ်ပြီးပြီးချင်းကာလက ဂျပန်နိုင်ငံအခြေအနေတွေကို ကောင်းကောင်းသိတဲ့သူတွေကတော့ မြန်မာပြည်မှာ ပါတီတွေ ဘာကြောင့် ဒီလောက်အထိများပြားနေရသလဲဆိုတာကို သိကြပါတယ်။





ဒီလိုပေါ်ပေါက်လာတဲ့ပါတီတွေထဲက အန်န်အယ်လ်ဒီထဲမှာ ဦးအောင်ရွှေဟာ အလုပ်အမှုဆောင်ကော်မီတီဝင် တဦးဖြစ်သလို အန်န်အယ်လ်ဒီရဲ့ တရားဝင်မဟာမိတ်လည်းဖြစ်တဲ့ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ရဲ့ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။

မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ဆိုတာ တပ်မတော်ကနေ အငြိမ်းစားယူခဲ့သူတွေ စုပေါင်းဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဒီလိုပါတီပေါင်း ၂၀၀ ကျော်ရှိတဲ့အထဲမှာ (မဆလ)ဟာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)ဆိုတဲ့နာမည်နဲ့ ပါဝင်ပါတယ်။ အန်န်အယ်လ်ဒီဟာလည်း မြန်မာပြည်သူလူထုအများစုရဲ့ အားပေးထောက်ခံမှုကို အကြီးအကျယ်ရခဲ့ပါတယ်။ ဒီလိုပြည်သူလူထုကြားထဲမှာ ရေပန်းစားလာလေ၊ လူကြိုက်များလာလေ၊ စည်းရုံးရေးစွမ်းရည်တွေကြောင့် ပါတီရဲ့အနေအထားတိုးတက်မြင့်မားလာလေ ပါတီဝင်တွေကို စစ်ဆေးမေးမြန်းမှုတွေ၊ ပါတီရဲ့လှုပ်ရှားမှုကို ကန့်သတ်ချုပ်ချယ်မှုတွေတိုး မြင့်လာလေပါပဲ။

၁၉၈၉ ခုနှစ် ဇွန်လမှာ အန်န်အယ်လ်ဒီရဲ့ အတွင်းရေးမှူး ၂ ဦးထဲက တဦးဖြစ်တဲ့ ဦးဝင်းတင်ဟာ ဖမ်းဆီးထောင်ချခံရပြီး ဇူလိုင်လမှာတော့ ဥက္ကဋ္ဌ ဦးတင်ဦးနဲ့ အထွေထွေအတွင်းရေးမှူးဖြစ်တဲ့ ကျမဟာလည်း နေအိမ်မှာ အကျယ်ချုပ်ချထားခံရပါတယ်။ ဒီလိုဖိနှိပ်မှုအမျိုးမျိုးကို ခံခဲ့ရပေမဲ့လည်း ၁၉၉၀ ပြည့်နှစ် မေလမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာတော့ မဲဆန္ဒနယ်စုစုပေါင်းရဲ့ ၈၂ ရာခိုင်နှုန်း အပြတ်အသတ်အနိုင်ရခဲ့ပါ တယ်။ ဒါပေမဲ့လည်း ပြည်သူလူထုက မျှော်လင့်ထားသလို ဒီမိုကရက်တစ်အစိုးရလက်ထဲကို အာဏာလွှဲပြောင်းပေးခြင်း မပြုလုပ်ခဲ့ပါဘူး။ အဲဒီအစား ပါတီပြိုကွဲပျက်စီးရေးအတွက်ရည်ရွယ်ပြီး အမျိုး မျိုးသော ဖိနှိပ်ချုပ်ချယ်မှုတွေကို ပြုလုပ်ခဲ့ပါတယ်။

စက်တင်ဘာလထဲမှာ အန်န်အယ်လ်ဒီရဲ့ ယာယီဥက္ကဋ္ဌလုပ်နေတဲ့ ဦးကြည်မောင်ကိုဖမ်းခဲ့ပြန်ပါတယ်၊ နောက်ဆုံးကျန်ခဲ့တဲ့ ဦးအောင်ရွှေလည်း အခက်အခဲတွေ အမျိုးမျိုးကြားထဲကပဲ ပါတီဆက်လက်ရပ်တည်နိုင်ဖို့အတွက် အကောင်းဆုံးနည်း လမ်းတွေနဲ့ ကိုင်တွယ်လှုပ်ရှားခဲ့ရပါတယ်။

၁၉၉၀ နောက်ပိုင်းမှာ အန်န်အယ်လ်ဒီအနေနဲ့ နိုင်ငံရေးပါတီတခုအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးကို နောက်ယှက်ခြိမ်းခြောက်မှု အမျိုးမျိုးကြားထဲမှ ရုန်းကန်နေရတဲ့ ဦးအောင်ရွှေကို များစွာကူညီခဲ့သူကတော့ အန်န်အယ်လ်ဒီ






အလုပ်အမှုဆောင်အဖွဲ့ရဲ့ မူလအဖွဲ့ဝင်လည်းဖြစ်၊ အန်န်အယ်လ်ဒီရဲ့ ဘဏ္ဍာရေး မှူးလည်းဖြစ်တဲ့ ဦးလွင်ပါပဲ။ ဒုတိယကမ္ဘာစစ်ဖြစ်လို့ ဦးလွင် ဘီအိုင်အေထဲဝင်တဲ့ အချိန်တုန်းက အသက် ၁၈ နှစ်ပဲရှိပါသေးတယ်၊ ဦးလွင်ဟာ ၁၉၄၃ ခုနှစ် ဩဂုတ်လအတွင်း ဂျပန်နိုင်ငံ Rikugun Shikan Gakko ဗိုလ်သင်တန်းကျောင်းမှာ သင်တန်းတက်ဖို့ စေလွှတ်ခြင်းခံရတဲ့ မြန်မာ အရာရှိလောင်းတွေထဲက တဦးဖြစ်ပါတယ်။ ၁၉၄၅ ဩဂုတ်လမှာ မြန်မာအရာရှိ ငယ်လေးတွေ စစ်သင်တန်းပြီးတဲ့အချိန်မှာ မြန်မာနိုင်ငံမှာ ဖက်ဆစ်တော်လှန်ရေး က စနေပါပြီ။ ဦးလွင်နဲ့သူ့ရဲ့လုပ်ဖော်ကိုင်ဘက် အရာရှိငယ်လေးတွေဟာ Hakoneမှာ ၁၉၄၅ ခုနှစ် အောက်တိုဘာလအထိနေခဲ့ရပြီး စားဖို့သောက်ဖို့ အတွက် မီးသွေးဖုတ်ရောင်းခဲ့ရပါတယ်။

လွတ်လပ်ရေးရပြီးတဲ့နောက် ဦးလွင်ဟာတပ်မတော်ထဲမှာပဲ ဆက် လက်တာဝန်ထမ်းဆောင်ခဲ့ပြီး အင်္ဂလန်နဲ့ အနောက်ဂျာမနီတွေကို စစ်သင်တန်း တွေတက်ဖို့ စေလွှတ်ခြင်းခံရပါတယ်။ ၁၉၅၉ ခုနှစ်မှာ သူဟာ ဝါရှင်တန်မှာ စစ်သံ မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်၊ အမေရိကန်ပြည်ထောင်စုကနေ ပြန်လာ ပြီးတဲ့နောက် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင် နေဆဲမှာ ရန်ကုန်မှာ ဒုဝန်ကြီးတာဝန်ထမ်းဆောင်ဖို့ အခေါ်ခံရပါတယ်။ ၁၉၆၂ ခုနှစ်မှာ စစ်တပ်ကအာဏာသိမ်းပြီးတဲ့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ကို တည်ထောင်ခဲ့ပြီး တိုင်းပြည်ကိုအုပ်ချုပ်နေစဉ်ကာလအတွင်းမှာ ဦးလွင်ဟာ ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီနောက် ဒုတိယ ဝန်ကြီးချုပ် နိုင်ငံတော်ကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ ပါတယ်။ သူဟာ နိုင်ငံတော်ကောင်စီဝင်အဖြစ်မှာ နုတ်ထွက်လိုက်ပါတယ်။

ဦးလွင်ဟာ ၁၉၈၈ ခုနှစ်မှာ အန်န်အယ်လ်ဒီထဲမှာ ပါဝင်ခဲ့ပြီး သူ့ရဲ့ ဘဏ္ဍာရေးဆိုင်ရာ အတွေ့အကြုံတွေ၊ ရိုးသားဖြောင့်မတ်မှု ဂုဏ်သိက္ခာတွေ ကြောင့် ဘဏ္ဍာရေးမှူးအဖြစ် ရွေးချယ်ခြင်းခံရပါတယ်။ ၁၉၉၂ မှာ အန်န်အယ်လ် ဒီကို အတင်းအဓမ္မပြန်လည်ဖွဲ့စည်းခိုင်းတဲ့အခါမှာ ဦးလွင်ဟာ အတွင်းရေးမှူး တာဝန်ကို ယူပြီး ဦးအောင်ရွှေဟာ ဥက္ကဋ္ဌဖြစ်လာခဲ့ပါတယ်။





ဒေါ်အောင်ဆန်းစုကြည်

၏

# မြန်မာပြည်ကလာတဲ့စာ [၁၉]

မိတ်ဆက်ပေးခြင်း (၂)

ဧပြီလ (၁) ရက်နေ့

၁၉၄၃ ခုနှစ်မှာ ဦးလွင်နဲ့အတူ ဂျပန်နိုင်ငံကို စစ်သင်တန်းတက်ဖို့သွား တဲ့ မြန်မာလူငယ်အရာရှိလောင်းတွေထဲမှာ သူနဲ့ အရင်းနှီးဆုံးသူငယ်ချင်းလည်း ဖြစ် နောက်ပိုင်းမှာ ယောက်ဖဖြစ်လာတဲ့ ဦးကြည်မောင်လည်းပါပါတယ်။ တက္က သိုလ်မှာတုန်းက ဦးကြည်မောင်ဟာ လွတ်လပ်ရေးရရှိရေးအတွက် ကျောင်း သားတွေရဲ့ လှုပ်ရှားမှုထဲမှာ တက်ကြွစွာပါဝင်ခဲ့သူဖြစ်ပါတယ်။

၁၉၃၈ ခုနှစ်က ဆန္ဒပြပွဲမှာ ကျောင်းသားသမဂ္ဂရဲ့ အလံကိုမြင့်မြင့်ကိုင် ပြီး ရှေ့ဆုံးကနေချီတက်ခဲ့တဲ့သူကတော့ ဦးကြည်မောင်ပဲဖြစ်ပါတယ်။ ကျောင်း သားတွေရဲ့ ချီတက်ဆန္ဒပြမှုကို ရပ်တန့်ဖြိုခွဲဖို့အတွက် မြင်းစီးပုလိပ်တွေဟာ ကျောင်းသားထုကြားဝင်ပြီး နံပါတ်တုတ်နဲ့ရိုက်ပါတယ်။

အဲဒီလို မြင်းစီးပုလိပ်တွေက ရတ်တရက်ဝင်ရိုက်လို့ ပထမဆုံးအရိုက်ခံ ရ တဲ့ ကျောင်းသားတွေထဲမှာ ဦးကြည်မောင်လည်းပါဝင်ပါတယ်။ ဦးခေါင်းမှာ သုံးချက်အရိုက်ခံရပြီး ပုံလဲကျသွားပါတယ်။ သူ့ရဲ့အနောက်မှာ ကပ်ပြီးချီတက် လိုက်ပါလာတဲ့ ကိုအောင်ကျော်ဟာ ချက်ကောင်းကိုတချက်တည်း အရိုက်ခံရပြီး





ပုံလဲကျသွားပါတယ်။ နာရီအနည်းငယ်မှာတော့ ကိုအောင်ကျော်ဆိုတဲ့ ကျောင်းသားလူငယ်ဟာ အဲဒီဒဏ်ရာနဲ့ပဲ ဆေးရုံမှာကွယ်လွန်သွားပါတယ်။

ဒီသတင်းကြောင့် ပြည်သူတရပ်လုံး ဒေါသအုံကြွမှုဟာ တနိုင်ငံလုံးပြန့်နှံ့ သွားပါတော့တယ်၊ ကိုလိုနီအစိုးရကို မကျေနပ်ချက်တွေဟာ ပိုမိုကြီးမားလာပါတော့တယ်။ ဗိုလ်အောင်ကျော်ဆိုတဲ့ ကျောင်းသားအာဇာနည်ဆိုတဲ့ နာမည်ဟာ တရားမျှတမှုနဲ့ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်နေတဲ့ ကျောင်းသားတွေရဲ့စိတ်ထဲမှာ ဒီကနေ့အထိ ကျန်ရစ်နေတုန်းပါပဲ။

စစ်ဖြစ်ပွားလာတော့ ဦးကြည်မောင်ဟာ မြန်မာ့လွတ်လပ်ရေးတပ်မတော်ထဲ ဝင်လိုက်ပါတယ်။ လွတ်လပ်ရေးအတွက် တပ်မတော်ထူထောင်ခဲ့တဲ့ သူတွေအများအပြားကို အဲဒီကတည်းက သိကျွမ်းလာခဲ့ပါတယ်။ စစ်တပ်နဲ့ နိုင်ငံရေးခွဲခြားနိုင်မှုကို ကောင်းစွာသိမြင်ခံယူထားတဲ့ သူတဦးဖြစ်တဲ့အတွက် ၁၉၆၂ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းတဲ့ကိစ္စကို အပြင်းအထန်ဆန့်ကျင်ခဲ့တဲ့သူဖြစ်ပါတယ်။ ဒါကြောင့်လည်း ၁၉၆၃ ခုနှစ်မှာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ်နဲ့ တာဝန်ထမ်းဆောင်နေစဉ်မှာပဲ အငြိမ်းစားယူဖို့ပြောတဲ့အတွက် အနားယူ လိုက်ရတာကတော့ သိပ်ပြီးအံ့သြစရာမဟုတ်ပါဘူး။

တပ်မတော်ကနေ အငြိမ်းစားယူပြီးတဲ့ ၂၅ နှစ်တာကာလအတွင်းမှာ ထောင်နှစ်ကြိမ်ကျခဲ့ပါတယ်။ စစ်တပ်ကို (နောက်ပိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) ဆန့်ကျင်တယ်ဆိုတဲ့ သံသယနဲ့ ထောင်ကျခံရတဲ့ ဒီနှစ်ကြိမ်ဟာ စုစုပေါင်း ၇ နှစ်ကြာခဲ့ပါတယ်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံဖြစ်ဖြစ်ခြင်းမှာပဲ ဦးကြည်မောင်ဟာ တတိယအကြိမ် အကျဉ်းထောင်ထဲမှာ အထိန်းသိမ်းခံခဲ့ရပါတယ်။ ဒါပေမဲ့ တလလောက်အကြာမှာ ပြန်လွတ်လာပါတယ်။ ၁၉၈၈ ခုနှစ် စက်တဘာလမှာ သူဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အလုပ်အမှုဆောင်ကော်မတီ ၁၂ ဦးထဲက အဖွဲ့ဝင်တဦးဖြစ်လာပါတော့တယ်။

၁၉၈၉ ခုနှစ် ဂျူလိုင်လမှာ ဦးတင်ဦးနဲ့ ကျမတို့နေအိမ်မှာ အထိန်းသိမ်းခံရပြီးတဲ့နောက် အန်န်အယ်လ်ဒီရဲ့ အမှုဆောင်ကော်မီတီတွေက ခေါင်းဆောင်မှုအင်းအားကိုပြန်စုဖို့ ဆုံးဖြတ်တဲ့အချိန်မှာတော့ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာ အောင်ပွဲခံနိုင်ဖို့ ဦးဆောင်ခဲ့တဲ့ ဦးကြည်မောင်ကို ရွေးချယ်ခဲ့တာပါပဲလို့





ပြောရင်မမှားနိုင်ပါဘူး။

ရွေးကောက်ပွဲပြီးတဲ့နောက် ရက်သတ္တပတ်အနည်းငယ်မှာ အားလုံးပျော်ရွှင်စွာနဲ့ အောင်ပွဲခံကြပြီးနောက် မြန်မာပြည်သူတွေက အာဏာပိုင်တွေဟာ ရွေးကောက်ပွဲရလဒ်ကို လေးစားဖို့ စိတ်ဆန္ဒမရည်သန်ဘူးဆိုတာ တဖြည်းဖြည်းသံသယရှိလာပါတယ်။ ဒီလိုသံသယစိုးရိမ်စိတ်ကို ခိုင်မာစေခဲ့တာကတော့ ဦးကြည်မောင်ဟာ ၁၉၉၀ စက်တင်ဘာလမှာ စတုတ္ထအကြိမ်မြောက် အဖမ်းခံရပြီး စစ်ခုံရုံးက ထောင်ဒဏ်အနှစ် ၂၀ ချလိုက်တာပဲ ဖြစ်ပါတယ်၊ ဒါပေမဲ့လည်း သူဟာ ၁၉၉၅ ခု မတ်လမှာ ပြန်လွတ်လာပါတယ်။

အန်န်အယ်လ်ဒီရဲ့ နောက်ထပ်ထင်ရှားတဲ့ခေါင်းဆောင်တဦးကတော့ ဦးကြည်မောင်နဲ့အတူ တရက်တည်းပြန်လွတ်လာတဲ့ ဦးတင်ဦးပါပဲ။ အန်န်အယ်လ်ဒီရဲ့ ဥက္ကဋ္ဌအဖြစ် ဆောက်ရွက်နေစဉ်မှာပဲ ၁၉၈၉ ခုနှစ် ဂျူလိုင်လမှာ နေအိမ်အကျယ်ချုပ်ချခံလိုက်ရပါတယ်။ အဲဒီနောက် ဒီဇင်ဘာလရောက်တဲ့အခါမှာ စစ်ခုံရုံးက ထောင်ဒဏ် ၃ နှစ်အပြစ်ဒဏ်ချမှတ်လိုက်ပါတယ်။ ဦးတင်ဦးရဲ့ ထောင်ဒဏ် ၃ နှစ် ပြည့်ခါနီးမှာ နောက်ထပ်စစ်ခုံရုံး အတင်ခံရပြီးအရင်ချမှတ်ခဲ့တဲ့ စွဲချက်အတိုင်း နောက်ထပ်ထောင် ၇ နှစ် အပေးခံရပါတယ်။ ဦးတင်ဦးအင်းစိန်ထောင်မှာ ၁၉၈၉ ခုနှစ်ကနေ ၁၉၉၅ ခုနှစ်အထိ ထောင်အပြစ်ပေးခံရတာဟာ ဒုတိယအကြိမ်မြောက်ပါ၊ ပထမ အကြိမ်ထောင်ဒဏ်ကတော့ ၁၉၇၆ ခုနှစ်ကနေ ၁၉၈၀ ခုနှစ်အထိဖြစ်ပါတယ်။ ၁၉၄၃ ခုနှစ်မှာ ဦးတင်ဦးတပ်မတော်ထဲဝင်တုန်းက အသက် ၁၆ နှစ်ပြည့် ကာလလေးပဲရှိပါတယ်။ စစ်ကြီးပြီးလို့ လွတ်လပ်ရေးရပြီးတဲ့နောက် ဗမာ့တပ်မတော်ကိုပြန်ဖွဲ့လိုက်တဲ့အခါ အရာရှိအဖြစ်ခန့်အပ်ခံရတဲ့ တပ်ဖွဲ့ဝင် အယောက် ၁၅၀ ထဲမှာ ဦးတင်ဦးဟာ တယောက်အပါအဝင်ဖြစ်ပါတယ်။ ၁၉၅၀ ခုနှစ်များမှာတော့ ကွန်မြူနစ်တရုတ်များကို ရှုံးနိမ့်ကာ နယ်ကျွံထွက်ပြေးလာတဲ့ ကူမင်တန် တရုတ်တပ်များကို ခုခံတိုက်ခိုက်တဲ့တိုက်ပွဲတွေမှာ သူရသတ္တိပြည့်စုံစွာနဲ့ တိုက်ပွဲဝင်ခဲ့တဲ့အတွက် ရဲစွမ်းသတ္တိဆိုင်ရာဆုကိုချီးမြှင့်ခံရပါတယ်။

၁၉၆၀ ခုနှစ်တွေနဲ့ ၁၉၇၀ ခုနှစ်များရဲ့ အစောပိုင်းကာလအတွင်းမှာ သူဟာ ရာထူးတွေတဆင့်ပြီးတဆင့် အတက်မြန်လာလိုက်တာ ၁၉၇၄ ခုနှစ်ရောက်တဲ့အခါကျတော့ ကာကွယ်ရေးဦးစီးချုပ်နဲ့ ကာကွယ်ရေးဝန်ကြီးတာဝန်ကို ခန့်အပ်ခြင်းခံရပါတော့တယ်။





၁၉၇၄ ခုနှစ်မှာ အစိုးရက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရဲ့ ရှာပနအခမ်းအနားကို သာမန်သဘောမျှသာလုပ်လိုခြင်းဟာ မြန်မာပြည်သူလူထုရဲ့ စိတ်ဓါတ်ကို စော်ကားတဲ့သဘောသက်ရောက်တာကတကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုတာကို ကျောင်းသားထုကြားထဲမှာ ယခင်ကတည်းကပင် ကျေနပ်မှုမရှိတာကတကြောင်း အဲဒီမကျေနပ်မှုတွေစုပေါင်းမိပြီး ပြည်သူလူထုရဲ့ ဒေါသပေါက်ကွဲမှုတွေဖြစ်ပွားခဲ့ပါတယ်။

ဒီလိုမကျေနပ်မှုတွေ ဆူပူမှုတွေမှာတင်မက ၁၉၇၆ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ အလုပ်သမားအရေးအခင်းတွေမှာပါ ဦးတင်ဦးဟာ ပြည်သူလူထုရဲ့ ကြည်ညိုလေးစားမှုကို ရခဲ့ပါတယ်။ ဒီလိုပြည်သူလူထုကြားမှာ ရေပန်းစားလာတာဟာ ၁၉၇၆ ခုနှစ် မတ်လမှာ သူ့ရာထူးကနေထုတ်ပယ်ခံရတဲ့အကြောင်း ဖြစ်လာပါတော့တယ်။ အဲဒီနှစ် စက်တဘ်ာလအတွင်းမှာပဲ သူဟာအဖမ်းခံရပြီး နိုင်ငံတော်ကိုသစ္စာဖေါက်တယ်လို့ စွပ်စွဲခံရကာ သက်သေအထောက်အထားမရှိဘဲနဲ့ ထောင်ဒဏ် ၇ နှစ်အချခံလိုက်ရပါတယ်။

၁၉၈၀ ခုနှစ်မှာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ထောင်ကလွတ်လာပြီးတဲ့နောက် ဦးတင်ဦးဟာ ဘုန်းကြီးကျောင်းကို တခါတည်းတန်းသွားပြီး ဘုန်းကြီးဝတ်လိုက်တာ ၂ နှစ်လောက်ကြာပါတယ်။ အဲဒီနောက် လူထွက်လာပြီး ဥပဒေပညာရပ်ကို လေ့လာသင်ယူခဲ့ရာမှာ မှတ်ပုံတင်ရှေ့နေလက်မှတ်ကိုရခဲ့တဲ့အပြင် ဥပဒေပညာဘွဲ့ကိုပါရရှိခဲ့ပါတယ်။

၁၉၈၈ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးက ကိုယ့်ဖာသာကိုယ်အေးအေးဆေးဆေး နေနေတဲ့ ဦးတင်ဦးကို မြန်မာနိုင်ငံမှာ တရားမျှတရေး၊ လူ့အခွင့်အရေးကြိုးပမ်းမှုကြီးမှာ ပါဝင်လှုပ်ရှားရတဲ့ အနေအထားရောက်အောင် ဆွဲခေါ်သွားပါတယ်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလမှာ သူဟာ အန်အယ်လ်ဒီရဲ့ ဒုဥက္ကဋ္ဌရာထူးမှာ ခန့်အပ်ခံရပြီး အဲဒီနှစ် ဒီဇင်ဘာလမှာပဲ ပါတီဥက္ကဋ္ဌရာထူးကနေနုတ်ထွက်သွားတဲ့ ဦးအောင်ကြီးနေရာမှာ အစားထိုးခန့်အပ်ခံရပါတယ်။





ဒေါ်အောင်ဆန်းစုကြည်

၏

# မြန်မာပြည်ကလာတဲ့စာ [၂၀]

သူထူးမိတ်ဆက်ပေးခြင်း

ဧပြီလ (၈) ရက်နေ့

မြန်မာပြည်ကလာတဲ့စာကို ဖတ်ကြတဲ့စာဖတ်ပရိသတ်တွေကို အန်န်အယ်လ်ဒီရဲ့ အလုပ်အမှုဆောင် အဖွဲ့ထဲက ထိပ်တန်းအဖွဲ့ဝင် ၄ ဦးနဲ့ မိတ်ဆက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီတပတ်မှာတော့ ကျမအနေနဲ့ ဂျပန်ပြည်သူများကို အထူးမိတ်ဆက်ပေးချင်တာကတော့ အန်န်အယ်လ်ဒီ စတင်တည်ထောင်စဉ်ကတည်းက ပါဝင်ခဲ့တဲ့ အလုပ်အမှုဆောင်ကော်မတီလည်းဖြစ် ဒီကနေ့အကျဉ်းထောင်ထဲမှာ ရှိနေဆဲဖြစ်တဲ့ ဦးဝင်းတင်ပါပဲ။

၁၉၃၀ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ ဦးဝင်းတင်ဟာ အရင်သီတင်းပတ်တွေက မိတ်ဆက်ပေးခဲ့တဲ့ ဦးအောင်ရွှေ၊ ဦးကြည်မောင်၊ ဦးတင်ဦး၊ ဦးလွင်တို့နဲ့မတူတဲ့ အချက်ကတော့ သူဟာ ဘယ်တုန်းကမှ တပ်မတော်သားမဖြစ်ခဲ့တာပါပဲ။ သူကျင်လည်ကျက်စားရာနေရာကတော့ စာပေကမ္ဘာကြီးထဲမှာပဲ ဖြစ်ပါတယ်။ တက္ကသိုလ်ကနေဘွဲ့မရခင်ကတည်းက သူဟာ မြန်မာနိုင်ငံ ဘာသာပြန်အသင်းကြီးမှာ လက်ထောက်အယ်ဒီတာဘဝနဲ့ အလုပ်လုပ်ကိုင်နေပြီး ဖြစ်ပါတယ်။ ၁၉၅၄ ခုနှစ်မှာတော့ သူဟာ ဒတ်ချ်သတင်းစာကုမ္ပဏီတခုရဲ့ အကြံပေးအယ်ဒီတာ အဖြစ်ကိုရောက်ခဲ့ပါတယ်။ ဒီအယ်ဒီတာနေရာကိုရောက်ခဲ့ခြင်းဟာ သူ့ရဲ့ ရှည်လျားလှတဲ့ စာနယ်ဇင်းလောကလုပ်သက်ထဲမှာ အမြင့်ဆုံးနေရာဖြစ်တဲ့ တခါ





ကမြန်မာနိုင်ငံမှာ ထိပ်တန်းသတင်းစာတစောင်ဖြစ်ခဲ့တဲ့ ဟံသာဝတီသတင်းစာရဲ့ အယ်ဒီတာချုပ်ရာထူးကိုရရှိဖို့အတွက် အစပျိုးခဲ့တာပဲဖြစ်ပါတယ်။

ဦးဝင်းတင်ဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုတဲ့ တပါတီစနစ်အကြောင်းကို ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်နေရာကနေ ကောင်းကောင်းကြီးတွေ့မြင်သိနားလည်ခဲ့ပါတယ်။ အဲဒီခေတ်ကာလတုန်းက လွတ်လပ်စွာပြောဆိုခွင့်၊ ကိုယ့်ရဲ့ဆန္ဒကို လွတ်လပ်စွာထုတ်ဖော်ပြသခွင့် စတာတွေကို တင်းကြပ်စွာကန့်သတ်ချုပ်ချယ် ခဲ့ပေမဲ့လည်း အနည်းငယ်မျှသော စာရေးဆရာတွေ၊ စာနယ်ဇင်းသမားတွေဟာ လွတ်လပ်စွာတွေးခေါ်မြော်မြင်ပိုင်ခွင့်ကို လိမ္မာပါးနပ်စွာနဲ့ ထုတ်ဖော်ပြသခဲ့ပါတယ်။

၁၉၇၈ ခုနှစ်မှာ ဦးဝင်းတင်ဦးဆောင်ပါဝင်တဲ့ "စနေစာဖတ်ဝိုင်း"မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ဝေဖန်သုံးသပ်ထားတဲ့ စာတမ်းငယ်တစောင်ကို ဆွေးနွေးခဲ့ကြပါတယ်။ ရလဒ်ကတော့ သူအလုပ်ဖြုတ်ခံရပြီး ဟံသာဝတီသတင်းစာကို ထုတ်ဝေခွင့်ပိတ်လိုက်ပါတယ်။ အဲဒီနောက် ဦးဝင်းတင်ဟာ ဘာသာပြန်တဲ့သူ၊ အလွတ်စာရေးဆရာဘဝမှာကျင်လည်ရင်းနဲ့ သူ့ရဲ့ဝမ်းရေးကို ဖြေရှင်းခဲ့ရပါတယ်။

၁၉၈၈ ခုနှစ်မှာ စတင်ပေါ်ပေါက်ခဲ့တဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီးမှာ လွတ်လပ်စွာတွေးခေါ်မြော်မြင်မှုနဲ့ တရားမျှတမှုကိုယုံကြည်တဲ့သူတိုင်း ပါဝင်ခဲ့ကြတာဟာ သဘာဝပါပဲ။ အစမှာတော့ ဦးဝင်းတင်ဟာ လှုပ်ရှားမှုကြီး စတင်ဖြစ်ပွားခါစက ပေါ်ပေါက်လာတဲ့စာရေးဆရာများသမဂ္ဂမှာ တက်ကြွစွာနဲ့ပါဝင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလမှာ အန်န်အယ်လ်ဒီ အလုပ်အမှုဆောင်အဖွဲ့ရဲ့ အတွင်းရေးမှူးတွေထဲက တဦးဖြစ်လာပါတော့ တယ်။

ယုံမှားစရာမရှိတဲ့ သူ့ရဲ့အရည်အချင်းတွေ၊ သူ့ရဲ့ခိုင်မာတဲ့ရည်မှန်းချက်တွေကြောင့် ဦးဝင်းတင်ဟာ ဒီမိုကရေစီကိုဆန့်ကျင်နေကြတဲ့သူတွေရဲ့ အဓိက ပစ်မှတ်ဖြစ်လာပါတော့တယ်။ ဒါကြောင့်လည်းပဲ ၁၉၈၉ ခုနှစ် ဇူန်လမှာ အန်န်အယ်လ်ဒီရဲ့ ခေါင်းဆောင်တွေထဲက ပထမဦးဆုံး အဖမ်းခံရတဲ့သူဖြစ်လာပါတော့တယ်။ သူ့ကို ဖမ်းဆီးတဲ့အကြောင်းကတော့ တရားဥပဒေကနေရှောင်တိမ်းနေတဲ့ လူငယ်တဦးရဲ့ဖခင်ဖြစ်သူနဲ့ သက်သေပြလို့မရတဲ့ တယ်လီဖုန်း စကားပြောခြင်းကြောင့်ဖြစ်ပါတယ်။ ဘယ်အမှုမှာပဲဖြစ်ဖြစ် တယ်လီဖုန်းစကား





ပြောခြင်းဟာ သက်သေအဖြစ်လက်ခံဖွယ်ရာမရှိပါဘူးလို့ ဥပဒေကဆိုပါတယ်။ ဒါပေမဲ့လည်း မြန်မာပြည်မှာ စစ်တပ်က အုပ်ချုပ်နေမှုကို စိမ်ခေါ်တဲ့သူတွေအတွက် ဥပဒေကကောင်းစွာ ကာကွယ်မှု မပေးနိုင်ပါဘူး။

အဖမ်းခံရပြီးပြီးခြင်းမှာပဲ ဦးဝင်းတင်ကို ၃ ရက်ကြာ အစာမကျွေး၊ မအိပ်နိုင်အောင်လုပ်ထားပြီး ဒီမိုကရေစီအရေးတော်ပုံကြီးမှာ သူ့ရဲ့လှုပ်ရှားမှုတွေကို စစ်ဆေးမေးမြန်းပါတော့တယ်။ စစ်ဆေးမေးမြန်းတဲ့သူတွေက ဦးဝင်းတင်ဟာ ကျမရဲ့နိုင်ငံရေးနည်းဗျူဟာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ တနည်းအားဖြင့်ပြောရမယ်ဆိုရင် ကျမရဲ့ ဂုဏ်သေးဆရာဖြစ်တယ်ဆိုတာကို ထွက်ဆိုစေဖို့ အစွမ်းလုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ သတ္တိနဲ့ပြည့်စုံ၊ စိတ်ဓါတ်ကလည်း ခိုင်မာလှတဲ့ဦးဝင်းတင်ကို အမှားတွေထွက်ဆိုဖို့ ဘယ်လိုမှ ခြိမ်းခြောက်လို့မရခဲ့ပါဘူး။ ၁၉၈၉ ခုနှစ် အောက်တိုဘာလမှာတော့ သူ့ကိုထောင် ၃ နှစ်ချလိုက်ပါတယ်။ သူပြန်လွတ်ဖို့ လအနည်းငယ်အလို ၁၉၉၂ ခုနှစ် ဇွန်လမှာ နောက်ထပ်တရားစွဲ ဆိုပြီး ထောင် ၁၁နှစ် ထပ်ချလိုက်ပါတယ်။

ဦးဝင်းတင်ဟာ သူ့အကြောင်းကိုပြောခဲ့ပါတယ်၊ အတွင်းရေးမှူးနဲ့ အထွေထွေအတွင်းရေးမှူးအဖြစ် အန်န်အယ်လ်ဒီ တည်ထောင်ပြီးကတည်းက သူနဲ့ကျမအတူတွဲပြီး နေ့တိုင်းလိုလိုအလုပ်လုပ်ခဲ့တာ လပေါင်းအတော်ကြာမှ သူဟာ လူပျိုကြီးဖြစ်တယ်ဆိုတာ သိလိုက်ရပါတယ်။ သူဟာတဦးတည်းနေထိုင်ပြီး သူ့ရဲ့ အိမ်မှုကိစ္စ တွေကို ကိုယ်တိုင်လုပ်ကိုင်နေတယ်ဆိုတာကိုလည်း သိခဲ့ရပါတယ်။ ၁၉၈၉ ခုနှစ်မှာ သူ့ကိုမတရားထောင်ချပြီး သိပ်မကြာခင်မှာပဲ သူနှစ်ပေါင်းများစွာနေ ထိုင်ခဲ့တဲ့ နိုင်ငံပိုင်တိုက်ခန်းတခုမှာ နေထိုင်ခွင့်ကို ပယ်ဖျက်လိုက်တဲ့အတွက် သူ့ပိုင်ပစ္စည်းတွေကို သူ့ရဲ့မိတ်ဆွေအပေါင်းသင်းတွေက အဲဒီတိုက်ခန်းကနေ ဖယ်ရှား ပြောင်းရွှေ့ပေးခဲ့ပါတယ်။

ဦးဝင်းတင်ဟာ နှလုံးနဲ့ပတ်သက်ပြီး ဝေဒနာတခုရှိတဲ့အတွက် အမြဲတန်းဆေးကုသဖို့ လိုအပ်တယ်ဆိုတာကို သိတဲ့သူအနည်းငယ်ပဲရှိပါတယ်။ ဆေးကုသပြုစုစောင့်ရှောက်ဖို့ကလည်း ပြည့်စုံမှုမရှိ နေထိုင်မှုအခြေအနေကလည်း ဆိုးရွားလှတဲ့ အကျဉ်းထောင်ထဲမှာ ကာလကြာရှည်စွာနေထိုင်နေရတဲ့ သူ့ရဲ့ ကျန်းမာရေးအခြေအနေဟာ ပိုပြီးဆိုးရွားလာနေပါတယ်။

၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းက အမေရိကန်ပြည်ထောင်စုမှ ကွန်ဂရက်အမတ် ဘီလ်ရစ်ချတ်ဆင်နဲ့ ဦးဝင်းတင်တွေ့ဆုံစဉ်က ဦးဝင်းတင်ဟာ





လည်ပင်းကနာကျင်မှုဝေဒနာကို သက်သာစေရန် လည်ထောက်ကို ဝတ်ဆင်ထားရပါတယ်၊ ဒါ့အပြင် သူ့ရဲ့သွားတွေဟာလည်း ဆေးကုသဖို့ လိုနေပါတယ်၊ ဒါပေမဲ့ သူ့ရဲ့စိတ်အစဉ်ဟာ ကြည်လင်လျက်ရှိပြီး စိတ်ဓါတ်ဟာလည်း တုန်လှုပ်ခြင်းမရှိဘဲ ဆက်လက်မြင့်မားနေဆဲပါပဲ။ နဝတကပြုလုပ်နေတဲ့ အမျိုးသားညီလာခံအပေါ် ရှုမြင်သုံးသပ်တဲ့ သူ့ရဲ့ပြောင်မြောက်ထက်မြက်လှတဲ့ ဝေဖန်သုံးသတ်ချက် စကားလုံးတိုင်းဟာ အာဏာပိုင်တွေဆီကို ရောက်ပါတယ်။ ကျမဆီကိုလည်း အပြည့်အဝထောက်ခံကြောင်း အားအင်တောင့်တင်းနေဆဲပဲဆိုတာ သတင်းစကားတွေရောက်ပါတယ်။

အခုဆိုရင် ဦးဝင်းတင်ဟာ ပထမပြစ်ဒဏ် ၂ ခုကို ချမှတ်ခံရပြီးတဲ့အပြင် နောက်ထပ်ပြစ်ဒဏ်တခု ချမှတ်ခံရပြီးဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ် နိုဝင်ဘာလကတည်းက သူနဲ့အခြားနိုင်ငံရေးအကျဉ်းသား ၂၇ ဦးတို့ဟာ အကျဉ်းထောင်စည်းမျဉ်းတို့ကို ချိုးဖေါက်တယ်ဆိုပြီး သူတို့ကို အကျဉ်းထောင်အတွင်းမှာပဲ ရုံးတင်စစ်ဆေးခဲ့ပါတယ်။ ဒီလိုရုံးတင်စစ်ဆေးခြင်းခံရတဲ့ သူတွေရဲ့ မိသားစုတွေဟာ အစိုးရအဖွဲ့ရဲ့ခေါင်းပိုင်းတွေ၊ တရားသူကြီးချုပ်၊ ရှေ့နေ ချုပ်တွေဆီကို စာရေးပြီး ဥပဒေကဆိုထားတဲ့အတိုင်း ရှေ့နေငှားရမ်းခွင့်ပေးဖို့ မေတ္တာရပ်ခံခဲ့ပါတယ်၊ ဒါပေမဲ့ လည်း အဖြေကဘာမှ ပြန်မလာသေးပါဘူး။





ဒေါ်အောင်ဆန်းစုကြည်၏

# မြန်မာပြည်ကလာတဲ့စာ [၂၁]

## လက်ဖက်ရည်ငှဲသောက်ခြင်း

ဧပြီလ (၁၅) ရက်နေ့

လက်ဖက်ရည်ဟာ မြန်မာပြည်ရဲ့ လူနေမှုဘဝမှာ အရေးပါတဲ့အခန်းကနေပါဝင်နေပါတယ်။ ကုန်သွားလိုက်၊ ဖြည့်လိုက်၊ ကုန်သွားလိုက်၊ ဖြည့်လိုက်နဲ့ တအိုးပြီးတအိုးဖြည့်နေရတဲ့ ရေနွေးကြမ်းကရားတအိုးဟာပြော ဆိုဆွေးနွေးနေကြတဲ့ စကားပိုင်းမပြတ်စေဖို့အတွက် အမြဲကနေရာကနေ တာဝန်ထမ်းဆောင်နေပါတယ်။

ဒါ့အပြင် သိပ်ထားတဲ့လက်ဖက်ကို ဆီမွှေးမွှေးလေးမှာ စိမ်ပြီး ပဲကြော်၊ မြေပဲ၊ နှမ်း၊ ပုဇွန်ခြောက်၊ ကြက်သွန်ကြော်လေးထည့်ပြီး စားကြတာလည်းရှိပါသေးတယ်။

ထမင်းစားသောက်ပြီးတဲ့အခါမှာပဲဖြစ်ဖြစ် ထမင်းမစားခင်အဲဆာပြေအဖြစ် ရေနွေးကြမ်းသောက်ရင်းနဲ့ စားတာပဲဖြစ်ဖြစ် လက်ဖက်နဲ့ဧည့်ခံတာဟာ ကျမတို့ မြန်မာလူမျိုးတွေရဲ့ ဧည့်ဝတ်ကျေပွန်တဲ့ ရိုးရာဓလေ့ဖြစ်ပါ တယ်။

ရှမ်းကုန်းမြေမြင့်ကထွက်တဲ့ လက်ဖက်ခြောက်ကိုလှော်ပြီးခပ်ထားတဲ့ ဝါကျင့်ကျင့်ရောင် ရေနွေးကြမ်းကို သောက်လိုက်ရင်ဖြင့် ပင်ပန်းသမျှတွေပြေ





ပျောက်ပြီး လန်းဆန်းသွားပေမဲ့လည်း မြန်မာလူမျိုးတွေဟာ လက်ဖက်ရည်ချိုကို နှစ်နှစ်ကျိုက်ကျိုက်သောက်သုံးမှု ပိုမိုများပြားလာနေပါတယ်။

နို့နဲ့ သကြားနဲ့ ရောစပ်ဖျော်ထားတဲ့ လက်ဖက်ရည်ချိုဟာ အင်္ဂလိပ်လူမျိုးများသောက်သုံးတဲ့ လက်ဖက်ရည်နဲ့ ဖျော်ပုံခြင်းမတူပါဘူး။ ဒီလက်ဖက်ရည်ဆိုင်တွေကို မူလပထမစဖွင့်ပြီးရောင်းတဲ့သူတွေကတော့ အိန္ဒိယနိုင်ငံက ပြောင်းရွှေ့လာကြတဲ့ သူများဖြစ်ပါတယ်။ ဒါပေမဲ့ အိန္ဒိယနိုင်ငံက 'Char'လို့ ခေါ်တဲ့ လက်ဖက်ရည်ဆိုင်ကလေးတွေက လက်ဖက်ရည်ဖျော်စပ်ပုံနဲ့လည်းမတူပါဘူး။ ဒီမှာက ပွက်ပွက်ဆူအောင်ပြုတ်ထားတဲ့ လက်ဖက်ခြောက်အကျရည်နဲ့ ပုံးအကြီးကြီးထဲမှာ ထည့်ထားတဲ့ နို့ဆီတို့ကို ရောစပ်ပြီးဖျော်တာဖြစ်ပါတယ်။

ပန်းရောင်သန်းနေတဲ့ လက်ဖက်ရည်ချိုညိုညိုဟာ ခပ်ပျစ်ပျစ်ကလေးနဲ့ အနံ့ကလည်းမွှေးကြိုင်နေပါတယ်။ ဒါပေမဲ့လည်း ကိုယ့်ခွက်ထဲကို လက်ဖက်ရည်လေးထည့် အရသာနဲ့ပြည့်စုံလှတဲ့ နွားနို့ကိုထည့်ပြီး မွှေသောက်ကြတဲ့ သူတွေကတော့ ဒီပန်းရောင်သန်းနေတဲ့ လက်ဖက်ရည်ချိုညိုညိုရဲ့အရသာကိုတော့ သိမှာမဟုတ်ပါဘူး။

မြန်မာပြည်က လက်ဖက်ရည်ဆိုင်မှာ သောက်သုံးဖို့လာကြတဲ့သူတွေကတော့ 'Lapsang Soochong'ပဲဖြစ်ဖြစ်၊ 'Earl Grey'ပဲဖြစ်ဖြစ်၊ 'Pekoe' ပဲဖြစ်ဖြစ်၊ 'English Breakfast Blend'ပဲဖြစ်ဖြစ်မှာတယ်လို့ ထုံစံမရှိပါဘူး။ သူတို့တတွေမှာတာကတော့ 'ချိုပေါ့'၊ 'ချိုပေါ့ကျ'၊ 'ချိုကျ' ဒါမှမဟုတ် 'ကျောက်ပန်းတောင်း' (ချိုပြီးပြစ်နေတာကိုခေါ်ပါတယ်) တို့ပဲဖြစ်ပါတယ်။ ပြည်တွင်းဖြစ် ချက်နို့ဆီနဲ့ မဟုတ်ပဲ နိုင်ငံခြားကလာတဲ့ ဖျော်ထားတဲ့ လက်ဖက်ရည်ဆိုရင်တော့ 'ရှယ်'(စပယ်ရှယ်)လို့ခေါ်ပြီး၊ ပုံမှန်ဈေးနှုန်းထက် ၂ ကျပ် လောက်ပိုပေးရပါတယ်။

သူငယ်ချင်းအပေါင်းအသင်းတွေ လက်ဖက်ရည်ဆိုင်မှာစုဝေးကြတာဟာ ရေပန်းစားလာပြီး လက်ဖက်ရည်ဆိုင်ထိုင်ခြင်းဆိုတဲ့ ဝေါဟာရလည်း လက်တွေ့မှာတော့ သူ့အဓိပ္ပါယ်နဲ့သူရှိနေပါတယ်။ လက်ဖက်ရည်ဆိုင်မှာ လူတွေဟာ အပြန်အလှန်သတင်းတွေ ဖလှယ်ကြပါတယ်။ အဲဒီမှာ အခြေအနေတွေက သိတ်အန္တရာယ်မများဘူးဆိုရင်တော့ နိုင်ငံရေးအကြောင်းတွေ ဆွေးနွေးကြပါတယ်။

မြန်မာပြည်မှာ လက်ဖက်ရည်ကြမ်းဝိုင်း ဆွေးနွေးပွဲဆိုတဲ့ စကားအသုံးအနှုန်းရှိပါတယ်။ ဒီဆွေးနွေးပွဲဆိုတာက အလွတ်သဘောဆွေးနွေးတာမျိုးဖြစ်ပါတယ်။ ၁၉၄၆ ခုနှစ် အောက်တိုဘာလအတွင်း နာမည်ကျော်သတင်းစာဆရာတဦးရေးသားခဲ့တဲ့ နိုင်ငံရေးဆိုင်ရာအကြောင်းအချက်များကိုစုစည်းပြီး လက်ဖက်ရည်ကြမ်းဝိုင်းဆိုတဲ့ နာမည်နဲ့ စာအုပ်ထုတ်ဝေခဲ့တာတောင်ရှိပါတယ်။ လက်ဖက်ရည်ဆိုင်ဟာ နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင်တွေရဲ့ အချစ်ရေးကိစ္စသတင်းတွေ၊ အထက်တန်းလွှာတွေရဲ့ အရှုပ်တော်ပုံသတင်းတွေကအစ နောက်ဆုံးဖြစ်ပျက်နေတဲ့ သတင်းတွေအစုံအလင်ရဖို့အတွက် အကောင်းဆုံးနေရာပါပဲ။





စာရေးဆရာတွေကလည်း လက်ဖက်ရည်ဆိုင်ထိုင်ပြီး စာပေဆိုင်ရာအလွတ်သဘောဆွေးနွေးတာမျိုး၊ ကဗျာရွတ်ဆိုဖတ်ပွဲလေးများပြုလုပ်ကြပါတယ်။ ကျောင်းသားတွေတင်မက အခြားလူငယ်တွေလည်း သူတို့နှစ်သက်တဲ့ လက်ဖက်ရည်ဆိုင်တွေမှာ စုမိကြပြီး ခေတ်ပေါ်တေးဂီတအကြောင်းကအစ နိုင်ငံရေးကိစ္စအဆုံးဆွေးနွေးကြ၊ ပြောကြပါတယ်။ တခါတလေ လက်ဖက်ရည်ဆိုင်တွေမှာ ပြောကြဆိုကြရင်းနဲ့ ဟာသတွေ၊ ပြက်လုံးတွေပေါ်ထွက်လာကြပြီး တမြို့လုံးအနှံ့ပြန့်သွားတာလည်း ရှိပါတယ်။ ဒီဘက်ခေတ်မှကြတော့ သူတို့ရဲ့အားလပ်ချိန်မှာ လက်ဖက်ရည်ဆိုင်ထိုင်ကြတဲ့ လူငယ်တွေနဲ့ ဒစ္စကိုကပွဲတွေ၊ ဈေးကြီးတဲ့စားသောက်ဆိုင်တွေကိုသွားကြတဲ့ လူငယ်တွေဆိုပြီး သိသိသာသာ နှစ်မျိုးနှစ်စားကွဲနေတာကို အားလုံးကပြောစရာမလိုပဲနဲ့ လက်ခံနေကြပါပြီ။ ဒီလို နှစ်မျိုးနှစ်စားကွဲနေခြင်းရဲ့ခြားနားချက်ဟာ စဉ်းစားစရာအဆင့်ကို ရောက်နေပါပြီ။ ငွေကြေးအခြေ အနေတခုတည်းကြောင့် မဟုတ်ပါဘူး။ လက်ဖက်ရည်ဆိုင်ထိုင်ကြတဲ့ လူငယ်တွေဟာ ဒုတိယကမ္ဘာစစ်မဖြစ်မီ လွတ်လပ်ရေးကြိုးပမ်းတဲ့ လှုပ်ရှားမှုတွေ ဘူမိနက်သန်တည်ရာမြေဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်မှာ စုဝေးကြတဲ့ လူငယ်အမျိုးသား အမျိုးသမီးတွေရဲ့ အစဉ်အလာနဲ့ပိုနီးစပ်ပြီး ဒစ္စကိုကပွဲတွေဆီသွားတဲ့ လူငယ်အမျိုးသား အမျိုးသမီးတွေကတော့ ခေတ်မှီတဲ့ဖက်ရှင်တခုအဖြစ်ရှုမြင်ကြရပါတယ်။

တချို့သော အာရှနိုင်ငံတွေလိုပဲ မြန်မာပြည်မှာလည်းပဲ လက်ဖက်ရည်တခွက်သောက်သုံးခြင်းဟာ အစဉ်ပုံမှန်ပြုလုပ်နေကြသလို ဖြစ်နေပါတယ်။ ဒီအတွက် လက်ဖက်ရည်တခွက်ဖိုးစာအဖြစ် ဘောက်ဆူးပေးခြင်း၊ လက်ခံခြင်းကို လက်ဖက်ရည်ဖိုးဆိုပြီး လူသိများလာပါတယ်။





ဒါပေမဲ့လည်း ပြည်သူ့ဝန်ထမ်းတွေရဲ့လစာနဲ့ လူနေမှုစရိတ်ကွာဟချက် ကြီးမားလာတဲ့အခါမှာတော့ လက်ဖက်ရည်ဖိုးဆိုတဲ့စကားဟာလည်း မျက်လှည့်ပြသလိုပါပဲ အပြောင်းလဲကြီး ပြောင်းလဲသွားပါတယ်။ အုပ်ချုပ်ရေးယန္တရားလုပ်ငန်းအဆင့်ဆင့်မှာ ကြုံတွေ့ရတဲ့အခက်အခဲတွေကို ကျော်လွှားသွားနိုင်ဖို့ လာဘ်ထိုးရတယ်ဆိုတဲ့ အဓိပ္ပါယ်ကို သက်ရောက်သွားပါတော့တယ်။

ဒါပေမဲ့ သိပ်မကြာသေးမီကာလလောက်အထိ ဒီလာဘ်ထိုးခြင်းဟာ ငွေပမာဏသိပ်မများပေမဲ့လည်း အခုခေတ်ကာလမှာတော့ နိုင်ငံကူးလက်မှတ်ရရှိရေးအတွက်ဆိုရင် ဂဏန်းငါးလုံးလောက်အထိပေးနေရပါပြီ။ ဒါကြောင့် လာဘ်ထိုးရတာကို လက်ဖက်ရည်ဖိုးဆိုတဲ့ စကားလုံးကို မသုံးတော့ပါဘူး။ အခုလောလောဆယ်သုံး နေတာက 'ရေ သွန်တယ်'၊ 'ရေလောင်းတယ်' ဆိုတာပါပဲ။ လုပ်ငန်းလုပ်ဆောင်တဲ့ဌာနအဆင့်ဆင့်မှာ အဆင်ပြေချောမွေ့စေဖို့အတွက် ပေးဆပ်လိုက်ရခြင်းပဲလို့ လူတယောက်ရဲ့ယူဆချက်ကို ကိုးကားပြီးပြောခြင်းပါတယ်။

သာမာန်လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်တခွက်ရဲ့ တန်ဘိုးဟာ ၈ ကျပ်မှ ၁၀ အထိရှိနေပေမဲ့လည်း ဒီဈေးနှုန်းမှာ စာရေးစရာတွေ၊ ကျောင်းသားတွေ သောက်နိုင်ပါသေးတယ်။ ဒါပေမဲ့ ရန်ကုန်မှာ အသစ်ဆောက်ထား တဲ့ ပြန်လည်ပြင်ဆင်မွမ်းမံထားတဲ့ ကြယ်ပွင့်အဆင့်သတ်မှတ်ထားတဲ့ ဟိုတယ်တွေမှာ လက်ဖက်ရည်တခွက်သောက်ရင်တော့ မြန်မာပြည်ကလူအများစု အိပ်မက်မမက်နိုင်တဲ့ ဈေးနှုန်းအဆင့်ကိုရောက်နေပါပြီ။ အင်္ဂလိပ်စတိုင်တည်ခင်းတဲ့ လက်ဖက်ရည်တခွက်ဟာ ၃ ဒေါ်လာရှိနေပါတယ်။

တရားဝင် သတ်မှတ်ထားတဲ့ ငွေလဲနှုန်းက အမေရိကန်တဒေါ်လာကို မြန်မာငွေ ၆ ကျပ်တောင်မပြည့်ပါဘူး၊ ဒါပေမဲ့လည်း မကြာသေးတဲ့ သီတင်းပတ်က ဖွင့်လှစ်လိုက်တဲ့ FEC ငွေလဲဌာနတွေမှာ အမေရိကန်တဒေါ်လာနဲ့ညီတဲ့ 1FECဟာ မြန်မာငွေကျပ် ၁၂၀ ကျော်ကျော်မှာရှိနေပါတယ်။ ဒီလိုဈေးနှုန်းနဲ့ဆိုရင် ဇိမ်ခံဟောတယ်တွေမှာ လက်ဖက်ရည်တခွက်ရဲ့တန်ဖိုးဟာ မြန်မာငွေကျပ် ၃၆၀ နဲ့ သွားညီနေပါတယ်။ ရဲတပ်သားတယောက်လို အနိမ့်ဆုံးပြည်သူ့ဝန်ထမ်းတဦးရဲ့ အခြေခံလစာဟာ ကျပ် ၆၀၀ ပဲရှိပါတယ်။ ဒီငွေကျပ် ၆၀၀ နဲ့ မိသားစုလေးဦးရှိတဲ့ အိမ်ထောင်စုအနေနဲ့ တပတ်စားဖို့ဆိုတာ အတော့်ကိုမလွယ်ကူတဲ့ကိစ္စပါပဲ။ ဒါကိုကြည့်တာနဲ့ အစိုးရဝန်ထမ်းတွေ အပိုဝင်ငွေဘာကြောင့် လိုအပ်





သလဲဆိုတာ အလွယ်တကူနားလည်နိုင်ပါတယ်။ ဒါကြောင့်လည်းပဲ လက်ဖက်ရည်ဟာ ဈေး အကြီးဆုံးအရာဖြစ်နေတော့ ဒီတနေ့မှာ လက်ဖက်ရည်ဖိုးလို့ မခေါ်တော့တာပါ။





ဒေါ်အောင်ဆန်းစုကြည်၏

# မြန်မာပြည်ကလာတဲ့စာ [၂၂]

အလှအပနှင့် အကျည်းတန်

ဧပြီလ (၂၂)ရက်နေ့

လွန်ခဲ့တဲ့အနှစ်အတော်ကြာက Oxfordတက္ကသိုလ်ရဲ့ ဂျပန်ရိုးရာ လက်ဖက်ရည်ပွဲပြင်တဲ့ သင်ခန်းစာတခုမှာ ကျမတို့ရဲ့ဆရာက လက်မှုပညာရှင်ကြီးတဦး ပြုလုပ်ထားတဲ့ အရောင်အသွေးစုံစွာနဲ့ ချော်မွတ်လှပနေတဲ့ မြေခွက်ကလေးတွေကို ပြသခဲ့ပါတယ်။

အဲဒီလက်မှုပညာရှင်ကြီးဟာ သူ့ရဲ့နေအိမ်မှာ မြေခွက်ကလေးတွေနဲ့ အတူခါတ်ပုံအရိုက်ခံရပါတယ်။ သေသပ်လှပစွာပြုလုပ်ထားတဲ့ အဲဒီမြေခွက်ကလေးတွေဟာ ပညာရှင်ကြီးရပ်နေတဲ့ ခေတ်မီကော်ဇောရဲ့အလှနဲ့ လုံးဝမတူတသီး တခြား၊ တမျိုးတဘာသာ လှပနေပါတယ်။

နေ့စဉ်နဲ့အမျှ မြင်တွေ့နေရတဲ့ ဒီဆန့်ကျင်ဘက်အလှနှစ်ခုဟာ သူ့အတွက် ရှုမငြီးဖွယ်ရာပါပဲ။ ဂျပန်မှာ နှစ်ပေါင်းများစွာနေခဲ့ပြီး ဂျပန်ရိုးရာ လက်ဖက်ရည်တည်ခင်းခြင်းကို လေ့လာသင်ယူခဲ့တဲ့အတွက် အခုအခါတဖက်ကမ်းခပ်အောင် ကျွမ်းကျင်တဲ့အဆင့်ကိုရောက်နေပြီးဖြစ်တဲ့ အမေရိကန်လူမျိုးဖြစ်တဲ့ ကျမတို့တတွေ အမျိုးမျိုးတွေးထင်နေတာကို ရယ်သွမ်းလိုက်ပြီး သူက တချို့လူတွေဟာ ဘယ်အရာကလှတယ်ဆိုတာကိုပဲ သိကြတယ်။ ဘယ်အရာဟာ အကျည်းတန်တယ်ဆိုတာကို မသိကြဘူးလို့ မှတ်ချက်ပေးလိုက်ပါ တယ်။





ကျမတို့ဆရာက အလှအပနဲ့ပတ်သက်ပြီး အဓိကအရေးပါတဲ့ အကြောင်းတွေကိုပြောပြပါတယ်။ သူက အရောင်အသွေးစုံလင်စွာရောယှက်ပြီး ဒီဇိုင်းဆွဲထားတဲ့ ပိုးသားဘရိုကိတ်နဲ့ သဘောကျနှစ်သက်ဖွယ်ရာကောင်းတဲ့ ရှင်းရှင်းလင်းလင်းနဲ့ အနက်ရောင်အမျှင်တန်းကလေးတွေကိုရှိုးမြေတြီပုံစံ အကွက်တွေ၊ အစောင်းတွေ၊ ကန့်လကန့်ဖြတ်ပုံအမျိုးမျိုးကို ကြည့်လို့ကောင်းအောင် ထည့်သွင်းပုံနှိပ်ထားတဲ့ ဒီဇိုင်းကိုယှဉ်ပြီးပြောပြပါတယ်။

နီယွန်မီးများနဲ့ တောက်ပြောင်လှပနေတဲ့ မြို့ကြီးတွေရဲ့ အလှအပနဲ့၊ ကျောက်တုံးတွေ၊ ဝက်သစ်ချပင်အိုတွေနဲ့ စိမ်းစိုပြီးအေးမြလှတဲ့ ပန်းခြံဥယျာဉ်တွေရဲ့ အလှအပကိုလည်း နှိုင်းယှဉ်ပြီးပြောပြပါတယ်။

ဂျပန်ရိုးရာ လက်ဖက်ရည်တည်ခင်းတဲ့အခါ ဂျပန်ဘာသာနဲ့ Wakei Seijaku လို့ခေါ်တဲ့ ကိုယ့်ရဲ့စိတ်ကို တည်ငြိမ်အေးချမ်းအောင်ထားဖို့ လိုအပ်ပါတယ်။ ဒါကြောင့်စိတ်ရောကိုယ်ပါ ကြည်လင်သန့်စင်လှပဖို့အတွက် အကျည်းတန်အရုပ်ဆိုးတာတွေ၊ လိုက်ဖက်မညီတာတွေကို အရင်ဆုံးဖယ်ရှားပစ်ဖို့ လိုပါတယ်။

သဘာဝနဲ့ပတ်သက်တဲ့ အလှအပတွေကို ဖန်တီးတဲ့အခါ ကောင်းမွန်စစ်မှန်တဲ့အရသာကို ခံစားရရှိဖို့ဆိုရင် ဒီလိုဖန်တီးတဲ့ သူ့အနေနဲ့ ဘယ်ဟာက လှပပါတယ်၊ ဘယ်ဟာက အကျည်းတန်တယ်ဆိုတာကို ခွဲခြားသိမြင် နိုင်ဖို့လိုအပ်သလို လူသားတွေတွေ့ကြုံရတဲ့ ကျယ်ပြောလှတဲ့အတွေ့အကြုံတွေကိုလည်း သုံးသပ်နိုင်ဘို့လိုအပ်ပါတယ်။ ဘယ်ဟာကို ငြင်းပယ်သင့်တယ်ဆိုတာကို နားလည်တတ်ဖို့ဟာလည်း အရေးကြီးပါတယ်။

ကျမနဲ့ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးတဲ့ ဂျပန်လူမျိုးမိတ်ဆွေတွေရှိပါတယ်။ သူတို့တတွေဟာ အကျည်းတန်တဲ့ အရာတွေကို ငြင်းပယ်ဖို့အဆင်သင့်ရှိကြသလို လှပတဲ့အရာတွေဆိုရင် လက်ခံဖို့လည်းအဆင်သင့်ပါပဲ။ ဒါပေမဲ့ အခုလောလောဆယ်မှာ မြန်မာနိုင်ငံနဲ့ စီးပွားရေးဆက်ဆံမှုတွေ တိုးမြှင့်ပြုလုပ်ချင်ကြတဲ့ သူတွေဆီမှာ ဒီလိုအတွေးခေါ်အယူအဆတွေ နည်းပါးနေရခြင်းကို ကျမအနေနဲ့ မစဉ်းစားပဲမနေနိုင်ပါဘူး။

ဒီပုဂ္ဂိုလ်တွေ မြန်မာနိုင်ငံနဲ့စီးပွားရေးဆက်ဆံမှုပြုလုပ်ဖို့ ကျမတို့နိုင်ငံကို ကြည့်တဲ့အခါဘာတွေ့မြင်သလဲ။ သူတို့တတွေ ကျမတို့နိုင်ငံရဲ့ပန်းချီကားတချပ်လိုလှပတဲ့ သဘာဝအလှအပမြင်ကွင်းတွေကို မြင်ကောင်းမြင်မိပါလိမ့်



မယ်။ ညှိသည်တွေနဲ့တွေ့ဆုံဆက်ဆံတဲ့အခါ မြန်မာလူမျိုးတွေရဲ့ လိုက်လျောပျူငှာတဲ့အပြုံးတွေ ဟိုတယ်အသစ်တွေ၊ ဈေးပေါလှတဲ့ လုပ်သားတွေကို မြင်ရပါလိမ့်မယ်။ ဒါတွေဟာ သူတို့အတွက် ငွေကြေးအမြတ်အစွန်းတွေရဖို့ ရွှေ တမျှအဖိုးတန်တဲ့ အခွင့်အရေးတွေပါပဲ။


ဒါပေမဲ့ ကျေးလက်ဒေသတွေရဲ့ဆင်းရဲနွမ်းပါးမှုတွေ၊ အဆောက်အဦကြီးတွေ ဆောက်လုပ်မယ်ဆိုလို့ ဖယ်ရှားခံကြရတဲ့ အကူအညီမဲ့နေတဲ့ ပြည်သူတွေ၊ ကင်ဆာရောဂါလို ကြီးထွားပျံ့နှံ့နှံမြန်နေတဲ့ လာဘ်ပေးလာဘ်ယူမှုတွေ၊ တံခါးဖွင့်စီးပွားရေးလို့ခေါ်နေတဲ့ စီးပွားရေးစနစ်မှာ တချို့လူတွေအတွက် တံခါးတွေ အကျယ်ကြီးဖွင့်ပေမဲ့လည်း တချို့လူတွေအတွက်ကတော့ တံခါးမ ဟတတဟလေးဖြစ်ဖို့ကိုတောင် အတော်မလွယ်ဖြစ်နေတဲ့ မညီမျှမှုတွေ၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ရှာဖွေနေတဲ့လူတွေကို ဥပဒေမဲ့ပြုကျင့်မှုတွေ တိုးတက်များပြားနေတဲ့အတွက် ဒုက္ခရောက်နေမှုတွေကို သူတို့သိချင်မှသိပါလိမ့်မယ်။

အခမ္ဘလုပ်အားပေး စီမံချက်တွေမှာ ယောကျ်ား၊ မိန်းမနဲ့ ကလေးတွေဟာ ငွေကြေးတပြားတချပ်မှမရဘဲ ပင်ပန်းကြီးစွာရက်ရှည်လများ အလုပ်လုပ်နေရတာတွေဟာ ဒုတိယကမ္ဘာစစ်အတွင်းက နာမည်ကျော်သေမင်းတမန် ရထား လမ်းဖေါက်လုပ်စဉ်တုန်းက မြင်းကွင်းမျိုး၊ အတွေ့အကြုံမျိုးကို ပြန်လည်အမှတ်ရခံစားမိစေပါတယ်။

ထူးချွန်လှတဲ့ အရည်အချင်းတွေရှိပြီး အခွင့်အရေးကောင်းတွေကို ထက်မြက်လှတဲ့မျက်လုံးတွေနဲ့ ရှာဖွေနိုင်တယ်ဆိုပြီး ဂုဏ်ယူဝင့်ကြွားနေတဲ့သူတွေ ကျမတို့နိုင်ငံမှာ အကျင့်စာရိတ္တနဲ့ တွေးခေါ်သိမြင်နိုင်တဲ့ စွမ်းအားတွေကို ယုတ်လျော့ အားနည်းအောင်လုပ်နေတဲ့စနစ်ရဲ့ အကျည်းတန်သင်္ကေတတွေကို သူတို့တတွေ မြင်အောင်မကြည့်နိုင်တာကတော့ အံ့သြစရာပါပဲ။ ဒီအတိုင်းသာ ဖြစ်နေမယ်ဆိုရင် ကျမတို့နိုင်ငံရဲ့ စီးပွားရေးတိုးတက်လာနိုင်မဲ့ စွမ်းအားတွေကို ယုတ်လျော့အောင်လုပ်နေသလိုပါပဲ။

စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ကျမတို့နိုင်ငံအတွင်းမှာ နိုင်ငံရေးအကျဉ်းသားတွေ ဘယ်လောက်ရှိနေသလဲဆိုတာကို ဂရုမစိုက်ရင်တောင်မှ ထိရောက်တဲ့ဥပဒေဆိုင်ရာ အခြေခံတွေအားနည်းနေခြင်းဟာမျှတတဲ့ စီးပွားရေးလုပ်ဆောင်မှုတွေ၊ ဒါမှမဟုတ် တရားမမျှတမှုတွေ၊ ပြင်ဆင်မှုတွေအတွက် ဘာမှအာမခံချက်မရှိနိုင်ဘူးဆိုတာကိုတော့ အနည်းဆုံးထည့်စဉ်းစားသင့်ပါတယ်။





ကိုယ်တိုင်ပိုမိုတိုးတက်ချမ်းသာလာဖို့ ရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံကိုလာကြတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် သူတို့တတွေဟာ အသီးအပွင့်ဝေဆာလှပစွာနဲ့ မထိရက်မကိုင်ရက်လောက်အောင် သီးပွင့်နေတဲ့အပင်ကို တခြားသူတွေ ကြမ်းတမ်းစွာခူးယူနေသလို ကိုယ်တိုင် လည်းဝင်ပြီးခူးယူနေသလိုပါပဲ။

ဒီလိုကြမ်းတမ်းစွာခူးယူသွားတဲ့အတွက် ကျိုးပဲ့ပျက်စီးပြီးကျန်ခဲ့တဲ့ အကျည်းတန်လှတဲ့အကိုင်းအခက်တွေကို မမြင်ချင်ယောင်ဆောင်နေကြပါတယ်။ သူတို့တတွေရဲ့အပြုအမူတွေဟာ အနာဂတ်မှာ အသီးအပွင့်တွေ ဝေဝေဆာဆာနဲ့ ဖူးပွင့်စေနိုင်ဖို့ကိုကြီးစွာအန္တရာယ်ပြုနေတယ်၊ သစ်ပင်ပိုင်ရှင်တွေကို တရားမမျှတမှုတွေနဲ့ ပြုမူနေတယ်ဆိုတာကို သတိမပြုမိသလိုပါပဲ။

ဒီလိုဖျက်ဆီးနေကြတဲ့ သူတွေထဲမှာ ဂျပန်နိုင်ငံကကုမ္ပဏီကြီးတွေလည်းပါပါတယ်။ သူတို့တတွေဟာ ဂျပန်ရဲ့အကောင်းဆုံးဆိုတာတွေကို ကိုယ်စားမပြုပါဘူး။ ကျမဂျပန်လူမျိုးအဖွဲ့တွေနဲ့ တွေ့ဆုံဖူးပါတယ်။ အဲဒီအဖွဲ့ထဲမှာပါတဲ့ ဂျပန်လူကြီးလူငယ်တွေဟာ ကျမတို့နိုင်ငံတွင်းက အဖြစ်အပျက်မှန်တာတွေကို ကိုယ်တိုင်ရှာဖွေလေ့လာဖို့ အင်မတန်စိတ်အားထက်သန်နေကြပါတယ်။ သူတို့တတွေဟာ ဘယ်အရာကိုပဲဖြစ်ဖြစ် ဖြောင့်မတ်မှန်ကန်စွာကြည့်ဖို့ အမြဲပြင်ထားပါတယ်။

ကျမရဲ့နေအိမ် ခြံတံခါးအပြင်မှာပြုလုပ်တဲ့ ပြည်သူလူထုတွေနဲ့ တွေ့ဆုံပွဲတွေမှာ ဂျပန်လူမျိုးအတော်အသင့်ဟာ ချစ်ချစ်တောက်ပူနေတဲ့ နေရောင်အောက်မှာထိုင်ပြီး ဗမာစကားကိုနားမလည်ပေမဲ့လည်း သေသေချာချာ စူးစူးစိုက်စိုက်နဲ့ အာရုံအပြည့်ထားပြီး နားထောင်ကြပါတယ်။ တွေ့ဆုံပွဲပြီးတော့ သူတို့တတွေ ကျမဆီလာပြီး ဂျပန်ဘာသာနဲ့ Ganbatte Kudasai (ကြိုးစားပါလို့ အဓိပ္ပါယ်ရပါတယ်)လို့ ပြောပြပါတယ်။

ကျမရဲ့လုပ်ရှားမှုကြီးကို ဘယ်အရာတွေဟာ လှပတဲ့အရာတွေဖြစ်တယ်ဆိုတာကို ကောင်းစွာခွဲခြားသိမြင်ကြတဲ့ ဂျပန်လူမျိုးတွေက ထောက်ခံအားပေးနေတယ်ဆိုတာကို သိလိုက်ရတော့ ကျမအနေနဲ့ အားအင်တွေပိုပြီးရှိလာပါတယ်။





## ဒေါ်အောင်ဆန်းစုကြည်၏

# မြန်မာပြည်ကလာတဲ့စာ [၂၃]

### သီချင်းဟောင်းများ

ဧပြီလ (၂၉)ရက်နေ့

လွန်ခဲ့တဲ့ ရက်အနည်းငယ်လောက်က အိုဆာကာတက္ကသိုလ် နိုင်ငံခြားဘာသာသင်ကျောင်းမှာ မြန်မာစာကိုလေ့လာသင်ယူနေတဲ့ ဂျပန်အမျိုးသမီးငယ်နှစ်ဦး ကျမဆီလာတွေ့တာ တကယ့်ကိုအချိန်ကိုက်ပါပဲ။ ဦးကြည်မောင်နဲ့ ကျမတို့ဟာ ဂျပန်သီချင်းနှစ်ပုဒ်ကို ဘာသာပြန်ဖို့အတွက် အကူအညီလိုနေတာနဲ့ အတော်ပဲဖြစ်သွားပါတယ်။ ဦးကြည်မောင်ဟာ လွန်ခဲ့တဲ့သီတင်းပတ် အနည်းငယ်လောက်က ကျမတို့ရဲ့အားလပ်ရက် လူထုတွေ့ဆုံပွဲမှာ သူစစ်သားငယ်ဘဝတုန်းက သင်ယူခဲ့တဲ့ ဒီသီချင်းနှစ်ပုဒ်အကြောင်းကို ပြောပြခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ပေါ်ပေါက်ခဲ့တဲ့ မြန်မာ့စစ်သီချင်းတော်တော်များများဟာ ဂျပန်တေးသွားမှ မြန်မာစာသားထည့်သွင်းထားတဲ့ သီချင်းတွေဖြစ်ပါတယ်။ ဂျပန်က ဧည့်သည်နှစ်ယောက် ဒီကနေ့မနက် မြန်မာ့ရုပ်မြင်သံကြားကိုကြည့်တော့ ဖက်ဆစ်စစ်ဝါဒီတွေခေတ်က သီချင်းကိုကြားခဲ့ရပြီး ဒီတိုင်းပြည်မှာ ခေတ်ဟောင်းဖက်ဆစ်သီချင်းတွေကို အံ့သြကြီးစွာနဲ့မေးပါတယ်။

ဦးကြည်မောင်က မြန်မာသီချင်းစာသားနဲ့ လူသိများနေတဲ့ သီချင်းတွေဟာ ဖက်ဆစ်တွေရဲ့ မူရင်းဂျပန်စာသားအဓိပ္ပါယ်နဲ့ လုံးဝပတ်သက်ခြင်း မရှိဘူး





ဆိုတာကို ရှင်းပြပါတယ်။ ကျမဟာ ဒီသီချင်းတွေအကြောင်း ပိုပြီးလေ့လာချင်တဲ့အတွက် ဦးကြည်မောင်ကို အကူအညီတောင်းပြီး ရှာဖွေတဲ့အခါ ဦးကြည်မောင်နဲ့ စစ်သင်တန်းအတူတက်ဖက် သူငယ်ချင်းတယောက်ဆီ က သူစစ်သားငယ်ဘဝတုန်းက သင်ခဲ့ရတဲ့သီချင်းတွေရခဲ့ပါတယ်။ စစ်မဖြစ်မီက ဂျပန်စာပုံစံမျိုးနဲ့ ရိုက်နှိပ်ထားတဲ့ စာရွက်နှစ်ရွက်ကို ရခဲ့ခြင်းဖြစ်ပါတယ်။

ကျမတို့လည်း ဂျပန်အမျိုးသမီးငယ်နှစ်ဦးရဲ့ အကူအညီနဲ့ စစ်သီချင်း (Hohei no Uta)ကို စပြီး ကြိုးစားပန်းစားနဲ့ ဘာသာပြန်ခဲ့ပါတယ်။

ငါ့ရဲ့လည်စည်းအရောင်ဟာ
ကိုင်းလုံးပြည့်ပွင့်နေတဲ့
ဆာကူရ (ချယ်ရီ)ရောင်ပမာ
Yoshino ပန်းလေးတွေ
လေထဲမှာကြွေဝဲတာ
Yamatoရဲ့ သားတွေ
စစ်မြေပြင်မှာ ရဲစွမ်းသတ္တိတွေပြသည့်ပမာ
တစ်ရှကု (Shaku)တောင်မရှိတဲ့သေနတ်ဟာ
လက်နက်လို့ မသတ်မှတ်နိုင်ပါ
ကျိုးနေတဲ့ဓါးက
ဘာကိုမျှဆောင်ကြဉ်းမပေးနိုင်ပါ။
နှစ်ပေါင်းနှစ်ထောင်ကျော် ကြာပေမဲ့လည်း
Yamatoရဲ့ စိတ်ဓါတ်တွေ
ငါတို့စိတ်ထဲစွဲမြဲနေဆဲ
စစ်သားပေါင်းနှစ်သိန်းဟာ
နေရာခုနှစ်ဆယ်မှာ စုရုံးလက်တွဲတာ
သူတို့ရဲ့အလံတော်ကို ကာကွယ်နေတာ
သူတို့ရဲ့နေရာကို
ဘယ်တော့မှလက်မလွှတ်ပါ
အိပ်မက်ထဲမှာတောင်





အရှုံးမပေးနိုင်ပါ။
{တစ်ရုကု=၁၁၈၉၃၀၅လက်မ(ဘာသာပြန်သူ)}

နောက်သီချင်းတပုဒ်က Aiba Shingun ka(ချစ်လှစွာသော မြင်းအတွက် ချီတက်ခြင်း)ဖြစ်ပါတယ်။

တိုင်းပြည်က ငါထွက်လာတာ
ဘယ်လောက်တောင်ကြာပြီလဲ
ဒီမြင်းနဲ့အတူလက်တွဲ
သေပွဲဝင်မှာလား
မြင်းအိုကြီးရေ မင်းအိပ်ချင်နေပြီလား
ငါကိုင်ထားတဲ့ ဇက်ကြိုးဟာ
မင်းခန္ဓာကိုယ်ထဲက သွေးတွေ
ငါဆီကိုစီးဆင်းနိုင်ဖို့
ဆက်ပေးတဲ့ သွေးကြောမဟုတ်ဘူးလား။

ဒီသီချင်းနဲ့ပတ်သက်ပြီး ဦးကြည်မောင်က ဘယ်စကားလုံးတွေဟာ ဖက်ဆစ် ဒါမှမဟုတ် စစ်ဝါဒီတွေရဲ့ စကားလုံးတွေလည်းဆိုတာကို မေးပါတယ်။ ချယ်ရီပန်းပွင့်တာကို တမ်းတတာ၊ လက်တက်ထက် စိတ်ခါတ်ပေါ်မှာ အဓိက အားပြုတာ၊ ပြီးတော့ မြင်းအိုကြီးကို ချစ်ခင်တွယ်တာကြောင်း ဖော်ကျူးထားတဲ့ သီချင်းတိုလေးဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီသီချင်းတွေကို ဖက်ဆစ်ဂျပန်စစ်အစိုးရကို သစ္စာခံဖို့အတွက် ဂျပန်စစ်တပ်က အာရှတခွင် ချီတက်သိမ်းပိုက်စဉ်က ထပ်ခါတလဲ လဲသီဆိုခဲ့ကြပါတယ်။ ဂျပန်ဖက်ဆစ်အစိုးရရဲ့ အုပ်ချုပ်မှုကြောင့် တိုင်းပြည် ဟာ ဒုက္ခရာဒုက္ခချက်အပျက်အစီးများစွာနဲ့ ကျန်ရစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီသီချင်းတွေဟာ စစ်တပ်ကိုမကျေနပ်မှုတွေ ရောင်ပြန်ဟပ်လာစေခဲ့ပါတယ်။

လွတ်လပ်မှုကို တန်ဘိုးမထားပြစ်ပယ်တဲ့ စစ်တပ်ခေါင်းဆောင်တွေရဲ့ အမိန့်အတိုင်း လုပ်ဆောင်ရတဲ့ အခါမှာတော့ စည်းကမ်းတိကျတဲ့ ကိုယ်ကျိုးစွန့်အနစ်နာခံတတ်တဲ့ သဘာဝကိုမြတ်နိုးခင်မင်ခဲ့တဲ့ ဦးကြည်မောင်ရဲ့ ပင်ကိုယ်





စိတ်ရင်းတွေဟာ လွင့်စဉ်ပျက်ပြယ်ခဲ့ပါတယ်။ အဲဒီခေါင်းဆောင်တွေ စစ်တပ်က ဖိနှိပ်ရေးလမ်းစဉ်ကို ရွေးချယ်လိုက်တဲ့အခါမှာတော့ စစ်တပ်ရဲ့ ကျဆုံးခန်းရောက်ခဲ့ ရုံမက တခြားသူတွေပါများစွာ ထိခိုက်နစ်နာစေခဲ့ပါတယ်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ မြန်မာပြည်သူလူထုကြီးဟာ ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်ခဲ့ ကြပါတယ်။ အန်န်အယ်လ်ဒီကလည်း ဒီနှစ်ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားကိုပြုလုပ်ကျင်းပခဲ့ပြီး၊ အဲဒီအခမ်းအနားမှာ တော်လှန်ရေးလှုပ်ရှားမှုကြီးတုန်းက ပါဝင်ခဲ့ကြတဲ့သူတွေရဲ့ အတွေ့အကြုံတွေကို ပြောပြခဲ့ကြပါတယ်။ ပထမဦးဆုံးပြောတဲ့သူကတော့ ဗိုလ်မှူးအောင်ဖြစ်ပါတယ်။ အသက်ရှစ်ဆယ်ကျော်ရှိနေပေမဲ့လည်း ကျန်းမာသန်စွမ်းဆဲဖြစ်တဲ့ ဗိုလ်မှူးအောင်ဟာ ၁၉၄၁ ခုနှစ်တုန်းက ကျမဖေဖေဦးဆောင်ပြီး ဟိုင်နန်ကျွန်းမှာ ဂျပန်စစ်တပ်ဆီကနေ စစ်ပညာသင်ဖို့သွားကြတဲ့ နောင်မှာရဲဘော်သုံးကျိပ်လို့အမည်တွင်ခဲ့တဲ့ လူငယ်တစုထဲက တဦးအပါအဝင်ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ အန်န်အယ်လ်ဒီအဖွဲ့ဝင်လည်းဖြစ် ၁၉၄၅ ခုနှစ်တုန်းက မြန်မာစစ်တပ်ထဲမှာ အရာရှိငယ်ဘဝနဲ့ ဖက်ဆစ်တော်လှန်ရေးမှာ ပါဝင်ခဲ့ကြတဲ့ ဦးတင်ဦးနဲ့ ဦးမောင်မောင်ကြီးတို့က တော်လှန်ရေးရဲ့ အစပိုင်းအခြေအနေတွေအပေါ် သူတို့ရဲ့အမြင်၊ အတွေ့အကြုံတွေကို ပြောပြခဲ့ပါတယ်။

နောက်ဆုံးပြောပြတဲ့သူနှစ်ဦးကတော့ မြန်မာစာပေလောကမှာ နာမည်ကျော်ကြားပြီး လူရှိသေလေးစားမှုခံရတဲ့ ဇနီးမောင်နှံဖြစ်ကြတဲ့ ဦးခင်မောင်လတ်နဲ့ ဒေါ်ခင်မျိုးချစ်တို့ပါပဲ။ အရပ်သားအဖြစ်နဲ့ တော်လှန်ရေးမှာပါဝင်ခဲ့ကြတဲ့ သူတို့ရဲ့အတွေ့အကြုံတွေကို ရယ်မောစရာလေးတွေနဲ့ ပြောပြသွားပါတယ်။ သာမန်ပြည်သူတွေဖြစ်ပေမဲ့လည်း ဒီတော်လှန်ရေးမှာ အရေးပါတဲ့အခန်းကနေ ပါဝင်ပြီး ဖက်ဆစ်ကြီးစိုးမှုနဲ့ ကိုလိုနီအုပ်ချုပ်မှုလက်အောက်ကနေ လွတ်မြောက်ပြီး လွတ်လပ်တဲ့နိုင်ငံအဖြစ်ကို ရောက်ရှိစေဖို့ ကြိုးပမ်းချက်တွေဟာ ဘယ်လိုမှမေ့ပျောက်လို့မရပဲ အမြဲသတိရနေစေပါတယ်။ ဒီလိုပဲ တခြားမေ့ပျောက်ဖို့မသင့်တဲ့ အရာတွေလည်း ရှိပါသေးတယ်။

မြန်မာပြည်မှာပဲဖြစ်ဖြစ်၊ ဂျပန်ပြည်မှာပဲဖြစ်ဖြစ် တခြားကမ္ဘာပေါ်က ဘယ်နေရာမှာပဲဖြစ်ဖြစ် တရားမျှတမှု၊ ငြိမ်းချမ်းမှုနဲ့ လွတ်လပ်မှုကို သာမန် ပြည်သူတွေလည်း ချစ်မြတ်နိုးကြတာပါပဲ။ ဒါကြောင့်လည်း ကျမတို့တတွေဟာ





ကျိုးကြောင်းဆီလျော်မှုမရှိတဲ့ အစွန်းရောက်တဲ့သူတွေ၊ အပြစ်မရှိတဲ့ သီချင်းတွေကို စစ်သီချင်းတွေအဖြစ် ပြောင်းလဲတာတွေကို ခုခံကာကွယ်နေကြ ခြင်းပဲ ဖြစ်ပါတယ်။





ဒေါ်အောင်ဆန်းစုကြည်

၏

# မြန်မာပြည်ကလာတဲ့စာ [၂၆]

သင်္ကြန်ပွဲ (၁)

မေလ (၆)ရက်နေ့

ပူပြင်းတဲ့ဒေသမှာ နွေဦးအလှကို ဖျက်ဆီးနေတဲ့အရာကို သိတဲ့ကဗျာဆရာတွေက ဧပြီလဘွဲ့ ကိုဖွဲ့ဆိုကြတဲ့အခါ လွမ်းဆွေးဖွယ်ရေးဖွဲ့ကြပေမဲ့လည်း သူတို့ဖွဲ့တဲ့အတိုင်း နွေဦးရဲ့အလှဟာ တကယ်ပဲဖြစ်လာပါ့မလားဆိုတာ မရေရာမသေချာတဲ့ သဏ္ဍာန်တွေ ပါဝင်နေပါတယ်။ အပူပိုင်းဒေသမှ မြန်မာပြည်ရဲ့ ဧပြီလကတော့ ... "အရက်စက်ဆုံးလ၊ ပပ်ကြားအက်မြေပေါ်က ပင်စည်ခြောက်သွေ့နေတဲ့ တမာခါးပင်နွေမိုး တပြိုက်နှစ်ပြိုက်လောက်ရွာမှ ရှင်သန်နိုင်မယ်"... ရေးဖွဲ့တာနဲ့တော့ ခြားနားလှပါတယ်။

မြန်မာပြည်က ဧပြီလရဲ့ရက်စက်မှုကတော့ နေ့စဉ်ဘဝကို အခက်အခဲတွေ့စေရုံတင်မက ချစ်ချစ်တောက်ပူတဲ့နေနဲ့ လောင်ကျွမ်းမတတ်အပူရှိန်တွေက လူတွေရဲ့အင်အားတွေ စွမ်းအားတွေကို ယုတ်လျော့အား နည်းစေတဲ့အတွက် ကွဲအက်နေတဲ့မြေကြီးပမာ တကိုယ်လုံးပူချစ်နေပြီး ပင်ပန်းနွမ်းနယ်စေပါတယ်။ ဒီလိုပူပြင်း ခြောက်သွေ့တဲ့လမှာပဲ ကျမတို့မြန်မာလူမျိုးတွေရဲ့ နှစ်သစ်အချိန်ကျရောက်ပါတယ်။ ပူပြင်းခြောက်သွေ့မှုနဲ့ လိုက်ဖက်ညီစွာပဲ နှစ်သစ်ကူးအခါ






သမယကို ရေသဘင်ပွဲခင်းပြီး ဆင်ယင်ကျင်းပကြပါတယ်။

ဒီပွဲတော်ရဲ့နာမည်ကတော့ "သင်္ကြန်ပွဲတော်"ပါပဲ။ သင်္ကြန် လို့ နာမည်ကျော်လူသိများတဲ့အမည်မှာ မဟာ (ကြီးမြတ်သော)ဆိုတဲ့ စကားလုံးကို တခါတရံတွဲဖက်သုံးလေ့ရှိပါတယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကိုကူးပြောင်းတာဟာ ကြီးကျယ်တဲ့ပြောင်းလဲမှုဖြစ်တဲ့အတွက် ပွဲလမ်းသဘင်တွေ ဆင်ယင်ကျင်းပကြလို့ မဟာဆိုတဲ့ စကားလုံးကိုသုံးတာဖြစ်ပါတယ်၊ ဒါတင်မကပါ ဘူး။ ကျမတို့ တတွေ "အတာ" (ပြီးဆုံးခြင်း)ဆိုတဲ့ စကားလုံးကိုလည်း သုံးပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ပွဲတော်ဟာ နှစ်ဟောင်းရဲ့နောက်ဆုံးလေးရက်မှာ ကျင်းပပြီး၊ အဲဒီမှာ အတာရေကို တယောက်နဲ့တယောက်အပြန်အလှန်ပက်ကြလောင်းကြပါတယ်။ ဒီလိုအပြန်အလှန် ရေပက်လောင်းကြတာဟာ ငြိမ်းချမ်းတဲ့အထိမ်းအမှတ်၊ အေးချမ်းတဲ့အထိမ်းအမှတ်၊ အညစ်အကြေးတွေကို ဖယ်ရှားပြစ်တဲ့ အထိမ်းအမှတ် ပါပဲ။

သင်္ကြန်တော်ရဲ့ပုံသဏ္ဌာန်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ ကျော်လောက်ကစပြီး တဖြည်းဖြည်းနဲ့ပြောင်းလဲလာပါတယ်။ ၁၇၉၅ ခုနှစ်မှာ အိန္ဒိယဘုရင်ခံကစေလွှတ်လို့ အင်းဝမှာသံတမာန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ အင်္ဂလိပ်လူမျိုး Captain Symesu သူဝင်ရောက်ဆင်နွှဲခဲ့ဘူးတဲ့ သင်္ကြန်ပွဲကို အခုလိုရေးသားဖေါ် ပြပါတယ်။

"နှစ်ဟောင်းက အညစ်အနွမ်းတွေကို သန့်စင်ဖယ်ရှားဖို့ နှစ်သစ်မှာမကောင်းမှုတွေ ကင်းဝေးစေဖို့ အမျိုးသမီးတွေဟာ အဲဒီနေ့မှာ တွေ့သမျှအမျိုးသားတွေကို ရေပက်ကြပါတယ်။ အမျိုးသားတွေကလည်း အပြန်အလှန်အနေနဲ့ သူတို့ ကိုရေပက်ခွင့်ရတယ်။ ဒီလိုခွင့်ပြုတာဟာ ထိခိုက်နာကျင်မှုမရှိစေဘဲ ပျော်ပျော်ရွှင်ရွှင်ရေကစားဖို့ပါပဲ။ အထူးသဖြင့် ရေပြွတ်တွေ၊ ရေဖလားတွေနဲ့ လမ်းတလျှောက်တွေ့သမျှ အမျိုးသားတွေကိုရေပက်ကြတဲ့ အမျိုးသမီးငယ်လေးတွေ ယဉ်ကျေးသိမ်မွေ့စွာနဲ့ ရေရွဲရွဲစိုအောင်အပက်ခံဖို့ပါပဲ။ ဒီလိုရေပက်ကစားကြတဲ့အခါမှာ ကြမ်းတမ်းမှုကို နည်းနည်းလေးမှ ထုတ်ဖေါ်မပြကြပါဘူး။ ညစ်ပတ်တဲ့ရေနဲ့ ဘယ်တော့မှမပက်ကြပါဘူး။ အမျိုးသားအနေနဲ့ အမျိုးသမီးကို ကိုယ်ထိလက်ရောက်ကိုင်တွယ်ခွင့်မရှိပါဘူး။ ဒါပေမဲ့ သူစိတ်ကြေနပ်သလောက် ရေလောင်းခွင့်ရှိပါတယ်။ ဒါတောင်အမျိုးသမီးကစပြီး ရေလောင်းမှသာဖြစ်ပါတယ်။





အမျိုးသမီးတွေကို ဦးစားပေးအလေးထားတဲ့ ခေတ်တုန်းက အမျိုး သမီးတွေကစပြီး ရေလောင်းခွင့်ပြုတယ်ဆိုတာ အခုအခါမှာတော့ ပျောက်ကွယ်သွားပါပြီ။ ဒီကနေ့မှာတော့ ရေအားပြင်းပြင်းထွက်ဖို့ ရေပိုက်တွေမှာ ခေါင်းသေးသေးလေးတွေတပ်ပြီး ပက်ကစားကြတာတွေက ရေပြွတ်တွေ၊ ရေဖလားတွေနဲ့ ပက်ကစားကြတဲ့နေရာတွေမှာ အများကြီးအစားထိုးဝင်ရောက်နေပါပြီ။ သက်ကြီး ရွယ်အို မြန်မာလူကြီးများက သင်္ကြန်ပွဲတော်ကာလမှာ ကြမ်းတမ်းမှုကို နည်းနည်းလေးမှ ထုတ်ဖေါ်မပြရဘူးဆိုတဲ့စကားဟာ လုံးဝမရှိတော့ဘူးဆိုတာကို ဝမ်းနည်းစွာနဲ့ပြောဆိုနေကြပါပြီ။ အထူးသဖြင့် အရက်သောက်ခြင်းဟာ သင်္ကြန်ပွဲနဲ့ အတူပါလာကတည်းကပါပဲ။ အခုခေတ်မှတော့ လမ်းထောင့်တွေမှာ ယာယီမဏ္ဍပ်တွေထိုးပြီး ရေပက်ကစားကြ အဆိုအကတွေနဲ့ ဖျော်ဖြေတင်ဆက်ကြပါပြီ။ ကားတစီးအပြည့်နဲ့ ရေပက်ခံထွက်ကြတဲ့ သူတွေကလည်း တလမ်းဝင်တလမ်းထွက်နဲ့ ရေစိုရွှဲပြီးရင်း စိုရွှဲလာကြသလို မူးပြီးရင်းမူးလာကြပါတော့တယ်။

သင်္ကြန်မှာ ရေပက်ရုံ၊ ပျော်ပါးကြရုံ တင်ရကပါဘူး။ နှစ်သစ်မရောက်ခင် နှစ်ဟောင်းရဲ့နောက်ဆုံးရက်တွေမှာ ကုသိုလ်ကောင်းမှုတွေပြုကြ ယူကြတာတွေလည်းရှိပါတယ်။ တချို့သူတွေက အကြိန်အခါအတွင်းမှာ တရားစခန်းဝင်ပြီး တရားထိုင်ကြ၊ စေတီဘုရားပုထိုး ကျောင်းကန်များကိုသွားပြီး ရှိခိုးပူဇော်ကြ၊ ရှစ်ပါးသီလဆောက်တည်ကြ၊ ငါးလွှတ်၊ ငှက်လွှတ်တာတွေလုပ်ကြ၊ တခြားကုသိုလ်ကောင်းမှုတွေကိုလည်း ပြုလုပ်ကြပါတယ်။ သင်္ကြန်တွင်းမှာသိကြားမင်းဟာ ရွှေရည်နဲ့ဖုံးပြီးချုပ်ထားတဲ့စာအုပ်နဲ့ ခွေးသားရေကို ဖုံးချုပ်ထားတဲ့စာအုပ်နှစ်အုပ်ကိုယူဆောင်ပြီး သူနေထိုင်ရာကောင်းကင်ဘုံကနေ လူ့ဘုံကိုဆင်းလာကာ သင်္ကြန်ကာလအတွင်း လူ့ဘုံမှာနေထိုင်ပြီး လူ့လောကကြီးကိုလေ့လာတယ်လို့ ကလေး သူငယ်တွေကို ပြောပြကြပါတယ်။


ကုသိုလ်ကောင်းမှုလုပ်တဲ့သူတွေရဲ့ နာမည်ကို ရွှေစာအုပ်ထဲမှာရေးမှတ်ထားပြီး မကောင်းမှုလုပ်တဲ့သူတွေရဲ့ နာမည်တွေက ခွေးသားရေနဲ့ချုပ်ထားတဲ့ စာအုပ်ထဲမှာမှတ်ထားတယ်လို့ ပြောကြပါတယ်။ သင်္ကြန်အခါ အတွင်းမှာ အထူး အရေးကြီးတာက ကိုယ်တိုင်လည်းဒေါသမထွက်ရဘူး။ သူများကိုလည်း ဒေါသထွက်အောင်မလုပ်ရပါဘူး။ ဒါကြောင့်ရေအပက်မခံချင်တဲ့သူကို မှားပြီး ရေမပက်မိ ဖို့လိုပါတယ်။





သင်္ကြန်အခါတွင်းမှာ အထူးအစားအစာတွေကလည်းရှိ ပါတယ်။ ခြစ်ပြီးသား အုန်းသီးဖြူဖြူဖွေးဖွေးလေးနဲ့ စားရတဲ့မုန့်လုံးရေပေါ်ကတော့ လူကြိုက်အများဆုံးပါပဲ။ တခါတလေမှာတော့ အပျော်သဘောနဲ့ မုန့်လုံးထဲထန်းလျက်မထည့်ပဲ ငရုတ်သီးစိမ်းထည့်ထားတာတွေရှိပါတယ်။ ကုသိုလ်ကံမကောင်းတဲ့သူ ငရုတ်သီးစိမ်းပါတဲ့ မုန့်လုံးရေပေါ်ကိုက်မိပြီး စပ်လို့အော်တဲ့အခါမှာတော့ အားလုံးဝိုင်းရယ်ကြပါတယ်။ ပူပြင်းတဲ့ရာသီဖြစ်တဲ့အတွက် အုန်းနို့ရေအေးအေးလေးနဲ့ စားရတဲ့မုန့်လက်ဆောင်း၊ သာကူ၊ ကျောက်ကျောနဲ့ တမျိုးချိုအေးမွှေးတဲ့ အစားအစာမျိုးစုံကို ပွဲတော်အတွင်းမှာ ကျွေးမွေးကြပါတယ်။

သင်္ကြန်ပွဲတော်ရဲ့ ရိုးရာအစဉ်အလာတခုဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းကစပြီး ပပျောက်နေပါပြီ။ အဲဒါကတော့ သင်္ကြန်သံချပ်ပါပဲ။ လက်ရှိဖြစ်ပျက်နေတဲ့အကြောင်းအရာတွေကို ရယ်မောဖွယ်ထေ့လုံး၊ ပြက်လုံးလေးတွေနဲ့ ရေးစပ်ပြီးသံပြိုင်သီဆိုပြောဆိုကြတာပဲဖြစ်ပါတယ်။ ဒါဟာ ပြည်သူလူထုကို စိတ်ကျန်းမာအောင်တနှစ်တခါလွှတ်ပေးတဲ့နည်းဖြစ်ပါတယ်။ တနည်းဆိုလို့ရှိရင် အစိုးရအနေနဲ့လည်း သူတို့အပေါ် ပြည်သူတွေရဲ့ သဘောထားဘယ်လိုရှိတယ်ဆိုတာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ပေးပြီး သိအောင်လုပ်တဲ့နည်းပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း နဝတဟာ ဒီလိုဝေဖန်ပြောဆိုတာကိုတောင် မခံနိုင်ရှာပါဘူး။ ၁၉၈၉ ခုနှစ်က သင်္ကြန်မှာ သံချပ်ထိုးခဲ့တဲ့ အနုပညာအသင်းဖွဲ့ ဝင်တွေကို ဖမ်းဆီး ထောင်ချခဲ့ပါတယ်။





ဒေါ်အောင်ဆန်းစုကြည်

ရေး

# မြန်မာပြည်ကလာတဲ့စာ [၂၅]

သင်္ကြန်ပွဲ (၂)

မေလ (၁၃)ရက်နေ့

ဒီနှစ်သင်္ကြန်ပွဲဟာ မြန်မာပြက္ခဒိန်ကုန်ပိုင်းဖြစ်တဲ့ ဧပြီလ ၁၂ ရက်နေ့မှာ စတင်ကျင်းပခဲ့ပါတယ်။ အန်န်အယ်လ်ဒီလည်း ဧပြီလ ၁၄ ရက်နေ့မှာ ပြုလုပ်ဖို့ စီစဉ်ထားတဲ့အတိုင်း လုပ်ဆောင်စရာရှိတာတွေ၊ ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်ကြပါတယ်။ ကျမတို့တတွေလည်း အတာအိုးတွေပြင်ဆင်ကြပါတယ်။ မြေနဲ့ပြုလုပ်ထားတဲ့ အတာအိုးတွေ၊ ပန်းတွေ၊ လိုအပ်တဲ့ အရွက်အခက်အလက်တွေကို ထည့် တာဟာ သင်္ကြန်ကာလမှာဆင်းလာမဲ့ သိကြားမင်းကို ကြိုဆိုဖို့အတွက် ရည်ရွယ် တာဖြစ်ပါတယ်။ တခြားသူတွေက ဒါကို မကောင်းတဲ့အကုသိုလ်ကံကို ဖယ်ရှားဖို့အတွက်လည်း ယူဆကြပါတယ်။ ဒီသင်္ကြန်အတက်နေ့မှာ မွေးဖွားတဲ့ သူတွေဟာ လာမဲ့နှစ်မှာ ကံမ ကောင်းဘူးလို့ တချို့လူတွေကယူဆကြပါတယ်။ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ်နေအိမ်ရဲ့သင့်တော်တဲ့ နေရာတနေရာမှာ အတာအိုးကိုမြင်တွေ့ရတာနဲ့ သင်္ကြန်ပွဲအတွက်ပြင်ဆင်ထားပြီဆိုကို တွေ့မြင်နိုင်ပါတယ်။ သင်္ကြန်ရေသဘင်ပွဲနဲ့ တွဲဖက်နေတဲ့ပန်းကတော့ ပိတောက်ပါပဲ။ အဝါရောင်တောက်တောက်နဲ့ ချစ်စဖွယ်ပိတောက်ပန်းဟာ အနံ့ကလဲခပ်သင်းသင်းလေးပါပဲ။ ပိတောက်ဟာ မိုးကလေးတပြိုက်လောက်ရွာမှ ပွင့်လေ့ပွင့်ထ





ရှိပါတယ်။ ဒါပေမဲ့ ဧပြီလ ဒုတိယပတ်ဟာ ခြောက်သွေ့နေဆဲပဲဆိုတော့ ကျမတို့တတွေ ဟာ ဒီနှစ်သင်္ကြန်ပွဲမှာ ရွှေရည်လူးတဲ့ ပိတောက်ဝါတွေ မမြင်မတွေ့ရတော့ဘူး လို့ တွက်ဆလိုက်ပါတယ်။ ဒါပေမဲ့လည်း အန်နီအယ်လ်ဒီရဲ့ သင်္ကြန်ရေသဘင်ပွဲ ကျင်းပတဲ့နေ့မှာတော့ တချို့လူတွေ ပိတောက်ပန်းယူလာတဲ့အတွက် ကျမရဲ့ခေါင်းမှာ ရနံ့မွှေးကြိုင်လှတဲ့ ပိတောက်ပန်းလေးတွေကို ပန်ဆင်ခွင့်ရခဲ့ပါတယ်။

မြန်မာပြည်ရဲ့ အနောက်ဖက်ကမ်းရိုးတန်းဒေသဖြစ်တဲ့ ရခိုင်မှာတော့ သင်္ကြန်ပွဲကို ထူးထူးခြားခြား ယဉ်ကျေးသိမ်မွေ့စွာနဲ့ ကျင်းပပါတယ်။ ဒါကြောင့်လည်းပဲ ကျမတို့ဟာ သူတို့ရဲ့လုပတဲ့ သင်္ကြန်ရိုးရာအတိုင်း မကျင်းပနိုင်ပေမဲ့လည်း သူတို့ရေပက်သလိုတန်းစီပြီး အပြန်အလှန်ရေပက်ကြတဲ့ ပုံစံမျိုးပြုလုပ်ခဲ့ပါတယ်။ သစ်သားလှေအရှည်ကြီးသုံးစင်းထဲမှာ ရေအပြည့်ထည့်၊ အမျိုးသမီးငယ်တွေက လှေအနောက်ဖက်မှာ ဖလားကိုယ်စီကိုင်ပြီး သူတို့ရဲ့မျက်နှာချင်းဆိုင်ဝါးတန်း အနောက်မှာ တန်းစီစောင့်ဆိုင်းနေတဲ့ အမျိုးသားငယ်တွေကို ရေပက်ကြပါတယ်။ ကိုယ်ရေပြန်ပက်ရတဲ့ အလှည့်ရောက်တော့ အမျိုးသားငယ်တွေက သူတို့ကိုပေးတားတဲ့ ရေခွက်ငယ်လေးတွေနဲ့ပဲ သူတို့ကိုရေပက်တဲ့ အမျိုးသမီးလေးတွေကို အမိအရပြန်ပက်ဖို့ ကြိုးစားကြပါတယ်။

အမှန်မှာတော့ ဒီလိုရေပက်ခြင်းဟာ အမျိုးသမီးတွေကို ဦးစားပေးတာမျိုးဖြစ်ပြီး သူတို့တတွေရေပြန်အပက်ခံရတဲ့အခါမှာ ကြမ်းကြမ်းတမ်းတမ်းမဟုတ်ဘဲ ပျော့ပြောင်းနူးညံ့စွာအပက်ခံရတဲ့အတွက် ရည်ရွယ်တာဖြစ်ပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ခေါင်းကိုငုံလိုက်တာတို့ မျက်နှာလွှဲလိုက်တာတို့ မျက်နှာကိုကာကွယ်လိုက်တာတို့ကို လုပ်လိုက်လို့ရှိရင်တော့ အရှုံးပေးရပြီဖြစ်ပါတယ်။ အမျိုးသားငယ်တွေဆိုရင် သူတို့ရေပြန်ပက်ဖို့အတွက် ရှိတဲ့ခွက်နဲ့ ရေစုဖို့မလွယ်တာတောင်မှ ဒီလိုအရှုံးပေးရတာမျိုး တော်တော့်ကိုနည်းပါတယ်။ ဒီလိုအပြန်အလှန်ရေပက်ကြတဲ့ပွဲဟာ တမိနစ်ပဲကြာပါတယ်။ ရေလုံးဝမပက်လိုက်ရတဲ့သူကတော့ နောက်တပွဲ အတွက်တန်းစီနိုင်ပါတယ်။ နေ့လည်ဘက် အပူဆုံးအချိန်မှာ ရေပက်တာခဏနားတာကလွဲပြီး ကျန်တဲ့တချိန်လုံးလှေနားကမခွာဘဲ မနားတမ်းရေပက်ကြတဲ့သူတွေ အများကြီးပါပဲ။

ရေပက်ကစားနေတာနဲ့ ကချိန်တည်းမှာပဲ အဆိုအကတွေနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေလည်း ရှိပါတယ်။ ရေကစားတဲ့သူတွေ ခဏတဖြုတ် ထိုင်ရင်း





နားရင်း ရေစိုရွှဲနေတာကို ခဏအခြောက်ခံရင်း ကြည့်ကြပါတယ်။ အကတွေတော်တော်များများဟာ အပျော်တမ်းဝါသနာရှင်တွေ ကပြကြတာဖြစ်ပါတယ်။ ကသောကမျောနဲ့ ဇတ်တိုက်အစမ်းလေ့ကျင့်ရတဲ့အတွက် အကတွေဟာ ညီညီညာညာရှိလှတယ် မဟုတ်ပါဘူး၊ ဒါပေမဲ့ အခြေအနေအချိန်အခါပေါ် မူတည်ပြီး နားလည်တတ်တဲ့စိတ်ဓါတ်မျိုးရှိတဲ့ ပရိသတ်ကစိတ်ကြေနပ်ဖွယ်ရာမရှိတဲ့ အမှားအယွင်းတွေကို လုံးဝလျစ်လျူရှုခွင့်ပြုပြီး ပျော်ရွှင်ကြေနပ်တဲ့စိတ်မျိုးထားပြီး အားပေးကြပါတယ်။

ကျမတို့ပြုလုပ်တဲ့ သင်္ကြန်ပွဲရဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံရေး အကျဉ်းသားတွေအတွက် ရံပုံငွေရှာဖို့ပဲ ဖြစ်ပါတယ်။ ဒီပွဲမှာ အန်နီအယ်လ် ဒီအထိမ်းအမှတ် ပစ္စည်းလေးတွေရောင်းတဲ့ဆိုင်၊ လက်ဖက်ရည်ကော်ဖီဆိုင်၊ လက်ဖက်သုတ်၊ ဂျင်းသုတ်ဆိုင်နဲ့ ဗမာထမင်းဟင်းတွေကို စျေးသက်သက်သာသာနဲ့ ရောင်းတဲ့ ဆိုင်တွေ ဖွင့်လှစ်ရောင်းချခဲ့ပါတယ်။

ဗမာထမင်းဟင်းကတော့ ဂျပန်လူမျိုးတွေပြောပြောနေကြတဲ့ Kare Raisu မျိုးဖြစ်ပေမဲ့လည်း ကျမ တို့ရဲ့ ဟင်းကတော့ Kareနဲ့ လုံးဝခြားနားပါတယ်။ သင်္ကြန်အခါရက်အတွင်းမှာ တချို့သူတွေဟာ ကုသိုလ်ယူတဲ့အနေနဲ့ အသက်သတ်လွတ်စားတာတွေရှိတဲ့အတွက် အသက်သတ်လွတ်ဟင်းတွေလည်း ရောင်းပါတယ်။ ဖလားတွေ၊ ပုံးတွေ၊ ရေပြွတ်တွေနဲ့ ပျော်ပျော်ပါးပါးအားရပါးရ ရေပက်ကစားကြလို့ တကိုယ်လုံးက ရေစိုရွှဲနေ၊ အပူချိန်ကလည်း ၉၀ ဒီဂရီကျော်နေတော့ လူတွေလည်းဗိုက်ဆာနေကြပါတယ်။ ဒါကြောင့် ကျမတို့ရဲ့ အစားသောက်ရောင်းတဲ့ဆိုင်တွေလည်း လက်မလည်အောင်ရောင်းရပြီး အားလုံးစောစောစီးစီးပဲ ကုန်သွားပါတော့တယ်။

ကျမတို့လူမျိုးတွေရဲ့ ချစ်စရာကောင်းတဲ့ ဓလေ့ထုံးစံတခုကတော့ စတုဒီသာကျွေးခြင်းပါပဲ။ ပါဠိစကား လုံးဖြစ်တဲ့ စတုဒီသာရဲ့ အဓိပ္ပါယ်ကတော့ အရပ်လေးမျက်နှာလို့ အဓိပ္ပါယ်ရပါတယ်။ အရပ်လေးမျက်နှာကလာကြတဲ့ သူအားလုံးကို အစားအသောက်တွေ အခမဲ့ကျွေးမွေးတာကို စတုဒီသာကျွေးတယ်လို့ ခေါ်ပါတယ်။ ကျမတို့ရဲ့သင်္ကြန်မှာ ရန်ကုန်တိုင်းမှာရှိတဲ့ မြို့နယ်ပေါင်းများစွာက အန်နီအယ်လ်ဒီအဖွဲ့ဝင်တွေဟာ ရာသီနဲ့ကိုက်ညီတဲ့ အချိုအအေးစတာတွေကို စတုဒီသာအဖြစ်တိုက်ကြပါတယ်။ စတုဒီသာကျွေးတဲ့မဏ္ဍပ်မှာ ရှိသမျှလူတွေရဲ့ မျက်နှာတွေကိုကြည့်ရတာ အင်မတန်ကြည်နူးဖို့ကောင်းပါတယ်။ သူ





တို့တတွေရဲ့မျက်နှာတွေဟာ ပျော်ရွှင်ကျေနပ်အားရမှုကို ဖေါ်ပြနေကြပါတယ်။ စတုဒီသာကျွေးခြင်းဟာ တိုက်ကျွေးတဲ့သူတွေရဲ့စိတ်ကိုကြည်နူးပြီး ကုသိုလ်အကျိုးထူးတွေရရုံမက စားသုံးသူတွေကလည်း ကုသိုလ်လိုချင်တဲ့သူတွေကုသိုလ်ရဖို့ ဖြည့်ဆည်းပေးရတဲ့အတွက် အလွန်ကြည်နူးစိတ်ဖြစ်မှာပဲလို့လည်း ကျမတို့ယုံကြည်ပါတယ်။ ဒါတင်မကပါဘူး၊ သင်္ကြန်အခါအတွင်းမှာ စတုဒီသာကျွေးမွေးခြင်းဟာ လာမဲ့နှစ်သစ်မှာ ကျန်းမာစေဖို့လို့ ယူဆကြပါတယ်။





*မြန်မာနိုင်ငံ ဒီမိုကရေစီတိုက်ပွဲကဲ့သို့ စိတ်ဓါတ်ကိုအရင်းခံသော နိုင်ငံရေးတိုက်ပွဲ၌ အလွန်အရေးကြီးသည့်စိတ်ဓါတ်မျိုးကို 'ကတ်ပ်လင်း'ကပင် 'အကယ်၍'(IF) ဟူသော ကဗျာ၌ ဖော်ပြထားရာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လူငယ်)၏ စည်းရုံးရေးတာဝန်ခံများ စည်းရုံးရေးမဆင်းမီ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၄ ရက်နေ့၌ နှုတ်ဆက်ပွဲတွင် မိန့်ခွန်းပြောကြားရင်း ယင်းကဗျာအား ထည့်သွင်းဖတ်ကြားသွားသဖြင့် ထိုကဗျာကို ပြန်လည်ဖေါ်ပြအပ်ပါသည်။*

# အကယ်၍ (IF)

အကယ်၍
မင်းအသိုင်းအဝိုင်းက တုန်လှုပ်ချောက်ခြားပြီး
ဒါတွေဟာ မင်းကြောင့်လို့ ဝိုင်းဝန်းပြစ်တင်ကြတဲ့အခါ
မင်းဟာ ခေါင်းအေးအေးနဲ့ ရင်ဆိုင်မယ်ဆိုရင်...

အကယ်၍
အားလုံးကမင်းကို မယုံသင်္ကာဖြစ်လာတဲ့အခါ
သူတို့ကိုနားလည်စွာခွင့်လွှတ်ရင်းနဲ့
မင်းကိုမင်းယုံကြည်မှုအပြည့်ရှိမယ်ဆိုရင်...

အကယ်၍
စောင့်သင့်တဲ့အချိန်ကိုစောင့်ပြီး
အဲဒီအတွက်လည်း မမောမပန်းနေနိုင်မယ်ဆိုရင်...

ဒါမှမဟုတ်
မင်းရဲ့အကြောင်း မဟုတ်တရားမုသားစကားကြားရတဲ့အခါ
မင်းကလည်း အလိမ်အညာတွေနဲ့ မတုန့်ပြန်ဘူးဆိုရင်...

ဒါမှမဟုတ်
မင်းကိုလူတကာက ဝိုင်းဝန်းမုန်းတီးတဲ့အခါ
မင်းဟာ အမုန်းတွေပြန်မပွားဘူးဆိုရင်...

ပြီးတော့
မင်းကိုယ်မင်းလူတော်တယောက်လို့မမြင်ပဲ
ပညာရှိစကားတွေလည်းမပြောဘူးဆိုရင်...

အကယ်၍
စိတ်ကူးယဉ်အိပ်မက်တွေဟာ
မင်းအပေါ်မလွှမ်းမိုးစေပဲ စိတ်ကူးနိုင်မယ်ဆိုရင်...

ပြီးတော့
အတွေးအခေါ်စိတ်ကူးတွေဟာ
မျှော်မှန်းချက်သက်သက်သာမဖြစ်ဘဲ တွေးခေါ်နိုင်မယ်ဆိုရင်...

အကယ်၍
အောင်မြင်မှုသုခနဲ့ ဆုံးရှုံးမှုဒုက္ခတွေကို ကြုံတွေ့ရတဲ့အခါ
တူညီသောလောကဓံတရားတွေပါလားရယ်လို့
ခံယူနိုင်မယ်ဆိုရင်...

အကယ်၍
မင်းရဲ့အမှန်တရားတွေကို
လူလိမ်လူညစ်တွေက လှည့်စားပြောင်းလဲပြီး
မုသားအဖြစ်ထောင်ချောက်ဆင်ညစ်တဲ့အခါ
မင်းဟာ တည်ငြိမ်စွာနဲ့ နားကြားနိုင်မယ်ဆိုရင်...

ဒါမှမဟုတ်
မင်းဘဝတခုလုံးပေးပြီး



အရိုင်တကြည့်ကြည့်နဲ့ ဖြည့်ဆည်းခဲ့ရတဲ့အရာရာကို
ဖျက်ဆီးခံလိုက်ရပြီးတဲ့နောက်မှာ
အင်မတန်မှသေးငယ်တဲ့ တန်ဆာပလာအရာရာနဲ့
ပြန်လည်တည်ဆောက်နိုင်မယ်ဆိုရင်...

အကယ်၍
မင်းနိုင်ခဲ့သမျှတွေအားလုံးဟာ
ကြွေတလှည့် ကြက်တခုန်ပမာ
တလှည့်တခါတည်းနဲ့ ဆုံးရှုံးသွားခဲ့ရင်...

ပြီးတော့
အစကနေပြန်စနိုင်မယ်ဆိုရင်...

ပြီးတော့တခါ
ဆိုးလှတဲ့ကြမ္မာရယ်လို့
ဘယ်သောအခါမှညည်းညူမနေဘူးဆိုရင်...

အကယ်၍
သူများတကာလုပ်ပြီးသွားကြလို့ အချိန်အတော်ကြာမှ
မင်းအလှည့်ရောက်လာတဲ့အခါ
မင်းတယောက်တည်းနဲ့ပဲ
အားနဲ့ မာန်နဲ့ ဇွဲသတ္တိရှိရှိ ဆက်ကြိုးစားနိုင်မယ်ဆိုရင်...

အဲဒီလိုပဲ
မင်းမှာစိတ်အင်အားကလွဲလို့
ဘာဆိုဘာမှမရှိတော့တဲ့အခါ
အဲဒီစိတ်ဓါတ်အင်အားကို ခိုင်မာစွာနဲ့ပဲ
ဆက်လက်ဆုပ်ကိုင်ထားနိုင်မယ်ဆိုရင်...

အကယ်၍
လူတွေနဲ့ထိတွေ့ပြောဆိုဆက်ဆံတဲ့အခါ
ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းနိုင်မယ်ဆိုရင်...

ဒါမှမဟုတ်
မင်းဟာဘုရင်တွေနဲ့အတူ လမ်းလျှောက်နေရပေမယ့်
မာန်မာန သွေးမကြွဘူးဆိုရင်...

အကယ်၍
ရန်သူကဖြစ်စေ မိတ်ဆွေကဖြစ်စေ
မင်းကိုသိပ်ပြီးနာကျည်းအောင် မလုပ်နိုင်စေရင်...

အကယ်၍
လူတိုင်းကိုတန်ဘိုးထား လေးစားရပေမယ့်
စွဲလမ်းမှုသံယောဇဉ်တွေ ထားမနေဘူးဆိုရင်...

အကယ်၍
တိုတောင်းလှတဲ့ မပစ်ပယ်နိုင်တဲ့ တမိနစ်အတွင်းမှာ
အဓိပ္ပါယ်ရှိလှတဲ့ စက္ကန့်ခြောက်ဆယ်အဖြစ်
အသုံးချနိုင်မယ်ဆိုရင်...

ငါ့သားရေ
မင်းဟာ အရာရာရှိတဲ့ အရာရာဖြစ်တဲ့
ကမ္ဘာကြီးကိုဆုပ်ကိုင်လို့
အရာရာဘာမဆိုမင်းစွမ်းနိုင်ပြီပေါ့...
အဲဒီတော့ မင်းဟာလဲ
ယောကျ်ားကောင်းတယောက်ပဲပေါ့...